BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၈) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက် မြန်မာသက္ကရာဇ် (၁၃၆၇) ( ၁၅–၁–၉၉ ) ရက်နေ့တွင် စတင်တည်ထောင်သည်။

## ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်အားနိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးမှုမှကာကွယ်ရန် အကြောင်းပြ၍ အကျယ်ချုပ် (၆) လထပ်တိုး

နိုဝင်ဘာ (၂၇) ရက် ၊ နံနက် (၉) နာရီ (၄၅) မိနစ်ခန့်တွင် ရဲကားတစီးသည် ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း၊ အိမ်အမှတ် (၅၄)သို့ မောင်းနှင်ဝင်ရောက်သွားပြီး မိနစ် (၂၀) ခန့်အကြာတွင် ပြန်ထွက်သွားသည်ကိုတွေ့ရှိခဲ့ရသည်ဟု ရန်ကုန်အခြေစိုက် အေပီသတင်းထောက်ကဆိုသည်၊ ထိုနေ့က တက္ကသိုလ်ရိပ်သာလမ်းကို နံနက် (၈) နာရီခွဲမှ (၁၀) နာရီခွဲခန့်ထိ အသွားအလာပိတ်ထားခဲ့ပြီး ခြံအမှတ် (၅၄) ရှေ့တွင်လည်း အရပ်ဝတ်ထောက်လှမ်းရေး (၂၀) ဦးခန့်ရှိနေသည်ဟုသိရသည်။



ယမန်နှစ်က ယခုလိုအချိန်တွင် ရဲကားတစီးသည် ယခုကဲ့သို့ပင်ဝင်ရောက်သွားပြီး ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၁၀–ခ)နှင့် အကျယ်ချုပ် တနှစ်တိုးသည်ဟု အမိန့်စာဖတ်ကြားပြခဲ့သလို ယခုနှစ်လည်း ယခင်နှစ်ကကဲ့သို့ ပင်အကျယ်ချုပ် တနှစ်ထပ်တိုးကြောင်း ဖတ်ကြားပြခြင်းဖြစ်မည်ဟု သတင်းထောက်ကဆိုသည်။

ဒီဇင်ဘာ (၃) ရက်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်သက်တမ်းကို နောက်ထပ် (၆) လ တိုးလိုက်ကြောင်းအတည်ပြုပြောကြားခဲ့သည်။

ယခုကဲ့သို့ အကျယ်ချုပ်သက်တမ်းထပ်မံတိုးလိုက်ခြင်းကို ဆိုဗီယက်သမတဟောင်း မီခေးလ်ဂေါ်ဘာချက် အပါအဝင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် (၆) ဦး တို့က ပြင်းပြင်းထန်ထန်ဝေဖန်လိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် လက်မှတ်ရေးထိုးတောင်းဆိုကြသည်၊ နိုဝင်ဘာ (၂၃) ရက်နေ့မှ (၂၆) ရက် အထိ ရောမမြို့၌ ကျင်းပနေသော နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များတွေ့ဆုံ ဆွေးနွေးပွဲကိုတာဝန် ယူကျင်းပပေးသော (Point of Peace and Noble Peace Laureates) အဖွဲ့မှ တာဝန်ခံရှူးနဲ့က “ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်ရေးနဲ့ မြန်မာကိစ္စကို လုံခြုံရေးကောင်စီအဆင့်အထိ တင်သွင်းရေးကိစ္စတွေမှာ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်တွေက ဦးဆောင်ပြီးလုပ်ဖို့ ကျနော်တို့တိုက်တွန်းနေပါတယ်။

ဒီကိစ္စကို လုံခြုံရေးကောင်စီမှာအမြန်ဆုံး ဆုံးဖြတ်ချက်ကျဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ အခုထိ အကျဉ်းကျခံနေရဆဲဖြစ်တဲ့ တဦးထဲသော နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဖြစ်နေလို့ပါပဲ” ဟု ဒီဗွီဘီသတင်းဌာနအားပြောသည်။

မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီ အစ္စမေးလ်ကလည်း မိမိအနေနှင့်အထူးစိတ်ပျက်မိပါကြောင်း၊ ကုလသမဂ္ဂ၏ မြန်မာ့အရေးနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုများမှာ မကြာမီအကောင်အထည်ပေါ်လာတော့မည်ဖြစ်ကြောင်း သတင်းထောက်များကိုပြောကြားသည်။ အမေရိကန်နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ် ဂျွန်မက်ကောမက်က “ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ် အကျယ်ချုပ်သက်တမ်းတိုးလိုက်ခြင်းသည် မြန်မာစစ်ခေါင်းဆောင်များ၏ လမ်းမှားသို့ ထပ်လှမ်းလိုက်သော နောက်ထပ်ခြေလှမ်းတလှမ်းဖြစ်သည်”ဟု ပြောသည်။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း စစ်အစိုးရ၏ဆုံးဖြတ်ချက်ကို သူ့အနေဖြင့် လွန်စွာစိတ်ပျက်မိကြောင်း၊ ယခုလိုထိန်းသိမ်းထားခြင်းသည် မြန်မာပြည်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် အကျိုးမရှိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နအဖစစ်တပ်၏ လက်ဝေခံများက ဒေါ်အောင်ဆန်းစုကြည်ကို (၂၀၀၃)၊ မေ (၃၀)တွင် ဒီပဲယင်းမြို့နယ်၊ ကျည်ရွာအနီး၌ အကြမ်းဖက်ပြီး လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားခဲ့သည်။ မအောင်မြင်သော ထိုလုပ်ကြံမှုအပြီး ဒေါ်အောင်ဆန်းစုကြည်အား အမည်မသိသည့် ဒေသတခုတွင် ထိန်းသိမ်းထားခဲ့သည်။ ထို့နောက် (၂၀၀၃) နိုဝင်ဘာ (၂၇) ရက်နေ့တွင် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၁၀–ခ) နှင့် နေအိမ်အကျယ်ချုပ်ချထားခဲ့ပြီး၊ (၂၀၀၄) နိုဝင်ဘာ (၂၇) ရက်နေ့တွင် ပုဒ်မ

စာမျက်နှာ (၆) ကော်လံ (၄) သို့...

## ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဘော်လ်တန်၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ ပေးစာ

နိုဝင်ဘာ ၂၉၊ ၂၀၀၅။

သို့
ဂုဏ်သရေရှိလူကြီးမင်း
မစ္စတာအန်ဒရေအိုင်ဒင်နီဆော့ဗ်၊
ဥက္ကဋ္ဌ၊
ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊
နယူးယောက်မြို့။

ဂုဏ်သရေရှိလူကြီးမင်းခင်ဗျား....

အမေရိကန်ပြည်ထောင်စုနှင့် အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် မြန်မာနိုင်ငံမှ ယိုယွင်းပျက်စီးနေသောအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိပါသည်။ မူးယစ်ဆေးဝါးများစီးထွက်နေခြင်းသည် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကဲ့သို့သော ရောဂါများပြန့်ပွားမှုကိုလည်းကောင်း၊ နိုင်ငံတကာကို မငြိမ်မသက်ဖြစ်စေနိုင်စရာရှိသည့် နိုင်ငံလွန်ရာဇဝတ်မှုကိုလည်းကောင်း အားပေးအားမြှောက်ပြု နေပါသည်။

အာဏာရှင်အစိုးရ၏ လုပ်ရပ်များမှ နိုင်ငံတကာလုံခြုံရေးအကျိုးဆက်များဖြစ်လာနိုင်သောကြောင့် လူ့အခွင့်အရေးအခြေအနေသည် စိုးရိမ်ဖွယ်ကောင်းလှပါသည်။ အစိုးရသည် ကျေးရွာများကိုဖျက်ဆီး၊ တိုင်းရင်းသားလူနည်းစုများကိုပစ်မှတ်ထားကာ အဓမ္မအိုးအိမ်ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့သဖြင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခ သည်များရော၊ အပြည်ပြည်ဆိုင်ရာနယ်စပ်ဖြတ်ကျော်ဒုက္ခသည်များကိုပါ အရေအတွက်မြောက်မြားစွာပေါ်ပေါက်စေခဲ့ပါသည်။

မြန်မာအာဏာပိုင်များသည် နျူကလီးယားအင်အားအစွမ်းအစရရှိရေးအတွက်ကြိုးပမ်းနေကြောင်း စာနယ်ဇင်းသတင်းများထွက်ပေါ်နေပါသည်။ ထိုအစွမ်းအစရရှိရန်အတွက်၊ မြန်မာပြည်သူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်းသင့်သည့် ရှားပါးလှသောရင်းမြစ်များကို လွှဲယူအသုံးချနေပါသည်။

နောက်ဆုံးအားဖြင့်ပြောရလျှင် စစ်အစိုးရက နိုင်ငံရေးအတိုက်အခံများကိုဖိနှိပ်နေကာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကိုဖော်ဆောင်ဖို့ ပျက်ကွက်နေခြင်းသည် စစ်အစိုးရအနေဖြင့် မိမိနိုင်ငံသားတို့၏ဆန္ဒကိုလျစ်လျူရှုကာ အာဏာကိုဆက်လက်ထိန်းသိမ်းထားမည့် အာဏာရှင်အစိုးရ၏ ရည်ရွယ်ချက်ကိုပြနေပါသည်။

စစ်အစိုးရသည် နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ကျော်ကို ဆက်လက်ထိန်းသိမ်းထားပြီး ဒီမိုကရေစီလိုလားသောခေါင်းဆောင် အောင်ဆန်းစုကြည်၏ ထိန်းသိမ်းကာလကို မကြာသေးမီကပင်ထပ်တိုးလိုက်သည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် အတွင်းရေးမှူးရုံးမှ အဆင့်မြင့်အရာရှိတယောက်ကို မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအားတရားဝင်ရှင်းလင်းချပြဆွေးနွေးပေးရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဂျွန်အာရ်ဘော်လ်တန်
ကုလသမဂ္ဂဆိုင်ရာအမေရိကန်ပြည်ထောင်စုအမြဲတမ်းကိုယ်စားလှယ်

❖

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### ဗိုလ်ချုပ်အောင်ဆန်းတပ်မတော်ဖြစ်စေဖို့....

မြန်မာပြည်၏ ထူးခြားသောနိုင်ငံရေးအလှည့်အပြောင်းတရပ်သည် သက္ကရာဇ် (၂၀၀၆) ခုနှစ်အတွင်း ထူးထူးခြားခြားဖြစ်ထွန်းလာနိုင်သည်ဟု နိုင်ငံရေးသမားအများစုက ခန့်မှန်းပြောဆိုနေကြသည်။ ယင်းထူးခြားသော အလှည့်အပြောင်းကို ဖြစ်ထွန်းနိုင်စေသော သက်ဆိုင်သည့်အင်အားစုများအနက် လက်ရှိ မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍသည် အထူးအရေးပါလှသည်ကိုမည်သူ မျှငြင်းပယ်၍ မရနိုင်ပေ။

ဤကဲ့သို့ အရေးပါလှသည့် မြန်မာ့တပ်မတော်၏ အခြေအနေကို ပကတိ အနေအထားများအပေါ်မူတည်၍ ဆန်းစစ်ကြည့်ရန်လိုအပ်လာသည်။ အတိတ်ကာလတွင် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ (ဘီအိုင်အေ) ကိုဖွဲ့စည်းရာ၌ မျိုးချစ်ပြည်ချစ်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ (ဘီအိုင်အေ)၏ အမှားအယွင်းများ ရှိခဲ့သည်ကို ပြုပြင်၍ လွတ်လပ်ရေးရပြီးခေတ်တွင် ပြည်သူ ယုံကြည်ကိုးစားသော တပ်မတော်အဖြစ် အသွင်ကူးပြောင်းလာခဲ့သည်။ သို့သော်....

အုပ်စိုးသူ အဆက်ဆက်၏ မှားယွင်းသောပြည်တွင်းစစ် ပေါ်လစီကြောင့် တပ်မတော်၏ ပြည်ချစ်စိတ်ဓာတ်မှေးမှိန်ခဲ့ရသည်။ တပ်မတော် အတွင်း၌လည်း တပ်မတော်အား ခုတုံးလုပ်၍ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လိုသူ စစ်အာဏာရှင်များ တစထက်တစနေရာရလာခဲ့သည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်း တပ်မတော်အာဏာကိုချုပ်ကိုင်ထားသူများက တပ်မတော်ကိုအသုံးချ၍ ပြည်သူလူထုဆန္ဒကို မျက်ကွယ်ပြုခဲ့သည်။ သို့သော် တပ်မတော်အတွင်းရှိ မြောက်များလှစွာသော တပ်မတော်သားတို့၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကိုကား မဟန့်တားနိုင်ခဲ့။ ပြည်သူ့ဘက်ကရပ်တည်သော တပ်မတော်ဖြစ်သည်ဆိုသည်ကို အခွင့်ကြုံသည်နှင့် တပ်မတော်သားတို့က သက်သေပြခဲ့သည်၊ (၁၉၉၀) ပြည့်ရွေးကောက်ပွဲအတွင်း တပ်မတော်သားအများစုက ဗိုလ်ချုပ်သမီး၏ပါတီဖြစ်သော အဲန်အယ်လ်ဒီအား စုပြုံမဲပေးခဲ့ခြင်းက ဤအချက်ကို သက်သေပြလျက်ရှိသည်။

မိတ္ထီလာ၊ မင်္ဂလာဒုံ မေမြို့စသည့် စသည့် တပ်မြို့များတွင် တပ်မတော်သားတို့က စစ်အာဏာရှင် စနစ်ကိုမလိုချင်တော့၊ ဒီမိုကရေစီစနစ် ကိုထူထောင်ပါဟု တောင်းဆိုမည့်အဓိပ္ပါယ်သက်ရောက်သော ခမောက်မဲပုံးကို စုပြုံမဲပေးခဲ့ခြင်းက လက်ရှိတပ်မတော်သည် ဗိုလ်နေဝင်းတပ်မတော်မဟုတ်၊ ဗိုလ်အောင်ဆန်းတပ်မတော်ဖြစ်သည်ဟူသောအချက်ကို ပြည်သူသို့ အခိုင်အမာအချက်ပေးတပ်လှန့်ခဲ့ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်စေသည်။ တပ်မတော်သားတို့သည် အမျိုးသားအကျိုး စီးပွားအတွက်လိုအပ်လာလျှင် ပြည်သူနှင့် တသားတည်းရှိသည်ဟူသော အချက်ပြမှုလည်းဖြစ်သည်။ စစ်ဗိုလ်ချုပ်တစုအားလည်း ကြီးမားသည့်စိန်ခေါ်မှုပင်ဖြစ်သည်။

ယနေ့ကာလ တပ်မတော်သားများသည် လက်တဆုပ်စာ စစ်အာဏာရှင်ဗိုလ်ချုပ်များ၏ ဖိနှိပ်ညှင်းပမ်းမှုကို သာမန်ပြည်သူတို့နည်းတူခံစားနေရသောဘဝတူများဖြစ်သည်။ ဘဝလုံခြုံမှုနှင့် အနာဂတ်အလားအလာများ ပျက်စီးလျက်ရှိသည်။ သို့ဖြစ်၍ ဒီမိုကရေစီအင်အားစုများ၏ ရန်ဘက်မဟုတ်၊ မိတ်ဖက်အင်အားစုများဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအပါအဝင် ဖိနှိပ်ခံပြည်သူများနှင့်ပူးပေါင်း၍ စစ်တပ်အာဏာကို ချုပ်ကိုင်ထားသူလူတစုကို ဖယ်ရှားပစ်ရေးတွင် အမာခံအင်အားစုဖြစ်သည်။

ဤကဲ့သို့ မြန်မာနိုင်ငံရေး အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်သည့် အချိန်ကာလတွင် စစ်အာဏာရှင်လက်တဆုပ်စာ ဗိုလ်ချုပ်များကိုသာ ဘုံရန်သူအဖြစ်သတ်မှတ်၍ ကျန်တပ်မတော်သားအားလုံးအား ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်သော၊ ခေတ်မှီသော တပ်မတော် ပြည်သူချစ်သောတပ်မတော်တရပ်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ၊ တိုင်းပြုပြည်ပြုခေါင်းဆောင်များအတွက် မဖြစ်မနေ လက်တွေ့လုပ်ဆောင်ရမည့် အရေးပါလှသောလုပ်ငန်းစဉ်ဖြစ်ပါကြောင်း တင်ပြရပေသည်။

❖

## ညောင်နှစ်ပင်ညီလာခံ အယုံအကြည်မရှိ တိုင်းရင်းသားပါတီ (၁၁) ပါတီ ပူးတွဲကြေညာချက်ထုတ်ပြန်



နိုဝင်ဘာ (၂၉) ရက်နေ့က တိုင်းရင်းသားပါတီ (၁၁) ပါတီစုပေါင်းပြီး ကြေညာချက်တရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

ဒီဇင်ဘာ (၅) ရက်၌ ပြန်လည်ကျင်းပမည့် စစ်အစိုးရ၏ ညောင်နှစ်ပင်ညီလာခံကို အယုံအကြည်မရှိကြောင်း ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကယားပြည်နယ်လူမျိုးပေါင်းစုံအဖွဲ့ချုပ်၊ ကရင်ပြည်နယ် ကွန်ဂရက်၊ ကချင်ပြည်နယ် ကွန်ဂရက်၊ ကယန်းပြည်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ပါတီ တို့စုပေါင်းပြီး ကြေညာချက်ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

ကြေညာချက်တွင် နအဖ ညောင်နှစ်ပင်ညီလာခံကို အယုံအကြည်မရှိကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းခေါင်းဆောင်များကို အမြန်ဆုံးပြန်လွှတ်ရန်၊ တောင်းဆိုထားသည်။ ရှမ်းခေါင်းဆောင်များကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ပြီး နယ်စွန်နယ်ဖျားအကျဉ်းထောင်များသို့ ပို့ဆောင်အကျဉ်းချထားခြင်းများကို အထူးတုန်လှုပ်စိုးရိမ်မိကြောင်းဖော်ပြထားသည်။

ဒီဇင်ဘာ (၅) ရက်တွင် ပြန်စတင်မည့် ညီလာခံကိုမတက်ရောက်ခြင်းနှင့် ပတ်သက်၍ ဇိုမီးအမျိုးသားကွန်ဂရက်မှ ဦးကျင့်ရှင်းထန်က "အစကတည်းက ပြောတဲ့အတိုင်းဆိုရင်တော့ ကျနော်တို့က ညီလာခံကတော့ အယုံအကြည်မရှိဘူးလေ။ တကယ်ဖြစ်ပျက်နေတဲ့ပြဿနာတွေ၊ ဒီညီလာခံကနေပြီးတော့ ဖြေရှင်းနိုင်မယ်လို့ ကျနော်တို့မယုံကြည်တာအစကတည်းက ပြောတာပါ။ အခုလည်းပဲစုပြီးတော့ အကြိမ်ကြိမ်စပေမယ့်လည်း အကြောင်းတော့မထူးပါဘူးလို့ ဟိုတုန်းကထက်ပိုဆိုးမယ်လို့ အဲဒီလိုပဲ ယူဆတယ်လေ။ ဘာမှကောင်းတာ မမြင်ပါဘူး" ဟု ဒီဗွီဘီအားပြောသည်။

နအဖစစ်အစိုးရ၏ ညောင်နှစ်ပင်ညီလာခံသို့ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့နှင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့တို့က တက်ရောက်မည်ဖြစ်သည်ဟု ညောင်နှစ်ပင်ညီလာခံကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်မြင့်နှင့် ဒေါက်တာ တူးဂျာတို့က ပြောသည်။

နအဖ ကျင်းပမည့် ညောင်နှစ်ပင်ညီလာခံကို မွန်ပြည်သစ်ပါတီက တက်ရောက်မည်မဟုတ်ကြောင်း ဒီဇင်ဘာ (၃) ရက်နေ့က မွန်ပြည်သစ်ပါတီအတွင်းရေးမှူး နိုင်ဟံသာ က ထုတ်ပြန်ပြောကြားသည်။❖

### တိုင်းရင်းသား (၁၁) ပါတီ၏ ပူးတွဲကြေညာချက်

ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီများအနေဖြင့် –

(၁) ဖယ်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ဖြစ်ပေါ်လာရေး။
(၂) တိုင်းရင်းသား လူမျိုးစုများအချင်းချင်း တန်းတူညီမျှမှုရှိရေးနှင့်
(၃) တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့်ရရှိရေးစသောလုပ်ငန်းစဉ်တို့ကိုလည်းနိုင်ငံရေးနည်းလမ်းအရ တစိုက်မတ်မတ်လုပ်ဆောင်လာခဲ့ကြပေသည်။ တိုင်းရင်းသားလူထုတရပ်လုံး သွေးစည်းညီညွတ်ရေး၊ တမျိုးသားလုံး သွေးစည်းညီညွတ်ရေးစသော အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို တိုးတက်ဖြစ်ပေါ်စေမည့်နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်နိုင်ရန်အရေးကြီးသော အချိန်ကာလဖြစ်သည်ဟု ကျွန်ုပ်တို့ရိုးသားစွာယုံကြည်ပါသည်။

ဤကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို မဖြစ်မနေလုပ်ဆောင်ရန်အရေးကြီးသော အချိန်ကာလမျိုးတွင် တရားဝင်အဖွဲ့အစည်းဖြစ်သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ခွန်ထွန်းဦးအထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားရှမ်းအမျိုးသားနိုင်ငံရေးခေါင်းဆောင်များအား ဖမ်းဆီးအရေးယူခဲ့ခြင်း၊ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ခြင်း၊ မိသားစုများနှင့်အလှမ်းကွာဝေးသော နယ်စွန်နယ်ဖျားအကျဉ်းထောင်များသို့ ပို့ဆောင်အကျဉ်းချထားခြင်းများကို အာဏာပိုင်များကပြုလုပ်ခဲ့သည့်အတွက် အထူးတုန်လှုပ်စိုးရိမ်မိကြောင်း ကျွန်ုပ်တို့ကအလေးအနက် ထုတ်ပြန်ကြေညာလိုက်ပါသည်။

❖



# ရွှေခမောက် ကိုရွှေမောင် ပြန်လွတ်လာပြီ၊ ရွှေခမောက်ကို ဒေါ်စုထံ အရောက်ပို့မည်


ရွှေခမောက်ကြီး

ရွှေခမောက်ကြီးတလုံးကိုသွန်းလုပ်ခဲ့ပြီး (၂၀၀၂) ခုနှစ်၊ အမျိုးသားနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ထံ အခမ်းအနားဖြင့် ပို့ဆောင်ရန်ကြိုးစားစဉ် ဖမ်းဆီးခြင်းခံခဲ့ရသောရွှေခမောက် ကိုရွှေမောင်သည် နိုဝင်ဘာ (၇) ရက်နေ့က မန္တလေးထောင်မှပြန်လည်လွတ်မြောက်လာခဲ့သည်။ ထိုရွှေခမောက်ကြီးသွန်းလုပ်မှုကြောင့် ကိုရွှေမောင်သည် ထောင် (၃) နှစ် ကျခဲ့ရသည်။

လွတ်ရက်စေ့သော်လည်း မလွှတ်ပဲဆက်လက်ဖမ်းဆီးထားသောကြောင့် အစာငတ်ခံဆန္ဒပြခဲ့သောသူ့ကို ထောင်အာဏာပိုင်များက ရေပါဖြတ်လိုက်ပြီး သတိလစ်မေ့မျောသွားသည်ထိ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသည်ဟု ကိုရွှေမောင်က ပြန်လည်ပြောပြသည်။ ထောင်တွင်းနေခဲ့သည့်ကာလတလျှောက် ထောင်အာဏာပိုင်များ၏ ညှင်းပန်းမှုမျိုးစုံကိုခံခဲ့ရသောကိုရွှေမောင်၏ ကျန်းမာရေးအခြေအနေလည်း မကောင်းဟု သိရသည်။

ကိုရွှေမောင်က မိမိအနေနှင့် ယခုပြန်လွတ်လာပြီဖြစ်သည့်အတွက် အဖွဲ့ချုပ်၏ တာဝန်များကို ကျရာအခန်းကဏ္ဍမှထမ်းဆောင်မည်ဖြစ်ပြီး သူ့၏ရွှေခမောက်ကြီးကိုလည်း တနေ့ ဒေါ်အောင်ဆန်းစုကြည်ပြန်လည်လွတ်မြောက်လာပြီး လမ်းကြောင်းလည်းသင့် အခွင့်လည်းသာသည့်တနေ့တွင် သူမထံသို့အရောက်ပို့မည်ဟု ဆုံးဖြတ်ထားကြောင်း အာရ်အက်ဖ်အေနှင့် ဆက်သွယ်မေးမြန်းခန်းတွင် ပြောပြခဲ့သည်။

❖

# ငါတို့ မြင်ခဲ့ရတဲ့ အမှောင်မိုက် (ဗမာပြည်ထောင်များအတွင်းကညှဉ်းပန်းမှုများ) စာအုပ်ထုတ်ဝေ

(The Darkness We See: Torture in Burma's Interrogation Centers and Prisons) ကျွန်ုပ်တို့မြင်ခဲ့ရတဲ့ အမှောင်မိုက် (ဗမာပြည်စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအတွင်းနှိပ်စက်ညှင်းပန်းမှု) ဟု အမည်ပေးထားသော စာမျက်နှာ (၁၂၄) မျက်နှာပါစာအုပ်တအုပ်ကို နိုင်ငံအကျဉ်းသားများစောင့်ရှောက်ရေးကော်မတီ (မြန်မာပြည်)AAPP (Burma)က နိုဝင်ဘာ (၂) ရက်နေ့ကထုတ်ဝေသည်။




ထိုစာအုပ်ကို အကျဉ်းသားဟောင်း (၃၅) ဦးအားတွေ့ဆုံမေးမြန်းခဲ့ပြီး ၎င်းတို့ပြန်လည် ပြောပြသောအချက်အလက်များအပေါ် အခြေခံပြီးထုတ်ဝေခဲ့ခြင်းဖြစ်သည်။ စာအုပ်ထဲတွင် အကျဉ်းထောင်များအတွင်း စိတ်ပိုင်း ၊ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ၊ အကျဉ်းထောင်အတွင်း ဆိုးရွားသည့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများစသည့် နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားသည်။

"တဖက်ခန်းက အမျိုးသမီးငယ်တယောက်ရဲ့ စူးစူးဝါးဝါးအော်သံကျနော်ကြားလိုက်ရတယ်။ သူ့ကို အဝတ်အစားတွေချွတ်ပစ်ဖို့ကြိုးစားနေကြတာ၊ ကက်ပတိန်အောင်ကျော်လင်းက မင်းဝန်မခံရင် ဒီမိန်းကလေးကို ငါတို့ မုဒိန်းကျင့်ပစ်မယ်လို့ ကျနော်ကို လာပြောတယ်။ ကျနော် ချက်ခြင်းပဲတွေးမိတယ်၊ ဒါကျနော့်ညီမလေးပဲ။ ကျနော့်ညီမလေးက အဲဒီတုန်းက အသက် (၁၈) နှစ်ပဲရှိသေးတယ်၊ ပြီးတော့ နှလုံးရောဂါသည်"....

"တနေ့တော့ ကျမအခန်းထဲမှာရှိတဲ့ ကြွက်တွေကို ရေကြည့်တဲ့အခါ သုံးဆယ်ငါးကောင်ရှိတယ်။ ဒါနဲ့ ညွှန်မှူးလှည့်တဲ့အခါကျတော့ သူ့ကိုကျမတင်ပြလိုက်တယ်။ ညွှန်မှူးက ဘာပြန်ပြောလည်းဆိုတော့ ငါကြောင်တကောင်ပို့လိုက်မယ်တဲ့။သူကြောင်တကောင်တကယ်ပဲပို့လိုက်ပါတယ်။ သူပို့ပေးတဲ့ကြောင်က ဒီလောက်များတဲ့ကြွက်တွေနဲ့ မနေနိုင်လို့ထင်တယ်၊ ထွက်ပြေးသွားတယ်"....

နအဖ စစ်ကြောရေးရဲခန်းကို ဖြတ်သန်းခဲ့ရသူတဦးနှင့် အမျိုးသမီးနိုင်ငံရေးအကျဉ်းသူတဦး ပြန်လည်ပြောပြချက်ဖြစ်သည်။

အေအေပီပီအတွင်းရေးမှူး ကိုတိတ်နိုင်က ဒီဇင်ဘာ (၅) ရက်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပမည်ဖြစ်သော်လည်း၊ နအဖက သူတို့နှင့် သဘောချင်းမတိုက်ဆိုင်သူများကို ထောင်ချဖမ်းဆီးနှိပ်ကွပ်နေဆဲဖြစ်ကြောင်း၊ ထိုအခြေအနေများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်ဖြေရှင်းပေးနိုင်ရန် အထောက်အကူတခုဖြစ်နိုင်စေရန် ရည်ရွယ်ထုတ်ဝေခဲ့ခြင်းဖြစ်သည် ဟုပြောသည်။❖

# ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင် ကိုသက်ခိုင်ပြန်လည် လွတ်မြောက်

ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မြေအောက်လှုပ်ရှားမှု၌ အဓိကခေါင်းဆောင်တဦးဖြစ်သူကိုသက်ခိုင်သည် နိုဝင်ဘာ (၂၄) ရက် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီဖြစ်သည်။ ကိုသက်ခိုင်ကို စစ်အစိုးရက (၁၉၈၉) တွင်ဖမ်းဆီးပြီး အင်းစိန်စစ်ခုံရုံးမှ ပုဒ်မ (၅-ည) ၊ (၁၇-၁)၊ (၁၇-၂) တို့ဖြင့် ထောင်အနှစ် (၂၀) ချလိုက်ခြင်းဖြစ်သည်။ (၁၉၉၃) တွင် အမျိုးသားညီလာခံကျင်းပရာ (၁/၉၃) ဖြင့် ကိုသက်ခိုင်အား ထောင်ဒဏ်အနှစ် (၂၀) မှ (၁၀) နှစ်သို့ လျှော့ပေးခဲ့သည်။ (၁၉၉၉) တွင် ပြစ်ဒဏ်စေ့၍ ပြန်လွှတ်ရမည်ဖြစ်သော်လည်း အာဏာပိုင်များ ပုဒ်မ (၁၀-က)နှင့် အင်းစိန်ထောင်အထူးတိုက်တွင် ဆက်လက်ထိမ်းသိမ်းခဲ့သည်။

ကိုသက်ခိုင်၏ လုပ်ဖော်ကိုင်ဖက်တဦးဖြစ်သူ ဒေါက်တာနေဝင်းက " (၁၀) နှစ်စေ့တဲ့နေ့မှာ သူ့ကို (၁၀-က) နဲ့ ဆက်ထိန်းပြီးတော့ အထူးတိုက်မှာပဲဆက်ထားတယ်။ အဲဒီလိုထားတုန်းမှာ သူက စိတ်ဓာတ်ကျပြီးတော့ သူ့ကိုယ်သူ ဘလိတ်ဓားနဲ့လှီးတယ်။ ဒါကျနော်တို့က ကြားရတဲ့သတင်းပေါ့နော်။ သူ့ကိုယ်သူ ဘလိတ်ဓားနဲ့လှီးတော့ ကိုယ့်ကိုကိုယ်သေကြောင်းကြံစည်မှုနဲ့ နောက်ထပ် ထောင်(၆) လ ထပ်တိုးလိုက်ပြန်ရော။ (၁၀-က) ကုန်သွားတော့ ကိုသက်ခိုင်တို့လိုပဲ (၁၀-က) ကျန်ခဲ့တဲ့ ဦးတင်အောင်တို့ ၊ ကိုအောင်ခင်တို့၊ ကိုတင်အေးတို့ သူတို့ကိုတော့လွှတ်ပေးလိုက်ပြီးတော့ ကိုသက်ခိုင်ကိုတော့ (၆) လ ဆက်ပြီးတော့ ကိုယ်ကိုကိုယ်သေကြောင်းကြံစည်မှုနဲ့ ဆက်ပြီးတော့ထားတာပေါ့။ အခုပြည့်သွားပြီပေါ့" ဟု ဒီဗွီဘီ ကိုပြောသည်။


ကိုသက်ခိုင်

ကိုသက်ခိုင်အား ပြန်လွှတ်ပေးလိုက်သော်လည်း အာဏာပိုင်များ၏ အနီးကပ်စောင့်ကြည့်မှုများကြောင့် လွတ်လပ်စွာမသွားလာနိုင်ဟု သိရသည်။

❖

# မစုစုနွေးကိုဂုဏ်ပြု၍ စုစုနွေးကျောင်းဖင်လန်တွင်ဖွင့်လှစ်

မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့်ပတ်သက်၍ အာဏာပိုင်များကို ပထမဆုံးအောင်မြင်စွာတရားစွဲဆိုနိုင်ခဲ့သည့် ထန်းမနိုင်ရွာသူ မစုစုနွေးကို ဂုဏ်ပြုသည့်အနေ နှင့် ဖင်လန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ စုပေါင်းတည်ထောင်ထားခဲ့သည့် အာရုဏ်ဦးအမည်ပေးထားသည့် စာသင်ကျောင်းကို စုစုနွေးကျောင်းဟု ပြောင်းလဲမှည့်ခေါ်လိုက်သည်။


တရားစီရင်သည့်နေ့ ကိုကိုကြီး၊မစုစုနွေးနှင့်မင်းကိုနိုင်တို့ကို လက်ချင်းတွဲ၍တွေ့ရစဉ်

ဖင်လန်အခြေစိုက် မြန်မာဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ရေးမှူးကို သန့်ဇင်ထွန်းက "ဗမာပြည်မှာ အများဖိနှိပ်ခံနေရတဲ့အချိန် သူ့ရဲ့ထက်မြက်တဲ့အကြံဉာဏ်နဲ့အများအကျိုးအတွက် ထမ်းဆောင်နိုင်ခဲ့တယ်လို့ ကျနော်တို့မြင်တယ်လေ။ အများအကျိုးအတွက် မစုစုနွေးလိုထမ်းဆောင်နိုင်တဲ့သူတွေအများကြီးပေါ်ပေါက်လာမှ ကျနော်တို့လိုချင်တဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးရနိုင်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ကျနော်တို့အာရုဏ်ဦးဆိုတဲ့ကျောင်းလေးကို မစုစုနွေးကျောင်းလို့ပြောင်းလိုက်ခြင်းဖြစ်ပါတယ်"ဟု ဘီဘီစီအားပြောပြသည်။ ထိုကျောင်းကို ဖင်လန်နိုင်ငံရောက် မြန်မာကလေးငယ်များ မြန်မာစာနှင့်မြန်မာ့ယဉ်ကျေးမှုကို မပျောက်မပျက်ဆက်လက်ထိန်းသိမ်းထားရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်းပြီး သက်တမ်း (၁) နှစ် ရှိပြီဖြစ်သည်။

မြန်မာဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့ (ဖင်လန်)က နအဖ၏ မတရားဖမ်းဆီးထောင်ချခြင်းခံခဲ့ရသည့် မစုစုနွေးကျန်းမာရေးနှင့် လွတ်မြောက်ရေးအတွက် နိုင်ငံတကာမှဝိုင်းဝန်းကူညီစောင့်ရှောက်ကြရန် ပန်ကြားစာတစောင်ကိုလည်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ရေးသားပေးပို့ခဲ့သည်။

အဓမ္မလုပ်အားပေးခိုင်းစေမှုများကို အိုင်အယ်လ်အိုလ်သို့ တိုင်ကြားခဲ့သောကြောင့် ပြီးခဲ့သည့် အောက်တိုဘာ (၁၃) ရက်က အာဏာပိုင်များ၏ အမှုဆင်ထောင်ချခြင်းခံခဲ့ရသည့်မစုစုနွေးမှာ အင်းစိန်ထောင်တွင်း၌ ကျန်းမာရေးအခြေအနေဆိုးဝါးနေသည်ဟု သိရသည်။ နှလုံးရောဂါရှင် မစုစုနွေးအား အင်းစိန်ထောင်အာဏာပိုင်များက ရောဂါအတွက် လိုအပ်သောဆေးဝါးသွင်းခွင့်ပိတ်ပင်ထားသည်ဟု မစုစုနွေးအား ထောင်ဝင်စာသွားတွေ့ခဲ့သူကပြောသည်။

# နိုင်ငံရေးနှင့်ပတ်သက်သူများ စာသင်ခွင့်မရ

နိုင်ငံရေးနှင့်ပတ်သက်၍ဆိုသော အကြောင်းပြချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ကျူရှင်ဆရာများကို အာဏာပိုင်များက ကျူရှင်သင်ခွင့်ပိတ်ပင်နေရာ (၁၀) ဦးကျော် ရှိသွားပြီဖြစ်သည်။

တွံတေးမြို့မှ ကျူရှင်ဆရာ ကိုအောင်ဖေနှင့်မုံရွာမြို့မှ ကိုညွှန့်အောင်တို့မှာ ထောင်ဒဏ် (၃) နှစ်စီ ကျခံနေရပြီး၊ မကွေးတိုင်းအောင်လံအဖွဲ့ချုပ်မှ ဒေါက်တာဇော်ဝင်းခိုင်နှင့် ဆရာဦးသန်းလွင်၊ ချောက်မြို့မှ ဆရာဦးသန်းတင့်၊ ညောင်ဦးမြို့မှ ဆရာဦးဇော်ဇော်၊ ပွင့်ဖြူမြို့မှ အသက် (၆၀) အရွယ် အင်္ဂလိပ်စာဆရာကြီး ဦးသန်းတို့မှာ ကျူရှင်သင်ခွင့် ပိတ်ပင်ခံထားရပြီးဖြစ်သည်။

လတ်တလော ကျူရှင်သင်ခွင့် ပိတ်ပင်ခြင်းခံခဲ့ရသည့် ချောက်မြို့မှ အင်္ဂလိပ်စာဆရာဦးသန်းတင့်က သူသည်ဝါသနာအရ စာသင်လာခဲ့သည်မှာ နှစ်ပေါင်း (၃၀) ရှိပြီဖြစ်ကြောင်း၊ ကျူရှင်ဆက်သင်လျှင် တရားစွဲမည်ဟု ခြိမ်းခြောက်မှုများရှိနေပြီး နိုဝင်ဘာ (၂၂) ရက်က မကွေးတိုင်းပညာရေးမှူးကိုယ်တိုင် ချောက် မယကရုံးသို့လာရောက်၍ တားမြစ်ခဲ့ကြောင်း ဒီဗွီဘီအားပြောသည်။

ဆရာဦးသန်းတင့်က ကျူရှင်ဆရာနိုင်ငံရေးမလုပ်ရဟူသောပိတ်ပင်မှုအပေါ် "လူဖြစ်လာပြီဆိုရင်တော့ နိုင်ငံရေးနဲ့ကင်းလို့မရဘူး။ နိုင်ငံရေးနဲ့ကင်းရင်တော့ အဲဒီကောင်နွားပဲ၊ နွားတောင် ခိုင်းနွားမဟုတ်ဘူး။ အသားတိုးနွားကြီးဖြစ်မှာ "ပြင်းပြင်းထန်ထန်ဝေဖန်သွားသည်။

❖

# ညောင်နှစ်ပင်တန်းစီ၊ မရ ..... လုံး၀

## ဂါမဏိ

ညောင်နှစ်ပင်ညီလာခံကို ''ငြိမ်းချမ်းရေး''အဖွဲ့ (၂၈) ဖွဲ့တက်ရောက်နေတယ်လို့ နအဖကဆိုပါတယ်။ ဒီထဲမှာ ငြိမ်းချမ်းရေး (၁၇) ဖွဲ့လို့ နအဖက တရားဝင်ထုတ်ပြန်ထားတဲ့စာရင်းက အောက်ပါအတိုင်းဖြစ်ပါတယ်။

| စဉ် | လူမျိုးစု | အဖွဲ့အမည် | တပ်အမည် | ခေါင်းဆောင် | နအဖသတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကိုးကန့် | မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ အမ်အဲန်ဒီအေ | မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် အမ်အဲန်ဒီအေအေ | ဖုံကျားရှင် | ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁) | ယခင် ဗကပကိုးကန့်ခရိုင် |
| ၂ | ဝ | ဝပြည်သေးစည်းညီညွတ်ရေးပါတီ (ဝသပ) ယူဒဗလျူအက်စ်ပီ | ဝပြည်သွေးစည်းညွတ်ရေး တပ်မတော်(ယူဒဗလျူအက်စ်အေ) | ပေါက်ယူချန် | ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၂) | ယခင် ဗကပဝခရိုင်များ |
| ၃ | ရှမ်း | ရှမ်းပြည်တိုးတက်ရေးပါတီ အက်စ်အက်စ်ပီပီ | ရှမ်းပြည်တပ်မတော် အက်စ်အက်စ်ပီ | လွယ်မောင် | ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၃) | ယခင် မဒတအဖွဲ့ဝင် |
| ၄ | အခါ–ရှမ်း | အမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ (အရှေ့ပိုင်းရှမ်းပြည်နယ်) အဲန်ဒီအေ–အီးအက်စ်အက်စ် | အမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော်(အရှေ့ပိုင်းရှမ်းပြည်နယ်) အဲန်ဒီအေအေ–အီးအက်စ်အက်စ် | လိမင်းရှင်(ခေါ်) စိုင်းလင်း | ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ (၄) | ယခင် ဗကပ (၈၁၅)စစ်ဒေသ |
| ၅ | ကချင် | ကချင်ဒီမိုကရေစီသစ်ပါတီ–ကချင်(အဲန်ဒီပီ–ကေ) | ကချင်ဒီမိုကရေစီသစ်တပ်မတော် ကချင် (အဲန်ဒီအေ–ကေ) | ဇခုန်တိန်ယိန်း | ကချင်ပြည်နယ် အထူးဒေသ (၁) | ယခင် ဗကပ (၁၀၁)စစ်ဒေသ |
| ၆ | ကချင် | ကချင်ဒီမိုကရေစီပါတီ (ကေဒီဘီ) | ကချင်ဒီမိုကရေစီတပ်မတော် (ကေဒီအေ) | မထုနော် | ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၅) | ယခင် ကေအိုင်အေတပ်မဟာ (၄) |
| ၇ | ပအိုဝ် | ပအိုဝ်အမျိုးသားအဖွဲ့ (ပီအဲန်အိုလ်) | ပအိုဝ်အမျိုးသားတပ်မတော် (ပီအဲန်အေ) | အောင်ခမ်းထီ | ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ (၆) | ယခင် ရလလဖမှခွဲထွက် မဒတ အဖွဲ့ဝင် |
| ၈ | ပလောင် | ပလောင်ပြည်လွတ်မြောက်ရေးပါတီ (ပီအက်စ်အယ်လ်ပီ) | ပလောင်ပြည်လွတ်မြောက်ရေး တပ်မတော် (ပီအက်စ်အယ်လ်အေ) | အိုက်မုန်း | ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၇) | ယခင် မဒပတအဖွဲ့ဝင် |
| ၉ | ကယန်း | ကယန်းအမျိုးသားတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့ | ကယန်းအမျိုးသားကာကွယ်ရေးတပ် (ကေအဲန်ဂျီ) | ဒွေးကို | ကယားပြည်နယ် အထူး အထူးဒေသ (၃) | ယခင် ကယန်းပြည်သစ်ပါတီခွဲထွက် |
| ၁၀ | ကချင် | ကချင်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အိုလ်) | ကချင်လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ) | လမုန်တူးဂျာ | ကချင်ပြည်နယ် အထူးဒေသ (၅) | ယခင် မဒတအဖွဲ့ဝင် |
| ၁၁ | ကရင်နီ | ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်တပ်ဦး (ကလလတ) ကေအဲန်ပီအယ်လ်အက် | ကရင်နီပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ကေပီအယ်လ်အေ) | စန္ဒာ | ကယားပြည်နယ် အထူးဒေသ (၂) | ယခင် ကေအဲန်ပီပီမှခွဲထွက် |
| ၁၂ | ကယန်း | ကယန်းပြည်သစ်ပါတီ (ကေအဲန်အယ်လ်ပီ) | ကယန်းပြည်သစ်တပ်မတော် (ကေအဲန်အယ်လ်အေ) | ရွှေအေး (ဝိန်းကယန်းထန်) | ကယားပြည်နယ် အထူးဒေသ (၃) | |
| ၁၃ | ပအိုဝ့် | ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အက်စ်အဲန်ပီအယ်လ်အို | ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့ လွတ်မြောက်ရေးတပ်မတော် | ချစ်မောင် | ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ (၁၃) | |
| ၁၄ | ကရင်နီ | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) | ကရင်နီတပ်မတော် (ကေအေ) | ပလျားရယ် | | မဒတအဖွဲ့ဝင် |
| ၁၅ | မွန် | မွန်ပြည်သစ်ပါတီ (အဲန်အမ်အက်စ်ပီ) | မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (အမ်အဲန်အယ်လ်အေ) | နိုင်ထင် | | ယခင် မဒတအဖွဲ့ဝင် |
| ၁၆ | ရှမ်း | ရှမ်းပြည်မျိုးချစ်ကောင်စီ (အက်စ်အက်စ်ပီစီ) | မိုးတိုင်းတပ်မတော် (အမ်တီအေ) | အိုက်ဆာ (ခေါ်) ခွန်ဆာ | | |
| ၁၇ | ရခိုင် | ရခိုင်ပြည်လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ရေးပါတီ | ရခိုင်ပြည်လူမျိုးပေါင်းစုံသွေးစည်း ညီညွတ်ရေးတပ်မတော် | စောထွန်းဦး | | ယခင် ဗကပရခိုင်ပြည်နယ် |

ဒါပေမယ့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ (၈) ဖွဲ့က စုပေါင်းထုတ်ဝေတဲ့ ''ချစ်ကြည်ရေး'' ဂျာနယ်ကစာရင်းမှာ လုံး၀လက်နက်ချနှစ်ဖွဲ့ဖြစ်တဲ့ အမ်တီအေနဲ့ရခိုင်ဗကပတို့ကို (၁၇) ဖွဲ့ထဲကဖယ်ထုတ်ထားပြီး ရှမ်းပြည်အမျိုးသားတပ်မတော်အက်စ်အက်စ် အဲန်အေနဲ့တိုးတက်သော ကရင်ဗုဒ္ဓဘာသာအဖွဲ့ဒီကေဘီအေကိုထည့်သွင်းထားတာတွေ့ရတယ်။ ဒီနှစ်ဖွဲ့ဟာ အမ်တီအေနဲ့ကေအဲန်ယူတို့ကနေခွဲထွက်လာတာဖြစ်ပြီး မီဒီယာထဲမှာ ငြိမ်းချမ်းရေးယူတဲ့အခမ်းအနား သီးသန့်သတင်းမထည့်ခဲ့ပေမယ့် ကိုယ်ပိုင်နယ်မြေ၊ ကိုယ်ပိုင်တပ်အင်အားအတော်ကြီးကြီးဆက်ကိုင်ထားခွင့်ရတယ်။ အခုအခါမှာတော့ အက်စ်အက်စ်အဲန်အေနဲ့ကေအဲန်ပီပီတို့ဟာ နအဖနဲ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်သွားပြီဖြစ်ပေမယ့်လည်း နအဖကတော့ ငြိမ်းချမ်းရေးအဖွဲ့များအဖြစ် ဇွတ်အတင်း စာရင်းပြနေဆဲဖြစ်ပါတယ်။ အက်စ်အက်စ်အေနဲ့ အက်စ်အက်စ်အဲန်အေတို့နှစ်ဖွဲ့ပေါင်းပြီး ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ အက်စ်အက်စ်ပီစီကို ဖွဲ့စည်းခဲ့ကြပေမယ့် အခုအခါ အက်စ်အက်စ်ပီစီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်လည်း နအဖရဲ့ဖမ်းဆီးထောင်ချခံရကာ အက်စ်အက်စ်အဲန်အေကလည်း တောပြန်ခိုသွားခဲ့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် နအဖစစ်အုပ်စုဟာ ကေအဲန်ပီပီကခွဲထွက်ပြီးအပြီး အပိုင်လက်နက်ချထားတဲ့အဖွဲ့လေးတွေ၊ ပြည်သူ့စစ် သို့မဟုတ် သကဆဖတဖြစ်လည်း အမ်တီအေအဖွဲ့လေးတွေ၊ အက်စ်အက်စ်အဲန်အေထဲက တောပြန်မခိုဘဲ လုံး၀လက်နက်ချလိုက်တဲ့အဖွဲ့လေးတွေကို ညီလာခံမှာစာရင်းထည့်ပြပါလိမ့်မယ်။ ပီအက်စ်အယ်လ်အိုလ် ပလောင်အဖွဲ့လည်း ''လက်နက်နဲ့ငြိမ်းချမ်းရေး'' အပြီးအပိုင်လဲလိုက်တယ်ဆိုပေမယ့် ညောင်နှစ်ပင်ညီလာခံကိုတော့ အဖွဲ့နာမည်နဲ့တက်ခိုင်းအုံးမှာဖြစ်တယ်။ (၁၇) ဖွဲ့ကအပ ''အခြားဖိတ်ကြားခံရသူ'' စာရင်းဝင်တခြား ''ငြိမ်းချမ်းရေး'' အဖွဲ့တွေကတော့ မိခင်တိုင်းရင်းသားအဖွဲ့များကနေခွဲထွက်ကာ စစ်အစိုးရထံ ခြွင်းချက်မရှိလက်နက်ချထားသူတွေဖြစ်ပြီး တချို့က သကဆဖ၊ တချို့က ပြည်သူ့စစ်အဖြစ်ကိုယ်ပိုင် နယ်မြေ၊ ကိုယ်ပိုင်လက်နက်နဲ့ ''စီးပွားရေးအခွင့်ထူးများ''ရရှိထားကြတယ်။ လက်နက်ကိုတော့ အရေးအတွက်အမျိုးအစားအကန့်အသတ်နဲ့သာကိုင်ရတယ်။ အဲဒီအဖွဲ့တွေကတော့....

စာမျက်နှာ (၁၉) ကော်လံ (၁) သို့....

# အမေရိကန်သမတဘုရှ်က မြန်မာ့အရေး ဖိအားပေးရန် အာဆီယံနိုင်ငံများကို တိုက်တွန်း



အမေရိကန် သမတ ဂျော့ဒဗလျူ ဘုရှ်

တောင်ကိုးရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် ကျင်းပသည့် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပီအီးစီ) ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့အဆိုးဝါးဆုံး စစ်အစိုးရအုပ်ချုပ်နေသည့် မြန်မာနိုင်ငံတွင် အပြောင်းအလဲတခုခုဖြစ်လာစေရန် အိမ်နီးချင်းအာဆီယံနိုင်ငံများက ဝိုင်းဝန်းဖိအားပေးသင့်သည်ဟု အမေရိကန်သမတ ဂျော့ဒဗလျူ ဘုရှ်က တိုက်တွန်းလိုက်သည်။ သမတဘုရှ်က (အေးပက်) အဖွဲ့ ဝင်ခွင့်မရရှိသေးသည့် မြန်မာ၊ ကမ္ဘောဒီးယား ၊လာအိုတို့မှလွဲ၍ ကျန်သည့် အာဆီယံ (၇) နိုင်ငံစလုံးနှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲများဖြစ်ပေါ်စေဖို့ အာဆီယံနိုင်ငံများ၏ ဩဇာကိုအသုံးပြုပြီး တွန်းအားပေးဆောင်ရွက်ဖို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ရာမူရိုက "ကျနော်တို့အာဆီယံဘက်ကလည်း အလားတူစိုးရိမ်မှုရှိပါတယ်။ ဒီကိစ္စကို ကျနော်တို့ဘက်ကလည်း အလေးပေးဆွေးနွေးခဲ့ကြပါတယ်" သတင်းထောက်များကိုရှင်းပြခဲ့သည်။

အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် အိုကင်းယောင်က အာဆီယံသည် မြန်မာနိုင်ငံနှင့်စီးပွားရေး၊ နိုင်ငံရေးအရ ဆက်လက်ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့အတွင်းမှ မြန်မာထွက်မသွားအောင် ဒီနည်းကလွဲပြီး တခြားနည်းမရှိဟု တုံ့ပြန်ပြောဆိုသကဲ့သို့ အာဆီယံ၏လက်ရှိအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် မလေးရှားဝန်ကြီးချုပ် ဘာဝါဒီကလည်းနအဖအပေါ် ပြင်းပြင်းထန်ထန်ဖိအားပေးရန် သမတကြီးဘုရှ်၏ ပြောဆိုချက်ကို မိမိတို့အနေနှင့် နားလည်သော်လည်း လက်တွေ့တွင် ဖိအားပေးရေးထက် ပူးပေါင်းဆောင်ရွက်ရေးကိုသာ ပိုမိုနှစ်သက်သည်ဟု ပြောဆိုသည်။ အေပီအီးစီအစည်းအဝေးမတိုင်ခင် နိုဝင်ဘာ (၁၆) ရက် ဂျပန်ကျိုတိုမြို့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် မစ္စတာဘုရှ်က "အာရှမှာ ဗမာပြည်ဟာ အအောင်မြင်ဆုံး၊ အဖွံ့ဖြိုးဆုံးနိုင်ငံတခုဖြစ်သင့်ပေမယ့် အခုအဆင်းရဲဆုံးနိုင်ငံတခုဖြစ်နေတာ လွတ်လပ်မှုဆိုတာလည်းမရှိသလောက်ဖြစ်နေတာ ကျွန်တော်တို့တွေ့နေရပါတယ်၊ လွန်ခဲ့တဲ့ (၁၅)နှစ်က ဗမာလူထုက မဲဆန္ဒပေးပြီး ဒီမိုကရေစီကို ရွေးချယ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကို စစ်အစိုးရက ဒီမိုကရေစီခေါင်းဆောင်ကိုထောင်ချထားပြီး တုန့်ပြန်လိုက်ပါတယ်။အဲဒါရဲ့ရလာဒ်ကတော့ လူသားရင်းမြစ်နဲ့ သယံဇာတကြွယ်ဝတဲ့နိုင်ငံက သန်းပေါင်းများစွာသော ပြည်သူတွေဟာ အသက်ရှင်ရပ်တည်နေနိုင်ယုံလေးအတွက် တော်တော်ရုန်းကန်နေကြရပါပြီ။ ဗမာစစ်အစိုးရဟာ မုဒိန်းကျင့်မှု၊ ညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်မှု၊ မတရားနေရာပြောင်းရွှေ့မှုစတဲ့ ကျူးလွန်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေပါတယ်။ မြန်မာပြည်သူတွေဟာ ရက်စက်ကြမ်းကြုတ်မှုအမှောင်တိုက်ထဲမှာ နေထိုင်နေရပေမယ့် သူတို့ရဲ့နှလုံးသားထဲမှာ လွတ်လပ်ခြင်းအလင်းရောင်တွေ ရှင်သန်တောက်ပနေပါတယ်။ သူတို့လိုလားလှတဲ့ လွတ်မြောက်ခွင့်ဟာ တနေ့တော့ ရလာကြမှာဖြစ်ပါတယ်" ပြောခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်ကလည်း အေးပက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် "ဗမာပြည်ရဲ့ အိမ်နီးချင်း နိုင်ငံတော်တော်များများဟာ စစ်အစိုးရနဲ့ဆက်ဆံဖို့လိုတယ်လို့ ခံယူနေကြတာကို ကျမနားလည်ပေးလို့ရပါတယ်၊ ဒါပေမယ့် ဗမာပြည်တွင်းမှာဖြစ်နေတဲ့ တကယ်တမ်းဆိုးဝါးလှတဲ့ လူ့အခွင့်အရေးအခြေအနေကို အလေးအနက်ရှုမြင်တဲ့ပုံစံမျိုးနဲ့စစ်အစိုးရကိုဆက်ဆံဘို့ ကျမမျှော်လင့်ပါတယ်"ဟုပြောသည်။ မစ္စရိုက်စ်က မြန်မာအစိုးရဟာ ကမ္ဘာပေါ်မှာ အဆိုးဝါးဆုံးအစိုးရအဖွဲ့တဖွဲ့ဖြစ်တယ်၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အထူးသဖြင့် အာဆီယံအဖွဲ့ဟာ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုများဖြစ်လာရေးအတွက် စစ်အစိုးရကို လုံလုံလောက်လောက်တွန်းအားပေးဆောင်ရွက်မှုမရှိဟု ဝေဖန်ခဲ့သည်။

❖

# ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်မှုများရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချ

မြန်မာနိုင်ငံတွင် နိုင်ငံရေးအတိုက်အခံများကို စော်ကားအနိုင်ကျင့်ခြင်း၊ အတင်းအကျပ်လုပ်အားပေးခိုင်းစေခြင်း၊ အဓမ္မပြုကျင့်မှုများကျူးလွန်ခြင်း၊ တရားဥပဒေအပြင်ဘက်မှ သတ်ဖြတ်မှုများကျူးလွန်နေခြင်းအပါအဝင် လူ့အခွင့်အရေးများကို စီမံကိန်းချဖေါက်ဖျက်ကျူးလွန်နေခြင်းများကိုရပ်ဆိုင်းရန် နအဖကိုတောင်းဆိုထားသော ပြဋ္ဌာန်းဆုံးဖြတ်ချက်တစောင်ကို ကုလသမဂ္ဂအထွေထွေညီလာခံက နိုဝင်ဘာ (၁၈) ရက်ကအတည်ပြုလိုက်သည်။

ထိုဆုံးဖြတ်ချက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးပြီး နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရန်၊ လွတ်လပ်စွာပြောဆိုစည်းရုံးခွင့်ပေးရန်၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပင်ဟဲရိုးအပါအဝင် ကုလသမဂ္ဂ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် တို့ကိုလည်းတောင်းဆိုထားသည်။ ယင်းအဆိုကို ဥရောပဘုံဈေးအဖွဲ့က ကမကထပြု တင်သွင်းခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ပစ်မှတ်ထားတိုက်ခိုက်သည့် နည်းဗျူဟာအား လက်သင့်ခံနိုင်ဘွယ်မရှိကြောင်း၊ ဥရောပဘုံဈေးအဖွဲ့သည် လူ့အခွင့်အရေးများတိုးတက်ဖြစ်ထွန်းလာစေရန်ဟု ယိုးမယ်ဖွဲ့ကာ မြန်မာနိုင်ငံ၏ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်ဟု စွပ်စွဲပြောကြားလိုက်သည်။

ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရ ဦးလွင်က " UN Resolution တွေက နှစ်တိုင်းချတာပဲ၊ ကြောက်ခမန်းလိလိချတာပဲ။ ဒါပေမယ့် ဘာတခုမှအကောင်အထည်မပေါ်လာဘူး။ သူတို့က ဘာလုပ်ရမယ်၊ ညာလုပ်ရမယ်။ မလုပ်ဘူးလေ၊ ဘာတတ်နိုင်လဲ၊ UN။ အခု အာဆီယံတွေကဘာပြောလဲ။ ဘုရှ်ဘယ်လောက်ပြောပြော သူတို့ပြည်တွင်းရေးကို ဝင်မစွက်ရေးမူကိုတော့ သူတို့ ဒါတော့လက်မလွှတ်နိုင်ဘူး။ ယိုးဒယားက ဘာပြောလည်း သူတင်မဟုတ်ဘူးတဲ့၊ တရုပ်တို့ ၊ကုလားတို့ကပါ ဒီသဘောထဲပဲတဲ့။ သူတို့ဗမာပြည်နဲ့ ပတ်သက်လို့ ဘာမှအခက်အခဲမရှိဘူးတဲ့။ အဲဒီတော့ ဆိုလိုတာကဒေသတွင်းမှာ လုံခြုံရေးနဲ့ပတ်သက်လို့ ဘယ်အဖွဲ့ ဘယ်နိုင်ငံကမှ Complain မလုပ်ဘူး။ အခြေခံအားဖြင့် UN Charter အရ အခြေခံ Region က Member တွေက Complain မလုပ်တဲ့ဥစ္စာ၊ ဘယ်သူက လုပ်လို့ရမလဲ။ ခု UN Resolution (၂၀၀၃) ခုနှစ်ကစပြီး တော်တော်ကို ပြတ်ပြတ်သားသားပဲ။ ဒါပေမယ့် မလုပ်ဘူးလေ။ ဂရုမစိုက်ဘူး။ လုံခြုံရေးကောင်စီတင်ဖို့ကိစ္စတောင်မှ စဉ်းစားမယ်၊ မစဉ်းစားဘူးမပြောနိုင်ဘူး " ဒီဗွီဘီနှင့် အင်တာဗျူးတွင်ပြောသည်။

၎င်းအဆိုကိုမဲခွဲရန် ကျူးဘားနိုင်ငံ၏ ဟန့်တားမှုအား ကန့်ကွက် မဲ (၇၇) မဲ၊ ထောက်ခံမဲ (၅၄) မဲ၊ ကြားနေ (၃၅) မဲဖြင့် ရှုံးနိမ့်သွားပြီးနောက် ယင်းအဆိုအား အများသဘောတူညီမှုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ကုလသမဂ္ဂညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် မြန်မာ၊ အီရန်၊ မြောက်ကိုးရီးယားနိုင်ငံတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို အနောက်ဒီမိုကရေစီအင်အားစုများနှင့် ကျူးဘား၊ တရုတ်စသည့် (၇၇) နိုင်ငံများ၊ ဘက်မလိုက်နိုင်ငံများ၊ တတိယဖွံ့ဖြိုးဆဲနိုင်ငံများကြား အုပ်စုလိုက်အားပြိုင်မှုများကိုကျော်လွှားပြီး ချမှတ်ခဲ့ရခြင်းဖြစ်သည်။

အထွေထွေညီလာခံမှ အီရန်နှင့်မြောက်ကိုးရီးယားနိုင်ငံများကိုလည်း လူ့အခွင့်အရေးအပိုင်းတွင် တိုးတက်အောင်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။

❖

# လက်တွေ့မပါသည့်ထုတ်ပြန်ချက်များအလုပ်မဖြစ်ဟု ပင်ဟဲရိုးပြော



မစ္စတာ ပင်ဟဲရိုး

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်ပေါလို ဆာဂျီယိုပင်ဟဲရိုးသည် နိုဝင်ဘာ (၁၈) ရက်နေ့က ဘန်ကောက်တွင် သတင်းစာရှင်းလင်းပွဲတခုပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် မစ္စတာပင်ဟဲရိုးက " ဒေါ်အောင်ဆန်းစုကြည်ဟာ တကိုယ်ထဲ နေအိမ်အကျယ်ချုပ်ချအဆက်ဖြတ်ခံထားရပါတယ်။ နိုဗယ်ဆုရှင်ရှိတဲ့ နိုင်ငံတခုအတွက် ဒါဟာ ကောင်းတဲ့အချက်မဟုတ်ပါဘူး။ နိုဗယ်ဆုရှင်တယောက်ကို နေအိမ်အကျယ်ချုပ်ချမထားသင့်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံရဲ့ ဥစ္စာရတနာတပါးဖြစ်ပါတယ်" ဟု ပြောဆိုသွားသည်။

ရှမ်းနိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးထားခြင်းသည် ဒီမိုကရေစီခေတ်ကိုကူးပြောင်းမည်ဆိုသည့် နိုင်ငံတခုလုပ်ရမည့်အလုပ်မဟုတ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွှတ်ပေးရန် အရေးကြီးသကဲ့သို့ မြန်မာတနိုင်ငံလုံးရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ပြန်ဖွင့်ခွင့်ရရေးသည်လည်း အရေးပါကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် ထပ်ခါထပ်ခါထောက်ပြသည့်အတိုင်း အမျိုးသားညီလာခံတွင်ပါဝင်သင့်သည့် နိုင်ငံရေးအင်အားစုများမပါဝင်ပဲ တကယ့် အဖြေထွက်လာမည်မဟုတ်ကြောင်း၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများနှင့်ပတ်သက်၍ ရှစ်လေးလုံးမျိုးဆက်ကျောင်းသားခေါင်းဆောင်များ ထောက်ပြသည့်အချက်ကို သူထောက်ခံကြိုဆိုကြောင်း၊ လူသားချင်းစာနာထောက်ထားမှုကိစ္စသည် နိုင်ငံရေးပြဿနာ၏ ဓားစာခံမဖြစ်သင့်ကြောင်း ပြောဆိုသည်။

မစ္စတာပင်ဟဲရိုးသည် (၂၀၀၀) ခုနှစ်မှစ၍ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံခဲ့ရပြီး မြန်မာနိုင်ငံသို့ (၆) ကြိမ် ဝင်ရောက်ကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခဲ့သည်။ (၂၀၀၃) ခုနှစ် နိုဝင်ဘာလခရီးစဉ်အပြီးတွင် နအဖက သူ၏ ပြည်ဝင်ခွင့်ဗီဇာတောင်းခံမှုကို ငြင်းပယ်ခဲ့သည်။

မြန်မာပြည်တွင်းလူ့အခွင့်အရေးအခြေအနေများကို ဝင်ရောက်လေ့လာအခွင့်မသာသောကြောင့် မစ္စတာပင်ဟဲရိုးသည် ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်နေသည့်အဲန်ဂျီအိုလ်အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး လူ့အခွင့်အရေးကိစ္စများကိုဆွေးနွေးခဲ့သည်။ မစ္စတာပင်ဟဲရိုးသည် ကရင်နီတိုးတက်ရေးပါတီ ကေအဲန်ပီပီရှမ်းပြည်တပ်မတော်တောင်ပိုင်း၊ လူ့အခွင့်အရေးပညာပေးအဖွဲ့ (မြန်မာနိုင်ငံ)၊ ရှမ်းအမျိုးသမီးရေးရာအဖွဲ့၊ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၊ ကရင်၊ မွန်၊ ကရင်နီစသည့် အိုင်ဒီပီရွှေ့ပြောင်းဒေသများတွင် လုပ်ကိုင်နေသည့်ပုဂ္ဂိုလ်များ၊ ထိုင်း–မြန်မာနယ်စပ်မှ ဒီပဲယင်းကော်မရှင်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။

နိုဝင်ဘာ (၁၇)ရက်နေ့က ဘန်ကောက်တွင် ဒီမိုကရေစီအင်အားစုများနှင့်တွေ့ဆုံစဉ် မစ္စတာပင်ဟဲရိုးက ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် တွေ့ခွင့်မပြုခြင်းသည် လက်ခံနိုင်စရာမရှိကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ လက်တွေ့ဆောင်ရွက်ချက်မပါသော သတင်းထုတ်ပြန်ချက်များသည် အလုပ်မဖြစ်ကြောင်းပြောခဲ့သည်။

မစ္စတာပင်ဟဲရိုး (၂၀၀၆) ဧပြီလတွင် ရာထူးသက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး သူ၏ တာဝန်သက်တမ်းကာလအတွင်း လုပ်ဆောင်ရန်မျှော်မှန်းထားသည်များကို အပြည့်အဝလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ထိုကဲ့သို့ဖြစ်ရသည့်အတွက် စိတ်ပျက်မိသည်ဟုဆိုသည်။


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ရင်ဆိုင်တွေ့လဲ ဘျာမတွန့် အသက်စွန့်လော

**ခင်မင်းဇော်**

*ငါတို့ကတော့ အကြမ်းမဖက် ငြိမ်းချမ်းတဲ့နည်းနဲ့ တိုက်မှာပဲဆိုရင် ထန်းမနိုင်ရှာသူလေး မစုစုနွေးလို ဗမာပြည်ထဲက ဝင်တိုက်ဖို့နမူနာယူသင့်ပါတယ်။ အကြမ်းမဖက်နည်းရဲ့ အမြင့်ဆုံးတိုက်ပွဲဟာ မိမိကိုယ်ကို စတေးပြရမှာပါ။ ကိုယ့်အသက်ကိုစတေးပြီး ရန်သူကို ယုံကြည်မှုအားအင်ထုတ်ပြနိုင်ရမှာပါ။ ငြိမ်းချမ်းစွာ အစာငတ်ခံတဲ့အဆင့်ကိုတောင် ရက်အကန့်အသတ်မဲ့ တိုက်ပွဲဝင်ရဲကြရဲ့လား။ စစ်မှန်တဲ့ အကြမ်းမဖက်ငြိမ်းချမ်းရေးနည်းဟာ လက်နက်ကိုင်တော်လှန်ရေးထက်အဆင့်မြင့်ပါတယ်။ တကယ်ယုံကြည်ကြရင် အဆင့်ကို တဆင့် ချင်းမြှင့်ပြီး တိုက်ပွဲဝင်ပြကြစေချင်ပါတယ်။*

အောက်တိုဘာ (၄)ရက်နေ့ လူ့ဘောင်သစ်ပါတီရဲ့ (၁၇) နှစ်မြောက်မွေးနေ့ အခမ်းအနားမှာ ပါတီဥက္ကဋ္ဌ ကိုအောင်မိုးဇော်ရဲ့ နှုတ်ခွန်းဆက်အဖွင့်စကားထဲမှာ သူ့သူငယ်ချင်း တော်လှန်ရေးထဲက ဒီမိုကရေစီဖက်တော်သားတယောက်က ပြောခဲ့တယ်တဲ့၊ ငါတို့နိုင်မှ မနိုင်တော့တာတဲ့။ ကိုအောင်မိုးဇော်က ကျနော်ရင်ထဲမှာ နင့်သွားတာပဲဗျာတဲ့။ တကယ်တော့ ကျနော်တို့ မရှုံးသေးပါဘူး။ ပြီးတော့ ရန်သူကလည်း ကျနော်တို့ကို မချေမှုန်းနိုင်သေးပါဘူးတဲ့။

အဲဒီအခမ်းအနားမှာပဲ ဖဒိုမန်းရှာကလည်းပြောခဲ့တယ်။ မနက်ဖြန်အောင်ပွဲရတော့မယ်ဆိုရင်တောင်မှ ဒီနေ့ရန်သူကို လက်နက်ချတဲ့သူတွေရှိပါတယ်တဲ့။

ဗိုလ်ချုပ်တာမလာဘောကလည်း အဲဒီအခမ်းအနားမှာပဲ တော်လှန်ရေးမျိုးဆက်သစ် လူငယ်တွေဟာ တောင်လိုလို မြောက်လိုလို အတွေးအခေါ်တွေမဝင်ရောက်ဖို့။ ရန်သူအားပေးမဖြစ်ဖို့ လိုတယ်တဲ့။

အဲဒီစကားတွေကြားခဲ့ပြီး မရှေးမနှောင်းပါပဲ။ ကျမရဲ့သားလေး (၇) နှစ်သားကတညနေမှာ ကာတွန်းကားကြည့်နေပါတယ်။ ကျမကလည်း ကလေးကိုအဖော်အဖြစ်ကြည့်ပေးရင်း စကားရောဖောရောနဲ့ ကာတွန်းဇာတ်လိုက်နှစ်ယောက်ချတာမှာ တယောက်ကို “ ဟယ်....သားရေ ဒီကောင်လေးတော့ရှုံးတော့မှာပဲ”လို့ ပြောလိုက်မိပါတယ်။ ဒီအခါမှာ သားက “မေမေ သူကလူကောင်း မရှုံးဘူး”တဲ့ ကျမခေါင်းထဲမှာ လက်ကနဲ ဖျတ်ကနဲ တွေးလိုက်မိပါတယ်။ အော်.... (၇)နှစ်သားလေးတောင် လူဆိုးနဲ့ လူကောင်းခွဲခြားတတ်တယ် ဘယ်သူနိုင်မယ် ရှုံးမယ် သူစဉ်းစားတွေခေါ်တတ်တယ်လို့။

ကျမဆိုလိုချင်တာက လောကမှာ၊ ဒီကမ္ဘာကြီးမှာ အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ တိုက်ပွဲမှာ အမြဲပဲ အမှန်ဆိုတဲ့ ဓမ္မကပဲနိုင်ရစမြဲမဟုတ်လား။ ကျမတို့တွေ အမှန်ဘက်ကရပ်တည်ခဲ့ကြတယ်။ ရပ်တည်နေကြတယ်။ ဘာကြောင့်တွေဝေကြတာလဲ။

ကျမတို့ရွေ့မှာတင် တောင်အာဖရိကက မစ္စတာမင်ဒဲလားထောင်ထဲမှာ (၂၇) နှစ်နေခဲ့ရတယ်။ နေပြခဲ့တယ်မဟုတ်လား။ ပြီးတော့ကိုလိုနီဘဝမှာ နေခဲ့ရတဲ့နှစ်တွေရောနည်းလို့လား၊ နှစ်ပေါင်း (၁၀၀) ကျော်ပါတယ်။ ဒါပေမယ့် မျိုးဆက်တွေအဆင့်ဆင့်လက်ဆင့်ကမ်းပြီမဆုတ်မနစ် တိုက်ခဲ့ကြလို့ လွတ်လပ်ရေးရခဲ့တာမဟုတ်လား။ အလကားနေရင်း ထိုင်ရင်းမေတ္တာပို့ရင်းနဲ့ လွတ်လပ်ရေးရခဲ့တာမဟုတ်ဘူးလေ။

တန်ဖိုးရှိတဲ့ အရာတိုင်းကို လွယ်လွယ်နဲ့မရတတ်ပါဘူး။ တကယ့်ကို ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်မှ ရနိုင်တာမျိုးပါ။ ကျမတို့တွေလိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဟာလည်း အင်မတန်ကောက်ကျစ်ယုတ်မာတဲ့ နအဖလို လူမဆန်တဲ့၊ လူ့တန်ဖိုးနားမလည်တဲ့ စစ်ဘီလူးတွေကို အပြုတ်တိုက်နိုင်မှ ရရှိနိုင်မှာပဲ။ နို့မို့ကတော့ ခင်ဗျားတို့ ကြိုက်တာအကုန်ယူပါ။ အရိုးအရင်း အငွေ့အသက်ကလေးလောက်တော့ ကျနော်တို့ကို ပေးပါဆိုတဲ့ အပေးအယူမျိုးပဲရနိုင်မှာပါ။

ကျမအသေအချာ ထပ်ပြောချင်ပါတယ်။ ရန်သူကို ရန်သူလို့မြင်နိုင်ဖို့ အရေးကြီးပါတယ်။ ရန်သူကပေးနေတဲ့ အိပ်မက်တွေမှာ မျောပါမသွားဖို့ လိုပါတယ်။ ကျမတို့ ဘက်တော်သားတွေဟာ တော်လှန်ရေးကာလထဲမှာပဲရှိနေပါသေးတယ်။ ကျမတို့ရဲ့ အင်အားစုတွေဟာ တော်လှန်ရေးထဲမှာပဲ မြှုပ်နှံဖို့သင့်ပါတယ်။ တကယ့်တည်ငြိမ်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တော်လှန်ရေးအောင်မြင်ပြီးပြီးချင်းလည်း မရနိုင်သေးပါဘူး။ အဲဒီတော်လှန်ရေး အောင်မြင်ပြီးချိန်မှာ တည်ဆောက်ရေးတွေလုပ်ရမှာပါ။ ဒါပေမယ့် ဒီဖက်မှာက အဓိကကိုမေ့ထားပြီး နုတ်ခမ်းနာနဲ့တည့်ပါ့မလားလို့ စိုးရိမ်နေသူတွေကများနေပါတယ်။ ကျမတို့ မုန့်ဆီကြော်မကြော်ရသေးပါဘူး။ အခုထဲက ပြင်နေတာပေါ့လို့ ပြောနေသူတွေကိုတော့ ကျမက ပြောချင်ပါတယ်။

မုန့်ဆီကြော် မကြော်ဖြစ်သေးသ၍ ဘယ်လိုမှ စားမရပါဘူး။ မုန့်ဆီကြော်ကျက်ဖို့ အားလုံးကူညီပြီးလုပ်ဆောင်ဖို့လိုပါတယ်။ တော်လှန်ရေးအင်အားစုတွေဟာ မယောင်ရာဆီလူးပြီး ဖွဲထုတ်ခြင်းမခံရအောင် နိုင်ငံရေးအသိတွေမြင့်မားခိုင်မာဖို့လိုပါတယ်။

ကျမတို့ အင်အားစုတွေဟာ နအဖကို နည်းမျိုးစုံနဲ့တိုက်တယ်လို့ဆိုရာမှာ တိုက်တဲ့နည်းတိုင်း ထိရောက်ဖို့လိုပါတယ်။ နအဖ အကြိုက်တွေ့သွားနိုင်တဲ့နည်းမျိုးကိုတော့ စဉ်းစားရှောင်ရှားရမှာပါပဲ။

ငါတို့ကတော့ အကြမ်းမဖက် ငြိမ်းချမ်းတဲ့နည်းနဲ့ တိုက်မှာပဲဆိုရင် ထန်းမနိုင်ရှာသူလေး မစုစုနွေးလို ဗမာပြည်ထဲက ဝင်တိုက်ဖို့ နမူနာယူသင့်ပါတယ်။ အကြမ်းမဖက်နည်းရဲ့အမြင့်ဆုံးတိုက်ပွဲဟာ မိမိကိုယ်ကို စတေးပြရမှာပါ။ ကိုယ့်အသက်ကိုစတေးပြီး ရန်သူကို ယုံကြည်မှုအားအင်ထုတ်ပြနိုင်ရမှာပါ။ ငြိမ်းချမ်းစွာ အစာငတ်ခံတဲ့အဆင့်ကိုတောင် ရက်အကန့်အသတ်မဲ့ တိုက်ပွဲဝင်ရဲကြရဲ့လား။ စစ်မှန်တဲ့ အကြမ်းမဖက်ငြိမ်းချမ်းရေးနည်းဟာ လက်နက်ကိုင်တော်လှန်ရေးထက် အဆင့်မြင့်ပါတယ်။ တကယ်ယုံကြည်ကြရင် အဆင့်ကို တဆင့်ချင်းမြှင့်ပြီး တိုက်ပွဲဝင်ပြကြ စေချင်ပါတယ်။ တယောက်ပြီးတယောက် တဗိုလ်ကျ တဗိုလ်တက်စနစ်နဲ့ ရာထောင် သောင်းချီပြီး တိုက်ပွဲဝင်ပြရမှာပါ။ အဲဒီလို စိတ်ဓာတ်ခိုင်မာစွာ ယုံကြည်သူတွေရှိနေပြီဆိုရင်တော့ ဒီနေ့ အောင်ပွဲစရမဲ့နေ့ပါပဲ။ ‘နအဖနဲ့ ဝေးရာကနေပြီး အေ်ပြနေ လက်သီးလက်မောင်းတန်းပြရုံနဲ့တော့ အကြမ်း မဖက်တိုက်ပွဲဝင်နေတာလို့ မသုံးနှုန်းကြစေချင်ဘူး။

ကျမတို့ တနေ့ကျရင်နိုင်မှာပါ။ တိုက်ရဲသူတွေအတွက်သာ အောင်ပွဲက စောင့်ကြိုနေမှာပါ။ နိုင်ငံရေးနည်းလား၊ အကြမ်းမဖက်နည်းလား၊ လက်နက်ကိုင်တိုက်ပွဲလား၊ ဘယ်လမ်းကိုလျှောက်လျှောက် အစစ်အမှန်ဖြစ်ဖို့၊ ယုံကြည်ချက် ခိုင်မာဖို့အဓိကကျပါတယ်။

ကျမရဲ့ (၇) နှစ်သားလေးလို အတွေးအခေါ်ပြတ်သားဖို့တော့ လိုပါလိမ့်မယ်။

❖

## အဲန်ဒီဒီ ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်ဥမ္မာကို ရွေးချယ်


ဥက္ကဋ္ဌသစ် ဒေါ်ခင်ဥမ္မာ

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (အဲန်ဒီဒီ)၏ ဒုတိယအကြိမ်ညီလာခံကို နိုဝင်ဘာလ (၅) ရက်မှ (၈) ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တွင် ကျင်းပခဲ့ပြီးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်ဥမ္မာကို ရွေးချယ်ခဲ့ကြသည်။ ပြည်ပရှိ အမျိုးသားအများစု ပါဝင်သည့် အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းများတွင် အမျိုးသမီးတဦးအား ဥက္ကဋ္ဌအဖြစ် ပထမဦးဆုံးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ အမျိုးသမီးတဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် အဲန်ဒီဒီအဖွဲ့ဝင်တဦးဖြစ်သူ ကိုကျော်ထင်က “ကောင်းတယ်လေ။ ကျနော်တို့မြင်တာကတော့၊ မြန်မာပြည်မှာလည်း ဒီလိုပဲပေါ့ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသမီးဖြစ်တယ်။ ကျနော်ထင်တယ်၊ အဲန်အယ်လ်ဒီ ဥက္ကဋ္ဌလည်း လုပ်လို့ရတယ်။ မြန်မာပြည် သမတလည်း လုပ်လို့ရတယ် ကျနော်ကတော့ အဲလိုပဲမြင်တယ်”ဟု သူ၏ အမြင်ကိုပြောပြသည်။

ယခင် ဥက္ကဋ္ဌဟောင်းဖြစ်သူ ကိုကျော်ကျော်က “အဲန်ဒီဒီစဖွဲ့တုန်းကလည်း ဦးဆောင်မှုအခန်းကဏ္ဍမှာ အနည်းဆုံး အမျိုးသမီး (၃၀) ရာခိုင်နှုန်းပါဝင်ရမယ်လို့ မူချပြီးတော့လုပ်ခဲ့ပါတယ်။ ကျနော်တို့အဖွဲ့က အကောင်အထည်ဖော်တဲ့ လုပ်ငန်းစဉ်တွေက (Personalize) လုပ်တာထက် (Instiutionalize) လုပ်ဖို့က အရေးကြီးတယ်။ အမျိုးသမီးဦးဆောင်သည်ဖြစ်စေ၊ အမျိုးသားဦးဆောင်သည်ဖြစ်စေ၊ ပုဂ္ဂိုလ်တွေရဲ့ စွမ်းဆောင်နိုင်ရေးက အများကြီးအရေးကြီးပါတယ်” ပြောသည်။

ဥက္ကဋ္ဌသစ် ဒေါ်ခင်ဥမ္မာက “နိုင်ငံရေးမူဝါဒတွေချကြပြီဆိုလို့ရှိရင် ဒီမူဝါဒတွေက ကျမတို့ ပြည်သူလူထုရဲ့ဘဝကို တိုက်ရိုက်ဆိုးကျိုးကောင်းကျိုးသက်ရောက်စေတဲ့ မူဝါဒတွေဖြစ်ပါတယ်။ ဆိုးကျိုးသော်လည်းကောင်း၊ ကောင်းကျိုးသော်လည်းကောင်း ဖြစ်စေမယ့်ဟာတွေဆိုတော့ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ထက်ဝက်ကျော်သောအမျိုးသမီးထုက သူတို့ကိုယ်တိုင်သော်လည်းကောင်း၊ သူတို့ရဲ့ ကိုယ်စားပြုအသံတွေနဲ့ ကိုယ်စားလှယ်တွေရဲ့ ဆုံးဖြတ်ချက်တွေသော်လည်းကောင်း ပါအောင် လုပ်ဖို့လိုပါတယ်”ပြောသည်။ သူမက အဖွဲ့မှ ယုံကြည်စွာတာဝန်ပေးအပ်ခြင်းကို ဝမ်းသာကြောင်း၊ အမျိုးသမီးတဦး နိုင်ငံရေးအဖွဲ့အစည်း၏ ဦးဆောင်မှုအဖွဲ့တွင် ပါဝင်လာခြင်းအပေါ် အကဲခတ်ချင်တာတွေရှိနိုင်ကြောင်း၊ အဖွဲ့ဝင်များက ယုံကြည်၍ရွေးချယ်လိုက်သည့်အပေါ် ရဲရဲရင့်ရင့် တာဝန်ယူသွားမည်ဟု ဒီဗွီဘီအားပြောကြားသွားသည်။

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုကို (၂၀၀၁) ခုနှစ်တွင် စဖွဲ့စည်းခဲ့ပြီး (၂၀၀၃)တွင် ပထမအကြိမ်ညီလာခံကို ကျင်းပခဲ့သည်၊ ဒုတိယအကြိမ်ညီလာခံ သက်တမ်းကာလ (၂) နှစ်အတွင်း အဖွဲ့အစည်းကို ဦးဆောင်သွားမည့် မူဝါဒရေးရာ ဦးဆောင်အဖွဲ့ (၉) ဦးအား မဲပေးစနစ်ဖြင့်ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။❖

ဇွန်မိုုင်းဆောင်းပါးမှအဆက်....

ဒေါ်ဒေါ်တို့ အဲဒီဟာကြီးဟာ ဒီအတိုင်းပဲဆိုရင်တော့ နေမဖြောင့်၊ သေမဖြောင့်ဖြစ်နေမှာပဲ၊ အဲဒါပါပဲ၊ နောက် ဒေါ်ဒေါ်က လူငယ်၊ လူကြီးအားလုံးကို ကြိုးစားကြပါ။ နောက်တယောက်နဲ့ တယောက်လက်တွဲနိုင်အောင် ပြင်ဆင်ကြပါလို့ မှာချင်ပါတယ်။”

စိတ်ချပါအမေ။ ကျနော်တို့ အားလုံးလက်တွဲပြီး ဇွန်ပန်းရုံအနီးမှာ နှစ်ပေါင်းများစွာကျုံ့နေတဲ့ လှည်းဘီးကို အစွမ်းကုန်တွန်းတင်သွားပါ့မယ်။

ပြိုင်တူတွန်းရင် မရွေ့မရှိနိုင်ပါဘူးအမေ၊ သူရွေ့ကို ရွေ့ရမှာပါ။

အခုဆိုရင် ကျနော်တို့အားလုံးလည်း ပြိုင်တူတွန်းဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။

(၂၉၊ ၁၁၊ ၂၀၀၅)

အရှေ့မျက်နှာဖုံးမှအဆက်....

(၁၀–ခ)နှင့် နေအိမ်အကျယ်ချုပ်နောက်ထပ်တနှစ်၊ ယခု (၂၀၀၅) နိုဝင်ဘာ (၂၇)ရက်နေ့တွင် ပုဒ်မ (၁၀–ခ)နှင့် နေအိမ်အကျယ်ချုပ် နောက်ထပ် (၆) လ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့်ထိန်းသိမ်းခဲ့သည့်ကာလမှာ ပြီးခဲ့သည့် အောက်တိုဘာ (၂၄)ရက်က (၁၀) နှစ် တင်းတင်းပြည့်သွားခဲ့ပြီဖြစ်သည်။

❖

# ကျန်းမာရေး၊ပညာရေးအတွက် အီးယူက ယူရိုသန်း ၄၀၊ ဂျပန်က ဒေါ်လာ ၃.၈သန်း ကူညီမည်

မြန်မာနိုင်ငံ ကျန်းမာရေးနှင့်ပညာရေးအတွက် ဥရောပသမဂ္ဂ (အီးယူ)က ယူရိုငွေသန်း (၄၀) အကူအညီပေးမည်ဖြစ်သည်။ ထိုအကူအညီနှင့်ပတ်သက်ပြီး ဂျင်းဖရန်ကွိုင်ကော့တိန်းဦးဆောင်သော အီးယူကိုယ်စားလှယ်အဖွဲ့က ရန်ကုန်ရှိ ဒီမိုကရေစီအင်အားစုများကို နိုဝင်ဘာ (၂၃) ရက်က ခေါ်ယူရှင်းပြခဲ့သည်။ ရန်ကုန်ရှိ ဗြိတိန်သံအမတ်ကြီး၏နေအိမ်တွင်ပြုလုပ်သော အဆိုပါရှင်းလင်းပွဲသို့ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမဏီနိုင်ငံတို့မှသံတမာန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဂလေးလုံးမျိုးဆက်ကျောင်းသားများနှင့် တသီးပုဂ္ဂလနိုင်ငံရေးသမား (၁၀) ဦးတက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတက်ရောက်ခဲ့သူ အမျိုးသားရေးဦးဝင်းနိုင်က မကြာမီကထွက်သွားသည့်ဂလိုဘယ်ဖန်အဖွဲ့ကြီးနေရာတွင် အစားထိုး၍ ဗမာပြည်အကူအညီပေးရေးစီမံကိန်းများလုပ်ဆောင်ရန်ရည်ရွယ်ချက်နှင့်လာရောက်ဆွေးနွေးခြင်းဖြစ်သည်ဟုပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင် ဦးကျင်ရှင်းထန်က “ သူတို့ကတော့ အစိုးရနဲ့မဆိုင်ပဲ ကျနော်တို့ကြားကနေပြီးတော့ တကယ်လိုအပ်တာတွေကို ဖြည့်ဆည်းမယ်၊ ကူညီမယ်ဆိုတာ သူတို့ဆန္ဒဖြစ်တယ်။ ဒါပေမယ့် အဒီလိုလုပ်လို့ရမလားဆိုတာ ကျနော်တော့သိပ်မယုံဘူး။ ဘာပဲဖြစ်ဖြစ်ကျနော်တို့ အမျိုးသားရင်ကြားစေ့ဖို့လိုတယ်။ ဒီလို အားလုံးအရေးကြီးတဲ့ပွိုင့်မှာ မတူဦးတောင်မှ တူတဲ့အချက်တွေကိုလိုက်လုပ်ရအောင်ဆိုတဲ့အနေအထားနဲ့ လုပ်ထားတာလေ။ ဟိုတုန်းက ။ ဒါပေမယ့်လို့ မလွယ်ဘူး။ ကျနော်တို့နိုင်ငံက တခြားနိုင်ငံနဲ့မတူဘူး။ (Another World)ကျနော်တို့ နိုင်ငံကမလွယ်ပါဘူး။ လက်တွေ့တော့ဖြစ်မယ်မထင်ပါဘူး။ သူတို့လုပ်ကြည့်ဦးပေါ့”ဟု ဒီဗီဘီအားပြောပြသွားသည်။

ယခုရှင်းလင်းပွဲမှာ ဒီမိုကရေစီအင်အားစုများကို ခွင့်ပြုချက်တောင်းခံသည့် သဘောမဟုတ်ပဲ ဒီမိုကရေစီအင်အားစုများဖက်မှလူသားချင်းစာနာမှုအကူအညီများကို မကန့်ကွက်ရန် သတိပေးသည့်သဘောဖြစ်သည်ဟု ရှင်းလင်းပွဲတက်ရောက်သူတဦးကပြောသည်။

ဆွေးနွေးပွဲတွင် ပြည်တွင်းနိုင်ငံရေး၊ ကုလလုံခြုံရေးကောင်စီကိစ္စ၊ ညီလာခံကိစ္စ၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်း တို့ကိုထည့်သွင်းဆွေးနွေးခြင်းမရှိဟု သိရသည်။

ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ (၂၂) ရက်နေ့ကလည်း အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြင်ပပညာရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အီးယူ၏စီမံကိန်းသည် (၂၀၀၇) မှ ၂၀၁၃အထိ (၆) နှစ်စီမံကိန်းဖြစ်ပြီး ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် တတိယနိုင်ငံအားလုံးကို အကူအညီပေးမည့်အစီအစဉ်ထဲမှ အစိတ်အပိုင်းတခုဖြစ်သည်။ မြန်မာပြည်၏ ဆိုးဆိုးဝါးဝါးနိမ့်ကျနေသည့် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့်၊ အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို အဓိကထားကူညီသွားမည်ဖြစ်သည်။ ဂျပန်အစိုးရကလည်း မြန်မာနိုင်ငံရှိကလေးများကျန်းမာရေးတိုးတက်စေရန်အတွက် အမေရိကန်ဒေါ်လာ ၃ဒသမ၈သန်း ကိုယူနီဆက်ဖ်ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာ ရန်ပုံငွေအဖွဲ့မှတဆင့် ထောက်ပံ့ငွေပေးမည်ဟု နိုဝင်ဘာ (၉) ရက်နေ့ကပြောခဲ့သည်။ ကျဉ်းထဲကျပ်ထဲရောက်နေတဲ့အချိန်တွင် ယခုလိုငွေထောက်ပံ့မှုရခြင်းဟု ယူနီဆက်ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံကိုလူမှုရေးအထောက်အပံ့အများဆုံးပေးသည့် နိုင်ငံတခုဖြစ်ပြီး မြန်မာနိုင်ငံ၏ကျန်းမာရေးလုပ်ငန်းများအတွက် (၂၀၀၀) ခုနှစ်မှစတင်၍ ကူညီခဲ့ရာ အမေရိကန်ဒေါ်လာ (၂၅) သန်းကျော်ခန့်ရှိပြီးဖြစ်သည်။❖

# မြန်မာ့အရေး လုံခြုံရေးကောင်စီတင်ရန် ထိုင်းကသဘောမတူ

မြန်မာအရေး လုံခြုံရေးကောင်စီသို့တင်ရန် အမေရိကန်က ဦးဆောင်နေခြင်းကို ထိုင်းနိုင်ငံက သဘောမတူကြောင်း၊ နအဖစစ်အုပ်စုကို ဖိအားပေးခြင်းအားဖြင့် တိုးတက်ပြောင်းလဲမှုများဖြစ်စေမည်မဟုတ်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး (Kantathi Suphamongkhon)က ဒီဗွီဘီအားပြောခဲ့သည်။

ယခုကဲ့သို့ သဘောထားထုတ်ပြန်မှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် Sihasak ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့ရာ“ကျနော်တို့ ယူအဲန်ရဲ့အခန်းကဏ္ဍကို အလေးအနက်ထောက်ခံပါတယ်၊ အထူးသဖြင့် ယူအဲန်အထူးကိုယ်စားလှယ်ရဲ့ ကြားဝင်ဆောင်ပေးမှုကိုပါ၊ မြန်မာ့အရေးကို ယူအဲန်လုံခြုံရေးကောင်စီအထိအရေးယူဆောင်ရွက်ဘို့ အချိန်ကျရောက်ပြီလို့တော့ မထင်ပါဘူး၊ အပြုသဘော ဆက်ဆံရေးမူဝါဒဟာ တိုးတက်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ ကျနော်တို့ ယုံကြည်ထားပါတယ်” ဖြေကြားခဲ့သည်။

Mr.Sihasak က မြန်မာစစ်အုပ်စုနှင့်ဆက်ဆံပြောဆိုနိုင်အောင် တံခါးဆက်လက်ဖွင့်ထားခြင်းအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏အမြင်နှင့် ဖြစ်စေချင်သည့်ဆန္ဒများကို မြန်မာစစ်အုပ်စုအား ဆက်လက်နားချခွင့်ရနေကြောင်း၊ သို့သော် အပြုသဘောဆက်ဆံရေးသည် တကယ်တမ်းအလုပ်ဖြစ်ခဲ့သည်ကိုမတွေ့ရကြောင်း၊ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းသည်လည်း ဝေးနေပါသေးကြောင်းပြောသည်။

အကယ်၍ မြန်မာအရေးလုံခြုံရေးကောင်စီတင်ရန်ဆုံးဖြတ်ရာတွင် ထိုင်းနိုင်ငံက အဆုံးအဖြတ်မဲတမဲဖြစ်လာခဲ့လျှင် ထိုင်းနိုင်ငံ၏ သဘောထားမည်ကဲ့သို့ရှိမလဲဆိုသည့်အမေးကို “ထိုင်းနိုင်ငံဟာ ယူအဲန်ရဲ့အခန်းကဏ္ဍထောက်ခံကြောင်း ကျနော်ပြောခဲ့ပြီးပါပြီ၊ ဒါပေမယ့် ဒီအချိန်ဟာ လုံခြုံရေးကောင်စီတင်ဘို့ အချိန်မကျသေးဘူးလို့ထင်ပါတယ်”သူက ဖြေကြားခဲ့သည်။❖

# ထိုင်းကုမ္ပဏီများ ငွေသွင်းငွေထုတ်ခွင့် အမေရိကန်ပိတ်လိုက်ပြီ


ဝေရှောက်ခန်း

အမေရိကန်အစိုးရက ထိုင်းနိုင်ငံအခြေစိုက် အရှေ့တောင်အာရှတွင်နာမည်ဆိုးဖြင့်ကျော်ဇောနေသော ရွှေတြိဂံဒေသတွင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်နေသောအုပ်စုနှင့်ဆက်စပ်၍ စီးပွားရေးလုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား (၁၁) ဦးနှင့်ကုမ္ပဏီ (၁၆) ခုအား ငွေသွင်းငွေထုတ်ခွင့်ကို ပိတ်ပင်လိုက်သည်ဟု အေအက်ဖ်ပီ သတင်းဌာနကဖော်ပြသည်။ ထိုကုမ္ပဏီများသည် ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ ယူဒဗလျူအက်စ်အေမူးယစ်မှောင်ခိုဝေရှောက်ခန်းတို့နှင့် ငွေရေးကြေးရေး တစိတ်တပိုင်းပါဝင်ပတ်သက်နေသည်ဟု အမေရိကန်ဘဏ္ဍာရေးဌာန၏ကြေညာချက်တွင်ဖော်ပြထားသည်။ မူးယစ်ဆေးမှရသောငွေမဲများကို ငွေဖြူဖြစ်အောင်ကြိုးစားမှုကြောင့် မေရိကန်အစိုးရက ယခုကဲ့သို့အရေးယူလိုက်ခြင်းဖြစ်သည်။

ယူဒဗလျူအက်စ်အေ ခေါင်းဆောင်တဦးဖြစ်သူ ဝေရှောက်ခန်းကိုလွန်ခဲ့သည့် (၇) နှစ်က ချင်းမိုင်တွင် ဖမ်းဆီးရမိခဲ့သော်လည်း ဇဟိုထောင်မှ တရားရုံးသို့တရားစီရင်ရန်ခေါ်ဆောင်သွားစဉ် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ သူ့အား တရားရုံးမှ မျက်ကွယ်သေဒဏ်ချမှတ်ထားခဲ့သည်။ ဝေရှောက်ခန်းကိုအမေရိကန်တရားရုံးက ဘိန်းစိုက်ပျိုးမှု၊ ဟီးရိုးအင်းနှင့် မီသာအက်ဖက်တမင်းစိတ်ကြွဆေးပြားများ အမေရိကန်နှင့် ကမ္ဘာတဝှမ်းသို့ဖြန့်ဖြူးမှုဖြင့် အမေရိကန်ကနေ ဒေါ်လာ (၂)သန်းနှင့် ဖမ်းဝရမ်းထုတ်ထားခဲ့သည်။

# အိုင်အယ်လ်အိုမှ မထွက်တော့ပါဟု နအဖဆိုပြန်ပြီ

ပြီးခဲ့သည့်လက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အိုလ်) မှနုတ်ထွက်မည်ဟု နအဖက ခြိမ်းခြောက်ခဲ့သော်လည်း နိုဝင်ဘာ (၁၇) ရက် ဂျနီဗာတွင်ကျင်းပသော အိုင်အယ်လ်အိုလ်အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံအနေနှင့် အိုင်အယ်လ်အိုလ်မှ နုတ်ထွက်မည်မဟုတ်ပဲ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဟုဆိုသည်။

မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောကြောင့် အိုင်အယ်လ်အိုလ်မှထွက်မည်ဟုဆိုခဲ့သော်လည်း ဂျနီဗာအစည်းအဝေးတွင်မြန်မာပြည်သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ မိသားစုဝင်ဖြစ်သောကြောင့် အိုင်အယ်လ်အိုလ်အဖွဲ့ဝင်အဖြစ် ဆက်လက်ရှိနေမည်ဟု မြန်မာသံအမတ်ကဆိုပြန်သည် ။

အိုင်အယ်လ်အိုလ်မှထွက်မည်ဆိုသောအလုပ်သမားဝန်ကြီး ဦးသောင်း၏ပြောကြားမှုသည်ကြံ့ဖွံ့၊ စစ်မှုထမ်းဟောင်းများအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့၏ မြန်မာနိုင်ငံကို အိုင်အဲလ်အိုအဖွဲ့မှထွက်ရန် တောင်းဆိုချက်များအပေါ်စဉ်းစား၍ ပြောဆိုခဲ့ခြင်းဖြစ်သည်ဟုသူကပြောသည်။

(၂၉၄) ကြိမ်မြောက် အိုင်အယ်လ်အိုလ်အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေး၏ ထုတ်ပြန်ချက်တွင် နအဖသည် အိုင်အယ်လ်အိုလ်မှ အပြည့်အဝလုပ်ပိုင်ခွင့်ပေးထားသည့် ရန်ကုန်အိုင်အယ်လ်အိုလ်ရုံးနှင့် စေ့စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ ယခုအချိန်မှစ၍ (၂၀၀၆) ခုနှစ်၊မတ်လအတွင်း အဓမ္မစေခိုင်းမှုနှင့်ပတ်သက်ပြီးတိုးတက်အောင်ဆောင်ရွက်ရန်၊ အိုင်အယ်လ်အိုလ်ကိုသတင်းပေးသူ ဆက်သွယ်ဆောင်ရွက်သူများကို ဖမ်းဆီးထောင်ချကန့်သတ်ချုပ်ချယ်မှုများကို ပယ်ဖျက်ပေးရန်တို့ကို တောင်းဆိုထားသည်။

လက်ရှိ အိုင်အယ်လ်အိုလ်ဆက်သွယ်ရေးအရာရှိ ရစ်ချာဒ်ဟိုဆေးနှင့်ယခင်ဆက်သွယ်ရေးအရာရှိ လီယွန်တို့အပေါ် ခြိမ်းခြောက်မှုများကို ကန့်ကွက်ကြောင်း၊ ၎င်းတို့၏ လုံခြုံရေးကို မြန်မာစစ်အစိုးရက အပြည့်အဝတာဝန်ယူရမည်ဖြစ်ကြောင်း၊ ရန်ကုန်ရှိ အိုင်အယ်လ်အိုလ်ဆက်သွယ်ရေးအရာရှိများ တစုံတခုဖြစ်ခဲ့လျှင် မြန်မာအစိုးရကို နိုင်ငံတကာဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းလည်း သတိပေးထားသည်။❖

# စင်္ကာပူအစိုးရရဲ့ ကြောင်သူတော် ကြွက်သူခိုးလုပ်ရပ် သြစတြေးလျပြစ်တင်

စင်္ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှုအများဆုံးမြန်မာနိုင်ငံနှင့် ကုန်သွယ်ရင်းနှီးမှုများလုပ်နေသော်လည်း ဘိန်းဖြူ (၁၄) အောင်စခန့်သယ်ဆောင်မိသော မိမိတို့ နိုင်ငံသားတဦးကို သေဒဏ်ချလိုက်ခြင်းသည် ကြောင်သူတော် ကြွက်သူခိုးလုပ်ရပ်ဖြစ်သည်ဟု သြစတြေးလျလူ့အခွင့်အရေးလှုပ်ရှားသူတဦးက ဝေဖန်ပြစ်တင်လိုက်သည်။

(၂၀၀၂) ခုနှစ်က ချန်ဂီလေဆိပ်တွင် ဘိန်းဖြူ (၁၄) အောင်စ လက်ဝယ်တွေ့ရှိပြီး ဖမ်းဆီးခံရသော အသက် (၂၅) နှစ်အရွယ် သြစတြေးလျနိုင်ငံသား ငုယင်တောင်ဘန်းကို စင်္ကာပူအစိုးရက ဒီဇင်ဘာ (၂) ရက်တွင် သေဒဏ်အပြစ်ပေးလိုက်သည်။


ငုယင်တောင်ဘန်းနှင့်သူ့မိခင်

သြစတြေးလျရှေ့နေချုပ်က ဘိန်းလုပ်ငန်းနှင့်ပတ်သက်နေသော မြန်မာစစ်အစိုးရကို စင်္ကာပူက ကျားကန်ပေးနေပြီး တကြိမ်တခါမှားယွင်းမိသည့် မိမိတို့နိုင်ငံသားလူငယ်ကို သေဒဏ်ချမှတ်လိုက်ခြင်းသည် စင်္ကာပူအာဏာပိုင်တို့၏ ကြောင်သူတော် ကြွက်သူခိုးလုပ်ရပ်ဖြစ်သည်ဟု ပြစ်တင်ပြောကြားသည်။

သြစတြေးလျသတင်းစာအချို့တွင် စင်္ကာပူနှင့် မြန်မာစီးပွားရေးအဆက်အသွယ်များကို သတင်းမျက်နှာဖုံးပြည့် ဖော်ပြနေကြပြီး စင်္ကာပူ၏ စီးပွားရေးအထောက်အပံ့အချို့သည် မြန်မာနိုင်ငံရှိမူးယစ်ရာဇဝတ်ဂိုဏ်းများထံသို့ တိုက်ရိုက်ရောက်ရှိသွားသည့်အထောက်အထားများရှိသည်ဟု ရေးသားဖော်ပြနေကြသည်။ စင်္ကာပူ၏ ရင်းနှီးမြှုပ်နှံမှုများမှာ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ (၁ဒသမ၅) ဘီလျံခန့်ရှိပြီး မြန်မာစစ်အစိုးရ၏ အကြီးဆုံးစီးပွားဖက်ပါတနာဖြစ်သည်ဟု သတင်းများကဆိုသည်။❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက မဟာဗျူဟာရေးရာ ညှိနှိုင်းအစည်းအဝေးတရပ်ကျင်းပ လက်ရှိနိုင်ငံရေးအခြေအနေနှင့်ကိုက်ညီသည့်တိုက်ပွဲဝင် လုပ်ငန်းစီမံချက်ချမှတ် အရှိန်မြှင့်တိုက်ပွဲဝင်သွားမည်

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီအဲန်စီယူဘီ၏ မဟာဗျူဟာရေးရာ ညှိနှိုင်းအစည်းအဝေးတရပ်ကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် နိုဝင်ဘာ (၂၇) ရက်မှ (၂၉) ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ အမျိုးသားကောင်စီ၏ အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သည့် ဒီအေဘီ၊ အဲန်ဒီအက်ဖ်၊ အဲန်အယ်လ်ဒီ(အယ်လ်အေ)၊ အမ်ပီယူတို့မှ ကိုယ်စားလှယ် (၂၉ ) ဦးတက်ရောက်ခဲ့ကြပါသည်။



အမျိုးသားကောင်စီ၏ မဟာဗျူဟာညှိနှိုင်းအစည်းအဝေးကျင်းပစဉ်

အစည်းအဝေးတွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီအတွင်းရေးမှူးအဖွဲ့၏ ပြီးခဲ့သည့်တနှစ်တာကာလအတွင်း၊ လုပ်ဆောင်ပြီးစီးမှုအခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

မဟာဗျူဟာရေးရာ ညှိနှိုင်းအစည်းအဝေးမှ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးအမျိုးသားကောင်စီအနေဖြင့် လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်ကိုက်ညီသည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

အမျိုးသားကောင်စီ၏ ထုတ်ပြန်ချက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေနှင့်ကိုက်ညီသည့် တိုက်ပွဲဝင်လုပ်ငန်းစီမံချက်ချမှတ်လျှက် အရှိန်မြှင့်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း၊ အာဏာရှင်ရေးရှည်ကိုင်စွဲရေးအတွက် တိုင်းပြည်နှင့် ပြည်သူလူထုတရပ်လုံး၏အကျိုးစီးပွားအပေါ် မျက်ကွယ်ပြုပြီး၊ ဖက်ဆစ်စစ်အာဏာရှင်စနစ် ထူထောင်ရေး ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေမည်ဆိုပါက၊ တိုင်းပြည်အတွက် ဖြစ်ပေါ်လာမည့် ဆိုးကျိုးမှန်သမျှသည် နအဖစစ်အုပ်စုနှင့်သာ တိုက်ရိုက်သက်ဆိုင်ကြောင်းဖော်ပြထားသည်။

အဲန်စီယူဘီပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းက “ ဒီ ၂၀၀၆ ခုနှစ်ဟာ နိုင်ငံရေးအရ အရေးကြီးတဲ့အချိန်အခါဖြစ်လာတယ်။ မြန်မာ နိုင်ငံအတွင်းမှာ အထွေထွေအကျပ်အတည်းတွေလည်းသိပ်ကြီးလာတယ်။ တဖက်က စစ်အုပ်စုကလည်း သူလုပ်ချင်တာကို သူ့ဟာ သူဇွတ်တိုးပြီးတော့မှ တိုင်းပြည်နဲ့ ပြည်သူမျက်နှာ ကိုမကြည့်ပဲနဲ့ သူ့ဟာ သူလုပ်နေတာကိုတွေ့ရတဲ့အခါမှာ နိုင်ငံတခုလုံးမှာရှိတဲ့ တိုင်းပြည်နဲ့ပြည်သူလူထုတွေရဲ့အနာဂတ်အတွက် အရမ်းကို အဲန်စီယူဘီရဲ့ ခေါင်းဆောင်တွေ၊ အဖွဲ့ဝင်အဖွဲ့အစည်း အသီးသီးကခေါင်းဆောင်တွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်ခဲ့တယ်။ အဲဒါကြောင့်မို့လို့ ဒီကနေ့တော့ အဲန်စီယူဘီဟာ အရေးကြီးတိုက်ပွဲပုံစံတရပ်ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဖို့လိုအပ်လာပြီ။ ဒီအတွက် နိုင်ငံရေးအရ ရပ်တည်ချက်သဘောထားကို ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဖို့လိုအပ်လာပြီ။ ဒီအတွက် နိုင်ငံရေးအရ ရပ်တည်ချက်သဘောထားကိုချမှတ်ပြီးတော့ ဆောင်ရွက်ဖို့လိုလာပြီ။ အဲဒီ လုပ်ငန်းစဉ်တွေချမှတ်ပြီး အကောင်အထည်ဖော်ဖို့ သဘောထားတွေကိုအခြေခံအားဖြင့် သတ်မှတ်ခဲ့တယ်လို့ ပြောလို့ရပါတယ်” ဟုပြောသည်။

မြန်မာ့အရေးကို ကုသမဂ္ဂလုံခြုံရေးကောင်စီကနေ ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်အစိုးရ၏တောင်းဆိုချက်ကို အဲန်စီယူဘီက လှိုက်လှဲစွာကြိုဆိုကြောင်း ဦးမြင့်သိန်းကပြောသည်။ ❖

# ဂျပန်ထောက်ခံမှုရရှိရေး အမျိုးသားကောင်စီကိုယ်စားလှယ်အဖွဲ့ ၏ စည်းရုံးရေးခရီးစဉ်



ဒေါက်တာသောင်းထွန်း

ပြည်ထောင်စု မြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) ဒေါက်တာစိန်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့အရေးကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သည့်အခါတွင်ဂျပန်နိုင်ငံ၏ ထောက်ခံမှုရရှိရန် ဂျပန်ရှိ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ ဂျပန်နိုင်ငံခြားရေးဌာနမှ အရာရှိများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ်ဦးစိန်ဝင်းနှင့် အဖွဲ့သည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနခွဲမှ နိုင်ငံခြားရေးမှူး မစ္စတာဟီရိုတိုရှိ ၊ဂျပန်နိုင်ငံရှိ မြန်မာ့ဒီမိုကရေစီရေးကူညီဆောင်ရွက်ပေးနေသော လွှတ်တော်အမတ်များ သမဂ္ဂတို့နှင့်တွေ့ဆုံခဲ့သည်။

မစ္စတာဟီရိုတိုရှိ၏ တွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ ဒေါက်တာသောင်းထွန်းက “ ဂျပန်အစိုးရအနေနဲ့ မြန်မာပြည်ကိစ္စလုံခြုံရေးကောင်စီတင်ဖို့ကိစ္စမှာ ခြေတုံချတုံရှိနေတဲ့သဘောတွေရှိနေပါတယ်။ ဝေဝါးနေတဲ့သဘောတွေရှိပါတယ်။ ဘာပဲပြောပြော ကျနော်တို့အနေနဲ့က တချို့သူတို့နားလည်မှုလွဲနေတဲ့ဟာတွေကို ကျနော်တို့ ရှင်းပြခွင့်ရခဲ့ပါတယ်။ ကျနော်တို့ဖက်က လုံခြုံရေးကောင်စီကိစ္စကစပြီး ဆွေးနွေးကတည်းကပြောတာက ကျနော်တို့တင်ရတဲ့ရည်ရွယ်ချက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကို လုံခြုံရေးကောင်စီနဲ့ နိုင်ငံရေးအရ ကျောထောက်နောက်ခံပေးဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံမှာတွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်တဲ့နေရာမှာပိုပြီးတော့ ထိထိရောက်ရောက် လုပ်နိုင်ဖို့ပေါ့လေ။ နအဖအနေနဲ့အထွေထွေညီလာခံတို့ လူ့အခွင့်အရေးကော်မရှင်တို့ကနေချမှတ်တဲ့ ဆုံးဖြတ်ချက်တွေကို မလိုက်နာဘူး။ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ကိုယ်စားလှယ် မစ္စတာရာဇာလီရော၊ မစ္စတာ ပင်ဟဲရိုးရောသွားခွင့်တောင်မရတဲ့အနေအထားမျိုးဖြစ်နေတယ်။ အဲဒီအနေအထားကနေကျော်လွှန်ဖို့ဆိုတာက နအဖအပေါ်မှာ တကယ်တမ်းစည်းနှောင်တဲ့ လုံခြုံရေးကောင်စီမှာ ဆုံးဖြတ်ချက်တွေ၊ ညွှန်ကြားချက်တွေရှိဖို့လိုတယ်။ ဒါကို ရှင်းပြတဲ့အပိုင်းတွေရှိပါတယ်”ဟု ဆွေးနွေးပွဲအကြောင်းပြန်လည်ပြောပြခဲ့သည်။

သူက ဆက်လက်၍ “ လုံခြုံရေးကောင်စီတင်ရင် (၉) နိုင်ငံက ထောက်ခံဖို့ဆိုရင်ပေးပါတယ်။ ဘယ်နိုင်ငံမဆို၊ ဂျပန်နိုင်ငံက လောလောဆယ် အဆင်သင့်ဖြစ်ကောင်းမဖြစ်သေးပဲနေမယ်။ သို့သော်လည်းပဲ တခြားအဆင့်ဖြစ်တဲ့ ထောက်ခံတဲ့နိုင်ငံ (၉) နိုင်ငံရှိလို့ရှိရင် လုံခြုံရေးကောင်စီ (Agenda) ကို ရောက်သွားနိုင်တယ်။ အဲဒါကလည်း လောလောဆယ်ကို (၇) နိုင်ငံလောက် အဆင်သင့်ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ နောက်ထပ်တနိုင်ငံရဖို့ ကြိုးပမ်းတဲ့နေရာမှာ ဖြစ်သွားနိုင်တဲ့အနေအထားတွေရှိပါတယ်”ပြောသည်။

ထောက်ခံမဲ (၉) မဲ ရရှိခဲ့လျှင်ပင် ဗီတိုအာဏာသုံးပြီး ပယ်ချနိုင်သော တရုတ်နိုင်ငံအနေနှင့်ရေရှည်တွင် သူမတူအောင် လူ့အခွင့်အရေးချိုးဖောက်နေသော နိုင်ငံတနိုင်ငံအားသိက္ခာကျခံပြီး သံတမန်ရေးကာကွယ်မှုပေးမည်မဟုတ်ကြောင်း၊ အစပိုင်းတွင် ကန့်ကွက်မှုများရှိကောင်းရှိမည်ဖြစ်သော်လည်း ဆက်ကာဆက်ကာတင်ပြခြင်းဖြင့် နိုင်ငံအားလုံး၏ သဘောတူညီမှုရရန် ပိုနီးစပ်လာမည်ဟုယူဆကြောင်း ဒေါက်တာသောင်းထွန်းက ပြောကြားခဲ့သည်။❖

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲပြုလုပ်

ထိုင်း–မြန်မာနယ်စပ်တနေရာတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (အဲန်အယ်လ်ဒီ–အယ်လ်အေ) တို့ပူးတွဲဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဘောထားဆန္ဒထုတ်ဖော်ရေးကော်မတီ (စီစီအာရ်ပီအေ) ၏ သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ (၄) ရက်နေ့ကပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် အဖွဲ့ဥက္ကဋ္ဌဖြစ်သူစစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်အမှတ် (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင်က“အနာဂတ်နိုင်ငံတော်အခြေခံဥပဒေပေါ်ပေါက်ရေးအတွက်ကို ရေးဆွဲတဲ့နေရာမှာ အောက်ခြေလူတန်းစားရဲ့အထိပေါ့နော်၊ ကျယ်ကျယ်ပြန့်ပြန့် လူထုပါဝင်နိုင်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ကျနော်တို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နောက်တခုက ကျနော်တို့အဖွဲ့က အခြေခံဥပဒေရေးဆွဲဖို့ မဟုတ်ပါဘူး။ အခြေခံဥပဒေရေးဆွဲဖို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ တချိန်မှာ လွှတ်တော်ပေါ်လာလို့ လွှတ်တော်မှာရေးဆွဲရင်ဒီမှာ ကျနော်တို့က အချက်အလက်တွေပံ့ပိုးဖို့ပါ” ဟုပြောသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက“လူထုကဒီဖွဲ့စည်းပုံအခြေခံဥပဒေ တကယ့်ကိုအရေးကြီးတယ်။ ငါတို့ဆန္ဒကို ထင်ဟပ်ဖော်ပြတဲ့ ဖွဲ့စည်းပုံဖြစ်ဖို့ လိုတယ်ဆိုတာကို လုံးဝလက်ခံလာကြပြီဆိုရင်တော့ သူတို့ ဆန္ဒကိုဖော်ထုတ်လာကြမှာပဲ။ ကျနော်တို့ လူမျိုးဟာ ဖော်ထုတ်နိုင်တဲ့စွမ်းအားရှိတယ် ဆိုတာကို ကျနော်တို့ ယုံကြည်တယ်” ဟု ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုသဘောထားဆန္ဒထုတ်ဖော်ရေး ကော်မတီကထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကြားတွင် ဆွေးနွေးပွဲ (၉) ကြိမ်နှင့် ရက်တိုသင်တန်း (၁) ကြိမ်ကျင်းပအကောင်အထည်ဖော်ပေးနိုင်ခဲ့သည်ဟုသိရသည်။ ဆန္ဒဖော်ထုတ်ရေးကော်မတီက မြန်မာနိုင်ငံနယ်စပ်ဒုက္ခသည်စခန်းများနှင့် ပြည်တွင်းထိစပ်နယ်မြေများထိ လုပ်ငန်းတိုးချဲ့လုပ်ဆောင်သွားရန်၊ နိုင်ငံတကာရောက်နေသော ပြည်သူလူထုများထံမှ သဘောထားများကိုကောက်ခံရန် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားသည်ဟုသိရသည်။



စီစီအာရ်ပီအေ၏ သတင်းစာရှင်းလင်းပွဲ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုသဘောထား ဆန္ဒဖော်ထုတ်ရေးကော်မတီကို မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေတို့ပူးတွဲ၍ (၂၀၀၄) ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်တွင်ဖွဲ့စည်းခဲ့သည်။

# “တို့အရေး” မှတ်တမ်းရုပ်ရှင်ပြသပြီ




ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် မြန်မာပြည်သူများ၏ ဒီမိုကရေစီလှုပ်ရှားမှုများကို ထောက်ခံအားပေးသည့်အနေနှင့် အမေရိကန်နိုင်ငံလူ့အခွင့်အရေးလှုပ်ရှားသူများက တို့အရေးဟု ခေါင်းစဉ်ပေးထားသည့် မှတ်တမ်းရုပ်ရှင်တခုကို မကြာမီ ကမ္ဘာအနှံ့ကို ဖြန့်ဝေပြသတော့မည်ဖြစ်သည်။

တို့အရေးမှတ်တမ်းရုပ်ရှင်ထဲတွင် ခေါင်းငုံ့ခံနေသည့်အတွက်သာ အာဏာရှင်က ဖိနှိပ်မှုတွေကိုဆက်လက်ပြီး လုပ်နေခြင်းဖြစ်ကြောင်း၊ ကိုယ့်ရဲ့လွတ်မြောက်ခွင့် အခွင့်အရေးဆိုတာ ကိုယ်တိုင်တိုက်ပွဲဝင်မှဖြစ်တဲ့အကြောင်း ကမ္ဘာအရပ်ရပ်မှ လွတ်မြောက်ရေးလှုပ်ရှားမှုအတွေ့အကြုံများကို နမူနာပေးတင်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့၌ သမတဘုရှ်၊ သမတကလင်တန်နှင့်အဆိုတော် Bono စသည့် နိုင်ငံတကာနိုင်ငံရေးခေါင်းဆောင်များ၊ အနုပညာရှင်များမှ မြန်မာပြည်သူလူထုနှင့် ဒေါ်အောင်ဆန်းစုကြည်ကို နှုတ်ခွန်းဆက်သသည့်စကားများ၊ Rem linear Right, Bono တို့အပါအဝင် ကမ္ဘာကျော်ဂီတပညာရှင်တွေရဲ့ သီချင်းများ၊ နအဖစစ်တပ်၏ တိုင်းရင်းသားနယ်မြေများတွင် လူ့အခွင့်အရေးချိုးဖောက်နေသည့် လျှို့ဝှက်မှတ်တမ်းပုံများကို ရိုက်ကူးတင်ပြထားသည်။

ထိုရုပ်ရှင်ကားကို ဝါရှင်တန်အခြေစိုက် Hurman Right Action အဖွဲ့က စီစဉ်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာလွတ် ငြိမ်းချမ်းသာခွင့်အဖွဲ့အစည်းတွင် အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် (၁၂) နှစ်ကျော် တာဝန်ထမ်းဆောင်ရင်း ကမ္ဘာအနှံ့ လူ့အခွင့်အရေးကိစ္စများကို ဆောင်ရွက်ခဲ့သူ ဂျက်ဟီလီက ဦးဆောင်စီစဉ်ခဲ့ခြင်းဖြစ်သည်။ သူသည် ဒေါ်အောင်ဆန်းစုကြည်ကို အဲန်အယ်လ်ဒီဌာနချုပ်ရုံး၌ (၁၉၉၃) ခုနှစ်၊ ဖေဖော်ဝါရီလတွင် တွေ့ဆုံခဲ့ဖူးသည်။ (US Campaign for Burma)အဖွဲ့နှင့်ပူးပေါင်းပြီး ဒေါ်အောင်ဆန်းစုကြည်အတွက် (For The Lady) သီချင်းကို ထုတ်ဝေခဲ့သူလည်းဖြစ်သည်။

ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပါဝင်လုပ်ဆောင်ခဲ့သည့် ဒွန်ဂျက်ကော့က “ဒီမှတ်တမ်းရုပ်ရှင်ကိုပြုလုပ်ရတာဟာ လွတ်မြောက်ရေးအတွက် ရုန်းကန်နေတဲ့ မြန်မာပြည်သူတွေဟာ သူတို့ချည်းသက်သက်မဟုတ်ပဲ တကမ္ဘာလုံးက ကူညီအားပေးထောက်ခံနေတယ်ဆိုတာကို မြန်မာပြည်သူတွေသိစေလိုတဲ့ ရည်ရွယ်ချက်ကြောင့်ဖြစ်တယ်”ဟုပြောသည်။

မှတ်တမ်းရုပ်ရှင်တွင် ပါဝင်လုပ်ကိုင်နေသူ မခင်သူထွေးက “ရုပ်ရှင်နာမည်ကို တို့အရေးလို့ သူတို့ပေးထားတာဘာဖြစ်လို့လဲဆိုတော့ ဒီတခြားနိုင်ငံတွေမှာ လူထုအုံကြွမှုဖြစ်တဲ့အခါမှာ ကြွေးကြော်တဲ့အသံတွေရှိတယ် တောင်အာဖရိကတိုက်မှာဆိုလို့ရှိရင် သူတို့ရဲ့ လူ့အခွင့်အရေးတွေကို တောင်းဆိုတာပဲ။ တို့အရေး တို့အရေးဆိုတဲ့အသံက တင်ပဲလူတွေကို သတ္တိတွေပေးတယ်ဆိုတော့ အဲ့ဒီလိုအော်ရဲတဲ့သတ္တိကပဲ ပြောင်းလဲမှုတွေကို ပြန်လုပ်တာပေါ့ ”ပြောပြသည်။

တို့အရေးမှတ်တမ်းရုပ်ရှင်ကားကို ဒီဇင်ဘာလ (၉) ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဖွင့်ပွဲအနေနှင့် စတင်ပြသမည်ဖြစ်ပြီး အဲန်စီဂျီယူဘီအမျိုးသား ညွန့်ပေါင်းအစိုးရနှင့် Hurman RightCenter အဖွဲ့က တည်ခင်းဧည့်ခံမည်ဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်များ နာမည်ကြီးအနုပညာရှင်များကို ထိုဖွင့်ပွဲသို့ဖိတ်ကြားထားသည်ဟုသိရသည်။

ရုပ်ရှင်ကားကို ဒီမိုကရက်တစ် မြန်မာ့အသံ ဒီဗွီဘီရုပ်မြင်သံကြားမှတဆင့် လူ့အခွင့်အရေးနေ့ ဒီဇင်ဘာလ ( ၁၀ ) ရက်နေ့၊ ညနေ (၆း၃၀) တွင် တကြိမ်၊ ည (၇း၁၅) မိနစ်တွင်တကြိမ် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာလ (၁၁) ရက်နေ့ နေ့လည် (၁) နာရီ နေ့လည် (၁း၄၅) တွင် တကြိမ်ပြသပေးမည်ဟုသိရသည်။

❖

# ဒီဇင်ဘာ(၅)ရက်နေ့တွင် ပြန်လည်ကျင်းပမည့် နအဖ၏အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

၁။ နအဖစစ်အုပ်စုသည် ၎င်းတို့၏ အတုအယောင်အမျိုးသားညီလာခံကြီးကိုပြန်လည်ကျင်းပမည်ဖြစ်သည့်အတွက် ယင်းအတုအယောင် အမျိုးသားညီလာခံကြီးမှ ပေါ်ထွက်လာမည့်ရလာဒ်များအပေါ် အခြေပြုသည့် မြန်မာနိုင်ငံ၏ အနာဂတ်အလားအလာများနှင့်စပ်လျဉ်း၍ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် များစွာရင်လေးမိကြောင်းထုတ်ပြန်လိုက်သည်။

၂။ နအဖစစ်အုပ်စုသည် ၎င်းတို့အာဏာရေရှည်ကိုင်စွဲသွားနိုင်ရေးနှင့် နိုင်ငံတကာအမြင်တွင်တရားဝင်မှုရရှိရေးတို့အတွက်၊ စစ်မှန်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုကျောခိုင်းကာ အတုအယောင်အမျိုးသားညီလာခံကြီးကို ဖန်တီးခဲ့သည်။ တိုင်းရင်းသားလူမျိုးတမျိုးချင်းစီ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခြေခံအခွင့်အရေးများအပါအဝင် ဒီမိုကရေစီအခြေခံကျင့်စဉ်များနှင့် ကင်းလွတ်ဆန့်ကျင်နေသည့် အတုအယောင်အမျိုးသားညီလာခံကို တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အားအဓမ္မနည်းမျိုးစုံသုံး၍ အတည်ပြုနိုင်ရန်ကြိုးပမ်းခဲ့ကြသည်မှာ ဆယ်စုနှစ်တခုကျော်ခဲ့ပြီဖြစ်သည်။

၃။ တချိန်တည်းတွင် (၁၉၉၀) ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် တိုင်းရင်းသားပြည်သူတရပ်လုံး၏ ရင်တွင်းဆန္ဒအမှန်ဖြစ်သည့် ရွေးကောက်ပွဲရလာဒ်အပါအဝင်၊ ပြည်သူလူထုကြီးမှ ရွေးကောက်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကိုလည်း မှေးမှိန်ပျောက်ကွယ်အောင် နည်းလမ်းမျိုးစုံကျင့်သုံးလျက်၊ ဦးဆောင်နိုင်ငံရေးပါတီတရပ်ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးနှင့် ယင်း၏ ခေါင်းဆောင်များကို အပြင်းအထန် ချေမှုန်းမှုများပြုလုပ်ခြင်း၊ ပါတီယန္တယားများကို အဓမ္မရပ်ဆိုင်းစေခြင်းများပြုလုပ်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မှန်ကန်သည့် နိုင်ငံရေးလိုအပ်မှုအရ တောင်းဆိုချက်များကို ဆန့်ကျင်ကျောခိုင်းခဲ့ကြသည်။

၄။ နအဖတို့၏ အတုအယောင်အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးလူမျိုးတမျိုးချင်းစီ၏ အခြေခံအခွင့်အရေးများကို မှန်ကန်စွာအာမခံချက်ပေးနိုင်မည့် ပြဋ္ဌာန်းချက်များထည့်သွင်းပေးရန် တိုင်းရင်းသားကိုယ်စားလှယ်များ၏ တင်ပြချက်ဆွေးနွေးချက်များကို မျက်ကွယ်ပြုရုံမက၊ ယင်းတိုင်းရင်းသားအဖွဲ့အစည်းများကို ပြင်းပြင်းထန်ထန်ဖိနှိပ်ချေမှုန်းမှုများလုပ်ခဲ့သည်။ သို့ဖြစ်၍လည်း မွန်ပြည်သစ်ပါတီအနေဖြင့်နအဖအမျိုးသားညီလာခံကို ယနေ့ကျောခိုင်းလိုက်ခြင်းသည် မှန်ကန်သည့်လုပ်ရပ်ဖြစ်သည်ဟု အလေးအနက်သုံးသပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ယခုထပ်မံကျင်းပမည့် အတုအယောင်အမျိုးသာညီလာခံသည်၊ တိုင်းပြည်နှင့် ပြည်သူတရပ်လုံးအတွက် မည်သို့မျှ အကျိုးပြုနိုင်မည်မဟုတ်ဟု အခိုင်အမာသုံးသပ်မိသည့်အတွက်၊ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အပြင်းအထန်ရှုံ့ချကြောင်း ထုတ်ပြန်လိုက်သည်။

ရက်စွဲ။ ။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ (၄) ရက်

# မလေးရှားအမတ်စစ်အုပ်စုကိုဟစ်တလာ၊စတာလင်တို့ နှင့်နှိုင်းယှဉ်ရှုတ်ချ

“ခင်ဗျားတို့ ဟစ်တလာလို၊ စတာလင်လိုလူမျိုးတွေနဲ့ လုပ်ငန်းလက်တွဲလုပ်ကြမလား။ အလုပ်ဖြစ်ဖို့လေးကိုပဲ ကြည့်မနေပါနဲ့၊ လူ့အခွင့်အရေးချိုးဖောက်နေတာကိုလည်း ကြည့်ပါဦး။ မကောင်းဆိုးဝါးမိစ္ဆာတွေနဲ့တော့ အလုပ်လုပ်လို့မကောင်းဘူးလို့ ထင်တာပဲ”ဟု မလေးရှားလွှတ်တော် ဥပဒေပြုအမတ်တဦးက နအဖစစ်အုပ်စုနှင့် ကုန်သွယ်ကူးသန်းမှုများပြုလုပ်နေသည့် နိုင်ငံများကို ပြင်းပြင်းထန်ထန်ရှုံ့ချလိုက်သည်။

နိုဝင်ဘာ (၂) ရက်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပသည့် မြန်မာ့အရေးဆိုင်ရာ အာဆီယံပါလီမန်လွှတ်တော်အမတ်များအဖွဲ့ (A.I.P.M.C) အစည်းအဝေးတွင် မလေးရှားလွှတ်တော် ဥပဒေပြုအမတ်တဦးဖြစ်သူ မိုဟာမက်အဇ္ဇဒူအာဇစ်က မြန်မာစစ်အစိုးရကို ဂျာမနီအာဏာရှင် ဟစ်တလာ၊ ကွန်မြူနစ်ခေါင်းဆောင် စတာလင်တို့နှင့် ခိုင်းနှိုင်းရှုံ့ချလိုက်ခြင်းဖြစ်သည်။



ဒေါက်တာတင့်ဆွေဒေါ်စန်းစန်းနှင့် ဦးသိန်းဦးတို့ကို အစည်းအဝေးတွင်တွေ့မြင်ရစဉ်

အစည်းအဝေးသို့ ပြည်ပရောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမတ်များသမဂ္ဂ (MPU) အတွင်းရေးမှူး ဒေါ်စန်းစန်းနှင့်အတူ ဦးသိန်းဦး၊ ဒေါက်တာတင့်ဆွေတို့ တက်ရောက်ခဲ့ကြသည်။

ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမတ်များသမဂ္ဂ (MPU) အတွင်းရေးမှူး ဆိပ်ကမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းက “ဆွေးနွေးတဲ့ဟာတွေက အားရစရာလည်းကောင်းတယ် ပြင်းထန်တယ်ပေါ့လေ။ တကယ်လို့ ဒီအတိုင်းသာသွားမယ်ဆိုလို့ရှိရင် အာဆီယံကနေပြီးတော့ ထုတ်ပစ်တဲ့အထိအောင် အရေးယူရမယ် အဲ့ဒီအထိအောင်ပါပါတယ်။ ဥပမာဆိုပါတော့ သဘာပတိအဖြစ်ကနေ မြန်မာအစိုးရမဖြစ်ဘူး။ နောက်လည်း ပြုပြင်ပြောင်းလဲမယ်မဟုတ်ဘူးဆိုရင် မဖြစ်ရဘူး” ဟုပြောကြားသည်။

အိန္ဒိယအခြေစိုက် မြန်မာလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင့်ဆွေက အာဆီယံအဖွဲ့ကြီးအနေနှင့် လေပြေလေးနှင့်ပြောဆိုနေသည့် သံတမန်နည်းလမ်းကိုစွန့်သင့်ပြီဖြစ်ကြောင်း၊ မြန်မာပြည်ကို ထိပ်တိုက်ရင်ဆိုင် ပွင့်ပွင့်လင်းလင်း ပြောဆိုသင့်ပါပြီဟု အစည်းအဝေးတွင် ပြောကြားသွားသည်။

(A.I.P.M.C) ညီလာခံသို့ အာစီယံနိုင်ငံ (၆) နိုင်ငံအပြင် တောင်ကိုးရီးယားနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် Ms Lee Mikyungနှင့် Mr. Jo Seung Soo တို့တက်ရောက်လာကြပြီး ကိုရီးယားနိုင်ငံတွင် မြန်မာ Caucus တရပ် ပေါ်ပေါက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

မလေးရှားလွှတ်တော် အမတ်တဦးဖြစ်သူ မစ္စတာလင်ကစ်ဆင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးရန် ဖိလစ်ပိုင်နိုင်ငံ၏အားတက်သရောထောက်ခံနေမှုကို လာမည့်အာဆီယံထိပ်သီးအစည်းအဝေးက အားပေးထောက်ခံရန်၊ အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် မြန်မာအရေးကို အဓိကထားပြောဆိုကြရန် စသည်တို့ကို တင်ပြဆွေးနွေးခဲ့ကြသည်ဟုပြောသည်။

သက္ကရာဇ် (၂၀၀၄) ခု နိုဝင်ဘာလအတွင်းက မလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင် စတင်သန္ဓေတည်ဖွဲ့စည်းခဲ့ပြီး ယခုအခါ (၁) နှစ်မြောက်သည့် နှစ်ပတ်လည်ကွန်ဖရင့်ကို အာဆီယံအဖွဲ့ဝင် (၇) နိုင်ငံမှ ပါလီမန် အမတ် (၂၆) ဦး၊ မလေးရှားနိုင်ငံရောက် နိုင်ငံတကာမှသံတမန်များ၊ မစ္စတာရာဇာလီနှင့် လေ့လာသူများစသည်ဖြင့် လူဦးရေတရာကျော်တက်ရောက်ခဲ့ကြသည်။ (A.I.P.M.C) အနေနှင့် မြန်မာ့အရေးနှင့်ဆက်စပ်နေသော တရုတ်ပြည်၊ အိန္ဒိယနိုင်ငံများသို့လည်း သွားရောက်ရန် အစီအစဉ်ရှိပြီး၊ ထိုင်းနိုင်ငံနယ်စပ်တလျှောက် ဒုက္ခသည်စခန်းများ၊ (UNHCR) ဒုက္ခသည်စခန်းများကိုလည်း၊ သွားရောက်လေ့လာဦးမည်ဖြစ်ကြောင်းသိရသည်။

❖

# တိုင်းပြည်ကို ချောက်ထဲကျဖို့ လက်တလုံးအလိုကကယ်တင်ခဲ့သလား တိုင်းပြည်ကို ချောက်ထဲဆွဲချနေတာလား



ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းတုန်းက (Protective Custody) ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်ကိုထိခိုက်မှာကြောက်လို့ ထိန်းသိမ်းထားပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ နောက်တနှစ်တိုးတယ်။ အခုလည်းတိုးမယ်ဆိုတော့ ဒါလုံးဝအဓိပ္ပါယ်မရှိဘူး။ ဒီလိုထိန်းသိမ်းထားတယ် ဆိုတာ နအဖ ဗိုလ်ချုပ်တွေလုပ်ရပ်မမှန်တာကို ပြသတယ်လို့ ကျနော်တို့က မြင်တယ်။ ကျနော်တို့ အနေနဲ့လုံးဝကန့်ကွက်တယ်။ ဒါကို လုံးဝလက်မခံဘူး။ တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့ ဒီမိုကရေစီလမ်းသွားဖို့က အလိုအပ်ဆုံးအချိန်ဖြစ်နေတယ်။ အဲဒီတော့ နအဖ ဗိုလ်ချုပ်တွေကိုယ်တိုင်လည်းသိတယ်။ သို့သော်လည်းပဲ တိုင်းပြည်ကို ချောက်ထဲဆွဲချ နေတယ်လို့ ဒီလိုပဲမြင်တယ်။ ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေအကုန်လုံးဟာ သူတို့မှာတာဝန်ရှိပါတယ်။

ညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစိန်ဝင်း

# ကရင်ဖွဲ့စည်းပုံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒူးပလယာခရိုင်




ကရင်ပြည်နယ် ဖွဲ့စည်းပုံဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဒူးပလယာခရိုင် ကရင်အမျိုးသမီးအဖွဲ့ရုံးတွင် နိုင်ဝင်ဘာ (၁၉) ရက်နေ့ ကကျင်းပရာ ခရိုင်အမျိုးသမီးအဖွဲ့ခေါင်းဆောင်များနှင့် ဖွဲ့စည်းပုံရေးရာကို စိတ်ဝင်စားသူပြည်သူလူထုများ တက်ရောက်ကြကြောင်းသိရှိရသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာများ၊တရားဥပဒေစိုးမိုးမှုနှင့် ကရင်ပြည်နယ်အတွင်း တရားစီရင်ရေးတွင် တွေ့ကြုံနေရသော အခက်အခဲများကို ဆွေးနွေးညှိနှိုင်းကြသည်ဟုဆိုသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရှေ့နေများကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြင့်သိဏ်းမှတက်ရောက်၍နှုတ်ဆက်အမှာစကားပြောကြားခဲ့သည်။

❖

# တရုတ်အပ်စိုက်သင်တန်းဖွင့်ပွဲ နို့ဘိုးစခန်း၌ ကျင်းပ

ကဝမြို့နယ်မဲဆန္ဒနယ်မှ အရွေးကောက်ခံပုဂ္ဂိုလ်ဖြစ်သည့်ပြင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အတွင်းရေးမှူးဖြစ်သူ ဒေါက်တာမျိုးဝင်း၏ စီစဉ်ပံ့ပိုးပေးမှုဖြင့် ရင်သတ္တပတ် (၂) ပတ်ကြာ တရုတ်အပ်စိုက်တရပ်ကို နိုဝင်ဘာလ (၁၈) ရက်နေ့က နို့ဘိုးဒုက္ခသည်စခန်း၌ ဖွင့်လှစ်ခဲ့သည်ဟုသိရသည်။

ယခင်သင်တန်းတွင် ကရင်၊ ဗမာစသည့် တိုင်းရင်းသားလူမျိုးများသာမက ဗမာ၊ မွတ်ဆလင်များလည်းတက်ရောက်သင်ကြားသည်ကို တွေ့ရသည်။ သင်တန်းကို ဦးဆောင်စီစဉ်သူတစ်ဦးဖြစ်သူ ကိုငယ်မှ ပြည်သူလူထုအတွင်း အပ်စိုက်ပညာကို ပြန့်နှံ့စွာကုသနိုင်ပါက ကျန်းမာရေးစောက်ရှောက်မှုပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ယုံကြည်သည်ဟု မိုးကြိုးသို့ထုတ်ဖော်ပြောကြားခဲ့သည်။



ဆေးပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာမျိုးဝင်း၏စီစဉ်မှုဖြင့် ဖွင့်လှစ်သော ယခုသင်တန်းမှာ ထိုင်း–မြန်မာနယ်စပ်တွင် စတုတ္ထမြောက်ဖွင့်လှစ်သောသင်တန်းဖြစ်ပြီး အပ်စိုက်သူ သင်တန်းသား သင်တန်းသူဦးရေတိုးပွားလာကြောင်းသိရှိရသည်။❖

## ကေအဲန်အယ်လ်အေ ဒု–ဗိုလ်ချုပ်ကြီး စောမူတူးနှင့်တွေ့ဆုံမေးမြန်းခန်းမှ

နေကြတာပေ့ါနော်၊ မလုပ်ချင်လည်း လုပ်နေကြရတာဘဲ။ အဲ့ဒီအပေါ်မှာကော ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ॥ အဲ့ဒါတော့ ကျနော်သိပ်သဘောမကျဘူး၊ မလုပ်ရဲလို့ပါ ဒီလူတွေကအညံ့ခံတာပါ၊ သူတို့ရဲ့ရည်မှန်းချက်ဟာလည်း ဘယ်လိုလဲ ၊ တနေ့နေ့မှာလည်း ဘာလဲပေ့ါနော်၊ ဒါကလည်း သူတို့အခြေအနေနဲ့ သူတို့ ကျနော်တို့ သိပ်လည်းအပြစ်မဆိုလိုပါဘူးလေ။ ကျနော်တို့ ကေအဲန်ယူကတော့ ရရှိထားတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို အထူးအဖြင့် ရှစ်လေးလုံးက လုံးလုံးမထင်ဘူး၊ ဒီကျနော်တို့အမြဲတမ်း ကြွေးကြော်နေတဲ့ စစ်မှန်တဲ့ပြည်ထောင်စု (ဖက်ဒရေးရှင်း) အဲ့ဒီတုန်းက ဗမာထုဆီက လက်ခံလိမ့်မယ်လို့ မတွက်မိခဲ့ဘူး၊ ဘာလဲဆိုတော့ ကျောင်းသားထုထဲမှာ တော်တော်များများဟာ သဘောမပေါက်ဘူး၊ သူတို့နားလည်တာက ဖက်ဒရယ်ဆိုတာဟာ ခွဲထွက်ရေးဘဲ၊ ခွဲထွက်ရေးဆိုတာဟာ တိုင်းပြည်ပြိုကွဲရေးဘဲ အဲဒီလိုမြင်တယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ကျနော်တို့ သဘောတူညီချက်ရခဲ့ကြတယ် ဥပမာ ပင်လုံစာချုပ်၊ ရှစ်လေးလုံးနောက်ပိုင်းမှာဆိုရင် မာနယ်ပလောစာချုပ်၊ ဆက်လက်ပြီး အတွင်းထဲမှာဆို ဗိုလ်အောင်ကျော်လမ်းကြေငြာချက်၊ အဲဒါကို ကျနော်တို့ပြန်ကြည့်တော့ ပြောမယ်ဆို ကျနော်တို့တချိန်က နားလည်မှုတွေကွဲပြားနေတဲ့ မတူတဲ့ခံယူချက်တွေဟာ တဖြည်းဖြည်းနဲ့စုစည်းလာတဲ့သဘောရှိတယ် ဆက်ပြီးတော့ ကျနော်တို့ မယ်သရောထကြေညာစာတမ်းကို လက်ခံဖို့ဘဲရှိတယ် ကျနော်ထင်ပါတယ်။ ဒါဟာ ကျနော်တို့လူမျိုးတိုင်းရဲ့ တရားမျှတတဲ့ ဒီမိုကရေစီအသွင်ကို ကျနော်တို့စုစည်းကြတာပါဘဲ မယ်သရောထစာချုပ်ကြေညာစာတမ်းက ဒေါ်အောင်ဆန်းစုကြည်ဆိုင်းမဆင့်ဗုံမဆင့် ထောက်ခံတော့ နအဖကအရမ်းကိုတုန်လှုပ်သွားတယ် ဒါကြောင့် ကျနော်တို့ကို ဖိအားပေးတာတွေလုပ်လာတယ်။

မေး။ ॥ နအဖနဲ့ အပစ်ရပ်အဖွဲ့တွေကြား ရွေ့အလားလာကိုဘယ်လိုမြင်ပါသလဲ။

ဖြေ။ ॥ သွားပြီးတော့ ပူးပေါင်းတဲ့အဖွဲ့တွေလည်း သူတို့နိုင်ငံရေးရည်မှန်းချက်တွေ ဘယ်လောက်အကောင်အထည်ဖေါ်နိုင်ပြီလဲ ဘယ်လောက်ပြောနိုင်ပြီလဲ အတွင်ကနေပြီးတော့ အမြဲတမ်းဥပဒေဘောင်ထဲကနေရှင်းတဲ့ ခွန်ထွန်းဦးတို့ကိုလည်း ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ အပြင်အဖွဲ့တွေလည်း တဖြည်းဖြည်းကျနော်ထင်တယ် ဒီတိုင်းဆက်သွားရင် နအဖကတော့ သူတို့ကို နည်းအမျိုးမျိုးနဲ့ဖိမှာဘဲ အက်စ်အက်စ်အေကိုလည်း ဟိုပြောင်းခိုင်းလိုက် ဒီပြောင်းခိုင်းလိုက်နဲ့ ပလောင်အဖွဲ့ကိုလည်း လက်နက်အတင်းအကြပ်အပ်ခိုင်းသည် ကျန်သေးတာက ဒီကေဘီအေ ॥

မေး။ ॥ ကရင့် အမျိုသားတရပ်လုံးရဲ့ စည်းလုံးညီညွတ်ရေးကျတော့ လုပ်နေတယ်ပေ့ါနော်။

ဖြေ။ ॥ ဒါကတော့ တယောက်နဲ့ တယောက်နားလည်လာအောင် ပိုပြီးတော့ စည်းလုံးလာအောင် ပိုပြီးတော့လက်တွဲလာအောင်တော့လုပ်နေရမှာပါ။

တချို့ကြတော့လည်း ရရှိတဲ့အခြေအနေကနေ ပိုပြီးကောင်းအောင်လုပ်ဖို့ပြောကြတယ်။ ကျနော်တို့ဘက်က အမြင်က ဒါအလုပ်မဖြစ်ဘူးလို့ ဒါကျနော်ပြိုကွဲဖို့ဖြစ်တယ်လို့မြင်တယ် အထူးသဖြင့် နအဖရဲ့နယ်စပ်ဒေသ တိုင်းရင်းသားဒေသတိုးတက်ရေးပါ။ သူ့ရဲ့ အဆုံးသပ်ရည်မှန်းချက်ကတော့ ကျနော်တို့ အတည်မကောက်နိုင်ဘူး တချို့ကရင်တွေကလည်း နအဖလက်အောက်မှာရတဲ့အခွင့်အရေးယူပေ့ါလို့၊ ယူသင့်တယ်လို့ မြင်ကြတယ်။

မေး။ ॥ ဗိုလ်ချုပ်တို့ကို အကြမ်းဖက်အုပ်စုလို့ သတ်မှတ်ပြောဆိုနေတဲ့အပေါ် ဘယ်လိုသဘောရလဲ။

ဖြေ။ ॥ တဖက်ကလည်း ကျနော်တို့ကိုဖြိချောက်တဲ့အပိုင်းတွေရှိတယ် ကျနော်တို့ကတော့ ဒါကိုခွင့်မပြုနိုင်ဘူး။ ကျနော်တို့ကပြောမယ်ဆို ခွင့်မပြုတာထက် လက်မခံနိုင်ဘူး၊ လက်မခံနိုင်ဘူးဆိုတာထက် ကျနော်တို့ကကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားတာမရတော့ဘူး။ လုပ်မှကိုကဖြစ်မှာကိုး၊ အဲတော့တဖက်ကဒီလိုသဘောထားရှိတော့ ကျနော်တို့ကိုဖြိချောက်တဲ့ အပိုင်းကရှိသေးတယ်။ ဒီလိုခင်ဗျားတို့လုပ်ရင် အကြမ်းဖက်အုပ်စုထဲ ခင်ဗျား တို့ကိုစာရင်းသွင်းမယ်ဆိုပြီး ဖြိချောက်တာပေ့ါ ဒါပေမယ့် ကျနော်ထင်ပါတယ် ကျနော်တို့လည်း တိုင်းပြည်အကျိုး ကရင်အမျိုးသားရဲ့

အကျိုးကြည့်မယ်ဆိုရင် ဒါကြီးက ကျနော်တို့ကို အဖြူအမည်းကိစ္စဖြစ်သွားမှာပါ ကျနော်တို့ကို အကြမ်းဖက်ဖောက်ခွဲရေးလုပ်တယ်လို့ စွပ်စွဲချင်တယ်။

ဘယ်လိုဘဲသတ်မှတ်သတ်မှတ် ကျနော်တို့ကတော့ကာကွယ်ရမှာဘဲဖြစ်တယ်။

မေး။ ॥ မြန်မာပြည်ကိစ္စအပေါ် နိုင်ငံတကာရဲ့ရပ်တည်ချက်ကို ဗိုလ်ချုပ်ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ॥ အဲန်ဂျီအိုတွေကတော့ ထားလိုက်ပါတော့၊ ကျနော်တို့ အိုင်အယ်လ်အိုတို့ ယူအဲန်တို့လို၊ အမေရိကန်၊ အိုင်စီအာစီတို့လို နောက်အီးယူ၊ အမေရိကန်တော့ ပြောစရာမလိုဘူး၊ သူများသူ့ကို ဘယ်လောက်ပဲပြောပြောခပ်တည်တည်ပဲ၊ အာဆီယံကတော့ ခုနည်းနည်းပြောင်းလာတာကတော့ အခု (Constructedengagement) အရ အလုပ်မဖြစ်ဘူးဆိုတာ သဘောပေါက်တဲ့သူရှိသလို သဘောမပေါက်သေးတဲ့သူလည်းရှိတာလား၊ ဒါမှမဟုတ် သူတို့တိုင်းပြည်အတွက် အကျိုးအတွက် ဦးတည်ပြီး လှုပ်ရှားကြိုးစားတာလားဆိုတာ ကျနော်တို့ပြောလို့မရဘူး၊ နအဖကတော့ ဘယ်သဘောထားရှိမှန်းကို ပြောလို့မရဘူး။ ဒါ တိုင်းရင်းသားအနေနဲ့ဝန်ခံရမှာ၊ ထိုင်းနိုင်ငံက သူ့မှာသည်းခံတဲ့စိတ်မရှိဘူး၊ ဒီ နိုင်ငံကလူတွေဟာ သည်းခံတရားစိတ်ရှိတယ်။

❖

# ကေအဲန်အယ်လ်အေ စစ်ဦးစီးချုပ် ဒု–ဗိုလ်ချုပ်ကြီးစောမူတူးနှင့် တွေ့ဆုံမေးမြန်းခန်း

မေး။ ။ ပြီးခဲ့တဲ့နှစ်က ဗိုလ်ချုပ်တို့ ဆွေးနွေးပွဲအတွက် ရန်ကုန်ကိုမသွားခင် လူထု ဆွေးနွေးပွဲများလုပ်ခဲ့တယ်လို့သိရပါတယ်၊ဒါနဲ့ ပက်သက်ပြီးအနည်းငယ်ရှင်းပြပေးပါ။

ဖြေ။ ။ ကျနော်က အရင်အသုတ်တွေ သွားသလို ထိုင်းနိုင်ငံကိုဖြတ်ပြီးတော့ ထိုင်း ပြည်ကတဆင့် မြန်မာပြည်ကို ကျနော်မ သွားဘူးကိုယ့်နယ်မြေထဲက ကိုယ်ဟာကိုသွား မယ် အဲဒီအချိန်မရောက်ခင်လေးတင် ခရိုင် အတွင်းမှာ အထူးရှင်းလင်းပွဲတွေလုပ်နိုင်ခဲ့ တာပေါ့နော် တပ်မဟာ (၆) ရဲ့ နယ်မြေ ကော့ကရိတ်မြို့နယ် ကြာအင်းမြို့နယ် ငွေ တောင်မြို့နယ်ဒီ (၃) မြို့နယ်စလုံးကိုတော့ လူထုရှင်းလင်းပွဲလုပ်နိုင်ခဲ့ပါတယ် အင်္ဂလိပ်လို ပြောနေတာကတော့ (Gentleman Agreementcease-fire) ကျနော်တို့ ကေအဲန် ယူအနေနဲ့ ကတကယ်စစ်မှန်တဲ့လက်မှတ်ရေး ထိုးထားတဲ့ (Agreement) ဖြစ်ဖို့လိုတာပေါ့ နှုတ်ကတိနဲ့ဆိုရင် စာရွက်စာတမ်းနဲ့မဟုတ်တဲ့ အတွက် တချိန်ကျရင် အဲဒါကြီးကမဟုတ်ရင် မဟုတ်ဘူးလို့ ပြောရင်လည်းပြောလို့ရတယ် အဲဒါ ကျနော်တို့ဘက်က မြန်မာစကားပုံ လည်းရှိတယ် နှုတ်တရာစာတလုံးရှိတယ် အဲတော့ ကျနော်တို့က လူထုကိုရှင်းပြတဲ့ အခါမှာ စာရွက်စာတမ်းအပေါ်မှာ တိတိ ကျကျ (Agreement) ဖြစ်အောင် (Cease-FireAgreement) ဖြစ်အောင် လူထုကိုရှင်း ပြတာပဲ အဲဒါအခုချိန်ထိကတော့မရသေးဘူး ပေါ့ ဒါပေမယ့် ကေအဲန်ယူအနေနဲ့ကတော့ ဆက်ပြီးတော့ ဒါကြိုးစားသွားမယ် ဘာဖြစ်လို့ လဲဆိုရင် ဒီပြဿနာဟာ နိုင်ငံရေးပြဿနာ ဖြစ်တဲ့အပေါ်မှာ တဖက်ကဒါကို နိုင်ငံရေး အရရှင်းရမယ့်ဟာကို မရှင်းပဲနဲ့ လက်နက်နဲ့ ရှင်းလာတဲ့အပေါ်မှာ အဲဒီတုန်းက (၅၅)နှစ် ပေါ့နော် ဒါပေမယ့် မပြေလည်ခဲ့ပါဘူး ဆိုလို တာက ဒီမြန်မာနိုင်ငံမှာဖြစ်နေတဲ့ နိုင်ငံရေး ပဋိပက္ခဟာ သူတို့အနေနဲ့ တန်းတူရည်တူမ ဟုတ်ပဲနဲ့ လက်နက်အားကိုးပြီးရှင်းမယ်ဆို ရင် ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာ ကျနော် တို့က လူထုကိုရှင်းပြခဲ့တယ်။ လက်နက်အား ကိုးပြီးရှင်းမယ်ဆိုရင် ဘယ်တော့မှပြေလည် မှာမဟုတ်ဘူး ပြီးမှာလည်းမဟုတ်ဘူး အဲဒါ လူထုကို ကျနော်တို့ကရှင်းတာပေ့ါ။ လူထု ရှင်းလင်းပွဲတွေမှာ လူထုကိုယ်တိုင်တင်တဲ့ ကြွေးကြော်သံတွေကတော့….

(၁) ကတော့ ကရင်ပြည်နယ်ဖွဲ့စည်းရေး

(၂) ကတော့ ကရင်တကျပ် ဗမာတကျပ်

(၃) ကတော့ လူမျိုးရေးအဓိကရုန်း အလိုမရှိ

(၄) ကတော့ ပြည်တွင်းစစ်အလိုမရှိ အဲဒီ ပြည်တွင်းစစ်အလိုမရှိဆိုတဲ့ဟာကိုက သူတို့ဘာသူတို့တင်တာ ကျနော်တို့လည်းမ ပြောဘူး။

မေး။ ။ ရန်ကုန်မှာ တွေ့ဆုံဆွေးနွေး ပွဲအခြေအနေ ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ ကျနော်တို့ကိုကြိုတာက ဗိုလ်မှူး ချုပ်သန်းထွန်း၊ ဖော်ဖော်ရွှေရွှေနဲ့ ရယ်စရာ မောစရာစကားတွေပြောတတ်တဲ့လူ၊ သိပ် လေးစားဖို့ကောင်းတယ်၊ ဒါပေမယ့် အခု တော့အရင်လိုမဟုတ်ဘူး၊ ခပ်တည်တည်ဖြစ် နေတယ်၊ (၁၉) ရက်နေ့ကြတော့ ဗိုလ်မှူး ကျော်သိန်း ရောက်လာတယ်။ ကျနော်တို့ မပြောလည်းခင်ဗျားတို့သိမှာပါ ကျနော်တို့ ရဲ့မျက်နှာကို ခင်ဗျာတို့အရိပ်အခြေကြည့်တာ နဲ့ဘာဖြစ်နေတယ်ဆိုတာကို ခင်ဗျားတို့သိ မှာပါတဲ့။

မေး။ ။ အခြေအနေတိုးတက်မှု တစုံ တရာရှိလား။

ဖြေ။ ။ မရှိဘူးလို့ပဲ ပြောရမှာပဲ ဘာဖြစ်လို့လဲဆိုတော့ အခုလဲ ဒီလိုပါပဲ ဒီ မြဝတီမှာသွားတွေတယ်။ အဆက်အသွယ် ကတော့ ပြတ်နေတုံးပဲပေ့ါ ။ အပြန်အလှန် စာရေးပြီးတော့ အခု လူကြီးတွေက အလုပ် များနေတော့ မတွေ့အားသေးဘူးပေ့ါ။ တွေ့မှာပါဆိုပြီးတော့ပြောတယ်။

မေး။ ။ အလားအလာကို ဘယ်လို မှန်းလဲ။ အမျိုးသားညီလာခံကလည်း ပြန်စ တော့မယ်။

ဖြေ။ ။ အလားအလာဆိုဘာတွေလဲ။

မေး။ ။ အဲ့ဒီတွေ့ဆုံဆွေးနွေးရေးပေ့ါ

ဖြေ။ ။ အထက်ကပြောတဲ့ဟာတွေ ပေ့ါနော်။ တွေ့ဆုံဆွေးနွေးရေးဆိုတာ ဘာမှ လုပ်လို့မဖြစ်ပါဘူးဆိုတာ သူတို့ပြောထားတဲ့ စကားရှိနေတာပဲ။

ဒါပေမယ့် သူတို့ပြောတိုင်း ကျနော်တို့ ကအဆက်အသွယ်မလုပ်တော့ဘူး ဖြတ်လိုက် မယ်ဆိုတဲ့သဘောထား ကျနော်တို့မှာမရှိ ဘူး။ တွေ့ဆုံဆွေးနွေးရေးနဲ့ပဲ ဒါကပြေလည် ရမယ့်ကိစ္စဖြစ်တယ်။

မေး။ ။ အကောင်းဆုံးလုပ်သွားရ မှာပေ့ါနော် တွေ့ဆုံဆွေးနွေးရေးကို။

ဖြေ။ ။ ဒါကတော့ လုပ်သွားရမှာပေ့ါ နော်။ တွေ့ဆုံဆွေးနွေးရေးကို ဒါပေမယ့် မဟတ္တမဂန္ဒီပြောသလိုပေ့ါ ကျနော်တို့ကနှုတ် ဆက်ဖို့ လက်ကမ်းပေမယ့်သူတို့က လက်သီး ဆုတ်ထားပြီးတော့ နောက်မှာဖွက်ထားတယ် ဆိုရင် ဘယ်အဆင်ပြေနိုင်တော့မလဲ ဒါပေ မယ့် ကျနော်တို့ဘက်တော့ အခုမှမဟုတ်ပဲ ကရင့်နော်လှန်ရေးစကတည်းက စိန်ကမ္ဘား ယံမှာ အကြီးအကျယ်တိုက်ပွဲဖြစ်တယ်။ ပြဿနာပြေလည်အောင်ဆွေးနွေးဖို့ ဥက္ကဋ္ဌ စောဘဦးကြီးကိုခေါ်တွေ့တာ၊ ဥက္ကဋ္ဌ စော ဘဦးကြီးတို့ မန်းကျင်စုအောင်တို့ ရန်ကုန် အင်းစိန်တိုက်ပွဲ အပြင်းအထန်ဖြစ်နေတဲ့ အချိန်မှာ ကိုယ်တိုင်သွားပြီးတော့ တွေ့ဆုံကြ တာပဲ။ အဲ့ဒီသမိုင်းကတော့ ကျနော်တို့ဘက် ကတော့ ပြဿနာကို ကျနော်တို့ ဒီလိုနိုင်ငံ ရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်း သွားဖို့ဆန္ဒအမြဲတမ်းရှိတယ်။ အိမ်ဆောင့် အစိုးရတုန်းကလည်း လျှို့ဝှက်ပြီးလာခေါ်တာ ဖါပွန်မှာလေ။ အဲ့ဒီတုန်းက ကျနော်တို့က ချာတိတ်ပဲရှိသေးတာ၊ အိမ်စောင့်အစိုးရ အချိန်မှာပေ့ါ။ သူတို့ပြောတာက လက်နက် ချဖို့ပေ့ါ၊ စတိအနေနဲ့ပေ့ါ ၊ တပ်တွေကိုလည်း ခေါ်စစ်မယ်လို့ပြောတာပဲ၊ အဲ့ဒီအချိန်မှာ ကျနော်တို့တပ်တွေကိုပြန်ကြည့်တော့လည်း စိုးရိမ်သွားကြတယ် အဲ့ဒီအချိန်မှာသွားကြတဲ့ သူတွေကိုလည်းရေးယူပြီး သတ်ပစ်ရင်လည်း ဘယ်သူမှသိမှာမဟုတ်ဘူး၊ ဒါပေမယ့် ကျနော်တို့ဘက်ကသွားတယ်၊ (၆၃) ခုနှစ် ကြတော့လည်း တပြည်လုံးအပစ်အခတ်ရပ် စဲထားဖို့ တရားဝင်ကြေညာထားတာကို။ ကျနော်တို့ကလည်း စစ်မြေပြင်မှာတယောက် နဲ့တယောက်ပစ်ခတ်ကြတာကို ပထမဆင့် အနေနဲ့မလုပ်ကြတော့ဘူး၊ အဲ့ဒီ အပစ်အ ခတ်ရပ်စဲရေးကတဆင့် နိုင်ငံရေးစားပွဲ ပေါ်မှာ ပြဿနာကိုဖြေရှင်းဖို့၊ လက်နက်နဲ့ မဟုတ်ဘဲ နိုင်ငံရေးအရဖြေရှင်းဖို့ ဒီသဘော ထားနဲ့ အဲ့ဒီအလုပ်ကိုလုပ်တာဟာ အကြမ်း ဖက်မှုတွေကိုစွန့် ဥပဒေဘောင်ထဲဝင် အဲ့ဒါကို သဘောတူရင် အပစ်အခတ်ရပ်စဲရေးကိုပြော မယ်ပေ့ါ။ အဲ့ဒါကို ကေအဲန်ယူအနေနဲ့ လက် မခံဘူး၊ နောက်ဆုံး ဗိုလ်ချုပ်မြတို့သွားတာ ကြတော့ ဖြစ်လာတာက မက်သရောထသ ဘောတူညီချက်ကို ရုပ်သိမ်းပေးဖို့ပြောတာ ပေ့ါ၊ နောက်ဆုံးကြတော့ အဲ့ဒါကို ဥပဒေ ဘောင်အတွင်းဝင်ဖို့၊ အကြမ်းဖက်လက်နက် ကိုင်ကိုစွန့်လွှတ်ဖို့၊ မက်သရောထ သဘာတူညီ ချက်က ရုပ်သိမ်းဖို့ကိုလည်း မပြောတော့ဘူး၊ ဆွေးနွေးကြမယ်ပေ့ါ ကျနော်ထင်တာက တော့ မကျေမနပ်တာဖြစ်တယ်လို့။ အဲဒီလို ကျနော်တို့သိရသလောက် သူတို့ စန်းပွင့်တို့ လာတုန်းက သန်းရွှေနဲ့တွေ့ရမယ်ပေါ့ တကယ်တမ်းဟိုရောက်သွားတော့ သန်းရွှေနဲ့ မတွေ့ရဘူး၊ သန်းရွှေနဲ့တွေ့မယ်ဆိုပြီးတော့ ဗိုလ်ချုပ်မြကသွားတာဖြစ်တယ် မတွေ့ရတော့ ကျနော်စိတ်မကောင်းဘူး၊ သန်းရွှေနဲ့တွေ့ တာမကောင်းဘူးဆိုပြီး ဆိုလိုတဲ့သဘော အဲ့ဒီ ထိရှိတယ်၊



ကေအဲန်အယ်လ်အေစစ်ဦးစီးချုပ် ဒု–ဗိုလ်ချုပ်ကြီး စောမူတူး




မေး။ ။ အခုအခြေအနေကြတော့ ကော ဗိုလ်ချုပ်တို့ ဘယ်လိုတောင်းဆိုမှုတွေ ရှိပြီးတော့ ကန့်သတ်မှုတွေရှိထားသလဲ။

ဖြေ။ ။ ဒီအချိန်ကြတော့လည်း တောင်းဆိုတာက တခြားအဖွဲ့တွေလိုလုပ်ဖို့ ပေ့ါ။ အခြားဖွဲ့တွေလိုလုပ်ဖို့ဆိုတာက နေရာ ပေးတာ၊ ဘယ်နေရာမှာနေ၊ ဘယ်နှစ်မိုင် အတွင်းမှာ လွတ်လွတ်လပ်လပ် လက်နက်ကိုင် ခွင့်ရတယ်၊ လှုပ်ရှားလို့ရတယ်။ သူတို့ဆီမှာ ခွင့်ပြုချက်ယူရမယ်၊ အကြောင်းကြားရမယ် ပေ့ါ။

မေး။ ။ လူထုအုံကြွမှဲ့ အလားအလာ ကော ဗိုလ်ချုပ်အနေနဲ့ဘယ်လိုမြင်သလဲ။

ဖြေ။ ။ လူထုကတော့ သီးခံခြင်းတရား ဟာ အရမ်းကောင်းနေတယ်ပေ့ါနော်။ အဲဒီ သီးခံခြင်းတရားဟာ ဘယ်မှာဆုံးမလဲ၊ ခုချိန် ထိတွက်လို့မရသေးဘူး၊ တွက်လို့မရသေးဘူး ဆိုတော့ ကျနော်တို့လှုပ်ရှားနေကြတဲ့ အဖွဲ့ အစည်းတွေမှာပဲ မူတည်မလား၊ ရှစ်လေးလုံး အရေးအခင်းကတပ်တွေက သူတို့ပြောပုံက လူထုကိုဆုံးမထားတဲ့ပုံစံကြောင့် လူထုဟာ အများကြီး ကြောက်စိတ်ရှိနေတယ်။ အခု ဆိုလည်း အမျိုးမျိုးပေ့ါ၊ ရွှေ့ဆက်ပြီးတော့ လှုပ်ရှားနေရမှာ၊ လူထုကိုဦးဆောင်မဲ့ ခေါင်း ဆောင်တွေပေါ်လာရင် ဖမ်းပြီးတော့ထောင် ထဲထည့်လိုက်တာ၊ ဒေါ်အောင်ဆန်းစုကြည် တို့ နောက်တစ်နှစ်တိုးပြန်ပြီ။

မေး။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေလည်း တချို့ နအဖနဲ့ပေါင်းပြီးလုပ်

# သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ရုတ်တရက်ကွယ်လွန်

အသက် (၈၃)နှစ်ရှိပြီဖြစ်သော သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းသည် နိုဝင်ဘာ (၃၀)၊ နံနက် (၂) နာရီကျော်တွင် ရုတ်တရက်ကွယ်လွန်သွားခဲ့သည်။ ဒေါက်တာသန်းထွန်းသည် မန္တလေးမြို့တွင်ကျင်းပသည့် ဆရာမကြီး လူထုဒေါ်အမာ (၉၀) ပြည့်နှစ်မွေးနေ့ကို ရန်ကုန်မြို့မှသွား၍ တက်ရောက်ခဲ့ရင်း နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ဒေါက်တာသန်းထွန်း၏ ကြွင်းကျန်သောရုပ်ကလပ်ကို မန္တလေးတက္ကသိုလ်မှ တောင်လေးလုံးကျောင်းတိုက်သို့ ရွှေ့ပြောင်းပြီးညနေပိုင်းတွင် လင်းဇင်းကုန်းသုသာန်တွင် ဂူသွင်းသဂြိုလ်ခဲ့သည်။ မြန်မာဓလေ့ထုံးစံအရ လကွယ်တွင် ကွယ်လွန်ခြင်းဖြစ်သောကြောင့် လအကူးမခံဘဲ နေ့ချင်းသဂြိုလ်လိုက်ခြင်းဖြစ်သည်။

ဆရာကြီး ဒေါက်တာသန်းထွန်းကို ၁၉၂၃–ခုနှစ်၊ မေပြီ (၆)ရက်တွင် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငသိုင်းချောင်းမြို့နယ်၊ ဒေါ်ငြိုကြီးကျေးရွာတွင်မွေးဖွားခဲ့သည်။ (၁၉၃၇) တွင် ငသိုင်းချောင်းမှ (၁၀) တန်းအောင်မြင်ပြီး (၁၉၃၉)တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခဲ့သည်။ စစ်အတွင်း (၁၉၄၃) ခုနှစ်တွင် အာရှလူငယ်အစည်းအရုံးအတွင်းရေးမှူးဖြစ်ခဲ့ပြီး (၁၉၄၅) ခုနှစ်တွင် ငသိုင်းချောင်း ဖဆပလအဖွဲ့ချုပ်၏ ပထမဆုံးဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့သည်။ ဒေါက်တာ သန်းထွန်းသည် ဗကသဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့ဖူးသည်။

ဒေါက်တာသန်းထွန်းသည် လွတ်လပ်ရေးရပြီးနောက် သမိုင်းနှင့် စာပေကိုသာ ဇောက်ချလုပ်ကိုင်ခဲ့သည်။ (၁၉၅၀) တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ(သမိုင်း) ဘွဲ့ကိုရခဲ့သည်။

(၁၉၅၆) ခုနှစ်တွင် လန်ဒန်တက္ကသိုလ်မှ ဗုဒ္ဓဘာသာနှင့် ပုဂံခေတ်သမိုင်းစာတမ်းနှင့် ပါရဂူဘွဲ့ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိက၊ ကထိကတာဝန်များ ထမ်းဆောင်ခဲ့သည်၊ (၁၉၆၅) ခုနှစ်မှ (၁၉၇၅) ခုနှစ်ထိ မန္တလေးတက္ကသိုလ်တွင် သမိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့သည်၊ အငြိမ်းစားယူပြီး ဂျပန်၊ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့ရှိ တက္ကသိုလ်များတွင် ဧည့်ပါမောက္ခအဖြစ် စာပေများကိုပို့ချခဲ့သည်။

(၁၉၉၀) ခုနှစ်တွင် ဆရာကြီးပြုစုသည့် မြန်မာနိုင်ငံအမိန့်တော်များဆိုသည့် သမိုင်းကျမ်းအတွက် လန်ဒန်တက္ကသိုလ်က ပီအိပ်ချ်ဒီဘွဲ့ပေးအပ်ခဲ့သည်။ မကွယ်လွန်မီအထိ ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်အရှေ့တိုင်းဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီးသည် ဒေါ်ခင်ရီ၊ သား ဦးဖေသန်းထွန်း၊ သမီး ဒေါ်မေသန်းထွန်း၊ မဥ္ဇူသန်းထွန်း၊ နှင်းဆီသန်းထွန်းနှင့် နွယ်နီသန်းထွန်းတို့ကျန်ရစ်ခဲ့သည်။❖

# သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်း၏ ပြောင်မြောက်တဲ့ သမိုင်းဝင်စကားများ



**တိန့်ရှောင်ဖိန်က ကြောင်ဖြူကြောင်မဲကြွက်ခုတ်ဖို့သာလိုရင်းတဲ့။ ဒေါက်တာသန်းထွန်းကတော့ ဆင်ဖြူဆင်မဲအတူတူပဲ။**

"ဆင်ဖြူလား။ ကျနော်ကတော့ ဆင်ဖြူဆင်မဲအတူတူပဲ။ မယုံရင်အနင်းခံကြည့်ပါလား။ သေတောင်သွားမယ်။ ဖြူ တယ်ဆိုတာက (Albino) ပဲ။ Albino ဆိုတာအရေခွံမှာ အရောင်မတက်ဘူးပဲ။ ပုံမှန် မဟုတ်တာပဲ။ ပုံမှန်မဟုတ်ရင်ညံ့တယ်လို့တောင်ပြောရင်ရတယ်။ သူ့မှာ ဘာထူးခြား ချက်တန်ခိုးမရှိဘူး။ ဒါပေမယ့် ပရိသတ်ကတော့ ထူးထူးဆန်းဆန်းလုပ်နေတာပေ့ါ။ ထူးထူးဆန်းဆန်း ဖြစ်အောင်လည်း ထွင်နေတာကိုး။ တိုင်းပြည်သာယာတယ်၊ ဝပြောတယ်။ ဘာညာပေ့ါ။ ဆင်ဖြူတော်ရှိလို့ အလကားဟာတွေပါ။ ဆင်ဟာဆင်ပဲလို့ ကျနော်သဘောထားတယ်။ ဘာမှမဆန်းဘူး။ သူရှိနေတဲ့အတွက် ဘာရှိလို့ကောင်းရမှာ တုန်း ။ ရှိရှိ၊ မရှိရှိ အခြေအနေကောင်းရင် ကောင်းမှာပဲ။ ကိုယ့်ဟာ ကိုယ်စဉ်းစားကြည့်ပေ့ါ။ အခုလိုပဲပေ့ါ။ လေယာဉ်ပျံများများ ပိုင်တဲ့သူ စစ်နိုင်တာပေ့ါ။ လေယာဉ်ပျံ မပေါ်ခင်ကတော့ ဆင်များများရှိတဲ့သူက စစ်နိုင် တာပေ့ါ။ ဒါပဲ။ ကျနော်တို့ သမိုင်းနည်းနဲ့ စဉ်းစားလို့ရတယ်။ ကျန်တာတွေက အလကားဟာတွေပါ။ အပိုတွေ ပြောတာ။ အဲဒီလို သဘောပေါက်တဲ့ သူကနည်းနေတယ်ပေ့ါ။ နည်းနေတော့ အဲဒီလူပြိန်းတွေကို လိမ်လို့ရတော့ လိမ်စားနေတာပေ့ါ"

**ရုပ်ရှင်မင်းသမီး လင်ငယ်နေတဲ့ကြားက ကန့်လန့်ကန့်လန့်ပါတဲ့ သမိုင်းစကား။**

"ရေးချင်တာမှ ရေးမရပဲ။ Freedom of Speak၊ Freedom of Thinking တို့ရှိ တာမှမဟုတ်ပဲ။ အဲဒါမျိုးတော့ စိတ်ညစ်တာပေ့ါ။ နိုင်ငံသူတို့က သိမ်းထားတဲ့အခါကျ တော့ သူတို့မကြိုက်တော့ဘူးဆိုရင်တော့ မပါ တော့ဘူးပေ့ါ။ သုတေသနလုပ်တယ်ဆိုတာ ဘယ်သူမှမသိတာကို သိအောင်ရှာတာ။သမိုင်း ကွင်းဆက်တွေကို ဖြည့်ပေးတာပေ့ါ။ အဲဒါ ကျနော်တွေ့တဲ့အခါကျတော့ ကျနော်က ပြန်မ ပြောပဲနဲ့ ဒီ့ပြင်လူမသိဘူးပေ့ါ။ ပြန်ပြောတာ တောင်မှ နှစ်မျိုးရှိတာပေ့ါ။ ပါးစပ်နဲ့ ပြော မယ်။ စာနဲ့ရေးမယ်။ အဲဒီတော့ ကျနော်တို့ မှာတာဝန်ရှိတယ်။ ကိုယ်သိတာကို ပြောရ မယ်။ ရေးရမယ်။ စာနဲ့ရေးတယ်ဆို တော့လည်း ကျနော်တို့ပုံမှန်ပုံစံအတိုင်း First ဂျာနယ်တို့ ဘာတို့မရှိမှ မရှိတော့တာပဲ။ ဒါတွေလည်း ထုတ်ဝေခွင့်မပေးဘူး။ ဖျက်ပစ်လိုက်တာပဲ။ First ဂျာနယ်တို့ ရေးစရာမရှိတော့ popularဂျာနယ်မှာပဲ ဝင်ရေးနေရတာ ပေ့ါ။ Popular ဂျာနယ်ဆိုတာက ရုပ်ရှင်မင်း သမီးလင်ငယ်နေတာတို့ ဘာတို့လည်းပါတာပေ့ါ။ အဲဒီကြားထဲမှာ ကျနော်ဆောင်းပါး ကန့်လန့်ကန့်လန့် ပါတာပဲ။ တကယ်တော့ ပါစရာအကြောင်းမရှိဘူး"

❖

# ရွှေနေကြီးနိုင်ငွေရ ၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်၊ သန်လျင်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့ ကွယ်လွန်

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ အတွင်းရေးမှူးအဖွဲ့ဝင်ရှေ့နေကြီး နိုင်ငွေရသည် နိုဝင်ဘာ (၁၆) ရက်နေ့ နေ့လည်ပိုင်းက ကင်ဆာရောဂါနှင့် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့သည်။ နိုင်ငွေရသည် လုပ်အားပေးကိစ္စအပါအဝင် လူ့အခွင့်အရေးအမှုများကို လိုက်ပါဆောင်ရွက်ခဲ့ပြီး အိုင်အယ်လ်အိုလ်ကို သတင်းပေးမှုနှင့်သေဒဏ်ပေးခံရသူ (၁၀) ဦးကို ကွင်းလုံးကျွတ်လွတ်အောင် ဆောင်ရွက်ပေးခဲ့ဖူးသူဖြစ်သည်။ နိုင်ငွေရသည် ကွယ်လွန်ချိန်၌ အသက် (၅၀) ခန့်ရှိပြီဖြစ်သည်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဇော်သည် နိုဝင်ဘာ (၁၈)ရက်နေ့က အသည်းရောဂါနှင့် နေအိမ်၌ ကွယ်လွန်သွားခဲ့ရာ ဈာပနကို နိုဝင်ဘာ (၂၀) ရက်က ရေဝေးသုသာန်၌ ကျင်းပခဲ့သည်။ ဦးအောင်ဇော်၏ဈာပနသို့ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်များနှင့်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးအပါအဝင် ကျောင်းသားလူငယ်များလိုက်ပါပို့ဆောင်ခဲ့ကြသည်။ (၁၉၉၀) ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များအနက် ဦးအောင်ဇော်သည် အသက်အငယ်ဆုံးဖြစ်ပြီး ကွယ်လွန်ချိန်၌ အသက် (၄၈) နှစ်ရှိပြီဖြစ်သည်၊ ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် (၄၈၅) ဦးတွင် (၈၂) ဦး ကွယ်လွန်သွားကြပြီဖြစ်သည်။ အကျဉ်းထောင်တွင်း၌ ကိုယ်စားလှယ် (၁၃) ဦး ထိန်းသိမ်းခံထားရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်လာသော ကိုယ်စားလှယ် (၂၉) ဦးရှိသည်။

နိုဝင်ဘာ (၁၈) ရက်နေ့တွင်ပင် သန်လျင်မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်ဆွေလည်း နှလုံးရောဂါနှင့် ကွယ်လွန်သွားခဲ့သည်ဟုသိရသည်။

❖

# အင်းစိန်ထောင်တွင်းနိုင်ငံရေးအကျဉ်းသားတဦးထပ်မံသေဆုံး



ကိုအောင်မြင့်သိန်း

နိုဝင်ဘာ (၆) ရက်နေ့က နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ ရွှေပေါက်ကံမြို့သစ်နေကိုအောင်မြင့်သိန်းသည် အင်းစိန်ထောင်တွင်သေဆုံးသွားကြောင်း နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း(အေအေပီပီ)၏ ပြောဆိုချက်အရ သိရှိရ သည်။

အိုင်အယ်လ်အိုလ်ကိုသတင်းပေးမှုပြည်ပအခြေစိုက်အက်ဖ်တီယူဘီ မြန်မာအလုပ်သမားအဖွဲ့ချုပ်နှင့် ဆက်သွယ်မှုစသော စွပ်စွဲချက်များဖြင့် ကိုအောင်မြင့်သိန်းကို ဇူလိုင်လ (၂)ရက်နေ့က ဖမ်းဆီးခဲ့ပြီး ပုဒ်မ (၅–ည)၊ မတရားအသင်း အက်ဥပဒေပုဒ်မ (၁၇–၁) တို့ဖြင့်တရားစွဲဆိုခဲ့သည်။

ကိုအောင်မြင့်သိန်း ဝမ်းရောဂါဖြင့်ကွယ်လွန်သွားပြီဟု သူ၏မိသားစုကို ထောင်အာဏာပိုင်များက သွားရောက်အကြောင်းကြားခဲ့သော်လည်း အလောင်းကိုမူ ကြည့်ရှုသဂြိုဟ်ခွင့်မပေးဟု မိသားစုဝင်များက ပြောသည်။

ကိုအောင်မြင့်သိန်းသည် အသက် (၃၇) နှစ်ရှိပြီး အဆုတ်ရောဂါရှိသည်ဟု သိရသည်။ အေအေပီပီ၏ထုတ်ပြန်ချက်၌ အင်းစိန်ထောင်တွင် (၄) လနီးပါး တံခါးပိတ်စစ်ကြောရေးလုပ်နေစဉ် ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးခြင်း၊ ဆေးဝါးကုသမှု ညံ့ဖျင်းခြင်းတို့ကြောင့် ရုတ်တရက်ကွယ်လွန်သွားသည်ဟု ဖော်ပြထားသည်။ နိုဝင်ဘာ (၁၃) ရက်နေ့က ကိုအောင်မြင့်သိန်း၏ နေအိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းသွတ်ကို မင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးသမားများသွားရောက်ခဲ့ကြသည်။

ဖခင်ဖြစ်သူ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီမှ ဦးသိန်းလွင်ဦးနှင့် အမျိုးသမီး (၃) ဦးအပါအဝင် ကိုအောင်မြင့်သိန်း၏ အမှုတွဲ (၁၀) ဦးကို နိုဝင်ဘာ (၁၁) ရက်နေ့က အင်းစိန်ထောင်အထူးတရားရုံးက စီရင်ချက်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်မည်ရွေ့ မည်မျှချမှတ်သည်ကိုမူ မိသားစုများက အတိအကျမသိရှိရသေးပေ။

ယခုနှစ်အတွင်း မရမ်းကုန်းမြို့နယ်မှ ကိုအောင်လှိုင်ဝင်း၊ ကျိုက်မရောမြို့နယ်မှ ကိုမင်းထွန်းဝေနှင့် အိမ်မဲမြို့နယ် တဂူဆိတ်ကျေးရွာမှ ကျောင်းဆရာ စောစတန်းဖို့တို့သည် စစ်ကြောရေးကာလအတွင်း ပြင်းထန်စွာနှိပ်စက်ခံရပြီး ကွယ်လွန်ခဲ့ကြရသည်။

စစ်အစိုးရလက်ထက်၌ အကျဉ်းချထားစဉ်ထောင်တွင်းသေဆုံးသူ နိုင်ငံရေးအကျဉ်းသား (၉၀) ကျော်ရှိကြောင်း အေအေပီပီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

❖

# မြိုင်ရာဇာတွတ်ပီ နှင့် သမိန်ပေါသွပ်ကာတွန်းဇာတ်ကောင်များ၏ ဖန်တီးရှင်နှစ်ဦးကွယ်လွန်



ဆရာမောင်ဝဏ္ဏ၏ကာတွန်းတကွက်

သမိန်ပေါသွပ်၊ ရှင်ဂွမ်းဂွိ၊ အာတာလွတ်မြို့စားကြီးစသည့် ကာတွန်းဇာတ်ကောင်များကိုဖန်တီးသူ ကာတွန်း မောင်ဝဏ္ဏနှင့် မြိုင်ရာဇာတွတ်ပီ၊ မသေးမျှင်၊ ဗိုက်ကလေးစသည့် ကာတွန်းဇာတ်ကောင်များ၏ ဖခင်ကာတွန်းဆွေမင်း (ဓနုဖြူ) တို့သည် နိုဝင်ဘာ (၁၂) ရက်၊ နှင့် (၁၃) ရက်နေ့က ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြသည်။ ကွယ်လွန်ချိန်တွင် ကာတွန်းမောင်ဝဏ္ဏသည် အသက် (၆၁) နှစ်ရှိပြီဖြစ်ပြီး ကာတွန်းဆွေမင်း (ဓနုဖြူ)မှာ အသက် (၄၉) နှစ်ရှိပြီဖြစ်သည်။❖

# ဇွန်ပန်းရုံအနီး ...

# စိမ်းလန်းသောကောင်းကင်

ဇွန်မှိုင်း

*ဒီထောက်ပြချက်များကို (နအဖ) စစ်ဗိုလ်ချုပ်ကြီးများက အလေးအနက်စဉ်စားပြီး တွေ့ဆုံဆွေးနွေးတဲ့နည်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစပြုသင့်ပြီလို့ မိမိတို့ကော်မတီမှ အခိုင်အမာယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးပေါ်ပေါက်လာဖို့ကလည်း အမေမာပြောသလိုလူမျိုးပေါင်းစုံပြည်သူလူထုကြီးကိုယ်တိုင်က အားထုတ်ကြိုးပမ်းကြရပါလိမ့်မယ်။*

(၁)

**'စိမ်းလန်းသော ကောင်းကင် (သို့မဟုတ်) အမေလူထု ဒေါ်အမာ'**တဲ့။

ဒီလူတွေ စိတ်ကူးကောင်းလိုက်တာ အမေရယ်၊ အမေရဲ့ Image၊ အမေရဲ့ ပုံရိပ်ကို သူတို့နားလည်ထားကြပုံက လှလိုက်တာဗျာ။

ဟုတ်တာပေါ့။ အမေမာဟာ .... အမေရဲ့သားတွေ ၊ သမီးတွေ ၊ မြေးတွေဖြစ်တဲ့ ကျနော်တို့ အားလုံးအတွက် ....

ငြိမ်းချမ်းရေးကိုချစ်တဲ့၊ ဒီမိုကရေစီကို ချစ်တဲ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ချစ်တဲ့ မြန်မာနိုင်ငံတနံတလျားက (ဒါမှမဟုတ်) ကမ္ဘာအနှံ့အပြားက ပြည်သူတွေအတွက်.... တကယ်ကို စိမ်းလန်းသော ကောင်းကင်ပါပဲ။

ထာဝရ သစ်လွင်၊ ထာဝရ လတ်ဆတ်၊ ထာဝရလန်းဆန်းနေတဲ့ စိမ်းလန်းသော ကောင်းကင်ပါပဲအမေ။

(၂)

'သိနားလည်ရင် ချစ်ကြည်တယ်
ချစ်ကြည်ရင် ငြိမ်းချမ်းတယ်
ငြိမ်းချမ်းရင် သာယာစိုပြေဝပြောပါတယ်'

လူထုဒေါ်အမာ

အမေ့မွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေတဲ့ လက်ကမ်းစာစောင်လေးထဲမှာ အမေ့သားတွေဖော်ပြထားတဲ့ အမေ့ရဲ့အမှတ်တရစကားလေးလေ။

နအဖ စစ်ဗိုလ်ချုပ်ကြီးများက အမေရဲ့ ဒီစကားလေးကို ဘယ်လိုမျိုးနားလည်လက်ခံနေကြပါသလဲလို့ ကျနော်စဉ်းစားကြည့်မိတယ်။

ဒီပုဂ္ဂိုလ်များကတော့.... သိနားလည်မှုကလည်းမရှိ၊ သိနားလည်ဖို့လည်း လုံးလုံးမကြိုးစားကြတော့ ....

ချစ်ကြည်ဖို့လည်းဝေး၊ ငြိမ်းချမ်းဖို့လည်းဝေး၊ သာယာစိုပြည်ရှိဖို့ဆိုတာလည်း ဝေးပြီးရင်းသာဝေးလို့ နေတော့တယ် အမေရယ်။

(၃)

''အမေ ဒီနှစ်နိုဝင်ဘာ (၂၉)ရက်ဆိုရင် အမေ့အသက် (၉၀) ပြည့်ပြီနော်။ အမေ့ကျန်းမာရေး ဒီနှစ်ကျတယ်။ စာတောင် သိပ်မရေးနိုင်တော့ဘူး။ လုပ်စရာတွေတော့ အများကြီးပဲ။ ဒါ့ကြောင့် ငယ်သေးတဲ့သားတွေ သမီးတွေက စည်းစည်းလုံးလုံး ကြိုးကြိုးစားစားစွန့်စားပြီး လုပ်စရာရှိတာတွေကို လက်တွဲပြီး လုပ်ကြအုံးနော်။ ပြည်ပမှာ ရောက်နေကြတဲ့ သားတွေသမီးတွေကတော့ သူတို့လုပ်စရာရှိတာတွေ ကိုလုပ်နေကြပါတယ်။ ဝမ်းသာစရာ၊ ကျေးဇူးတင်စရာပါပဲ။ အမေက မသေသေးခင် သူတို့တွေအားလုံး စိတ်ချမ်းသာတာကို မြင်သွားချင်ပါတယ် ကွယ်နော်။''

အမေရဲ့ နှုတ်ဆက်စကားကို ကျနော် နားစိုက်ထောင်နေမိတယ်။ အမေဟာ .... သူမဆုံးပါးခင်မှာ တိုင်းပြည်ကို ငြိမ်းချမ်းသွားစေချင်တယ်။

ကျနော်တို့တတွေ ပျော်ရွှင်ချမ်းမြေ့ရှိနေကြတာကို မြင်သွားချင်ရှာတာ၊ စိတ်ချသွားချင်ရှာတာပါ။

'အပြင်ကသားတွေက လုပ်လို့ရသမျှ ကြိုးစားပြီးလုပ်ကြပါ။ အထဲမှာတော့ အမေတို့မှာ ဘာမှလုပ်လို့မရဘူး၊ ဘာမှလုပ်လို့မရ၊ လှုပ်လို့မရအောင်ကို ကန့်သတ်၊ ဖိနှိပ်၊ ချုပ်ချယ်၊ တားဆီးနေကြတယ် သားရယ်။'

ကျနော် တော်တော်ခံစားရတယ်။ အဲဒီအချိန်မှာ ဆရာမောင်စွမ်းရည်ရဲ့ ဂါရဝစကားကို ကျနော့်အာရုံထဲမှာ ကြားနေရတယ်။

''အသက် (၉၀)၊ (၁၀၀) တန်းရောက်နေသည့်တိုင်အောင် သူက တိုင်းပြည်အတွက် သောကရောက်နေရှာတယ်။ တသက်လုံးကလည်း သူ့ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ သမီးတပည့်တစ်ဦးအနေနဲ့ ငြိမ်းချမ်းရေးရချင်တယ်၊ တိုင်းပြည်တိုးတက်စေချင်တယ်။ အခုလည်း သူက ဒီအရွယ်ထိအောင်ပြောတုန်းပဲ။

ဒီငြိမ်းချမ်းရေးရဖို့အတွက်၊ တိုင်းပြည်အတွက် သူဘာ လုပ်ပေးနိုင်မလဲ ....

ကြားဝင်ပြီးတော့ ပြောလို့ရှိရင်ရမလားဆိုတာမျိုး ပြောနေတယ်လေ။ အဲတော့ ဖွားသက်ရှည်ကြီးရဲ့ ဆန္ဒပြည့်ဖို့အတွက် တိုင်းပြည်က ဘာလုပ်ပေးနိုင်မလဲ၊ တပ်မတော်ကလည်း ဘာလုပ်ပေးနိုင်မလဲ၊ တိုင်းပြည်က ကိုယ်စားပြုပြီး တမ်းတနေတဲ့ဟာကို ဝိုင်းဝန်းပြီးတော့ အဖြေရှာကြဖို့၊ တိုင်းပြည်အတွက် စေတနာထားကြဖို့ ပြောချင်တာပါပဲဗျာ။''

ဟုတ်တယ် ဆရာ စွမ်းရေ ....

ဒီစကားကို ကျနော်လည်း ပြောချင်တယ်။

ကျနော်တို့ပြောလည်းပြောပြီး လုပ်လည်းလုပ်ကြရအောင်ဗျာ။

(၄)

ဟိုမှာ အမေ ....

စိမ်းလန်းသော ကောင်းကင်ကြီးရဲ့ အောက်မှာ ....

အမေ့သားတယောက်၊ အမေ့သား ကိုဖိုးသံရဲ့ အရင်းနှီးဆုံး ညီအကို၊

သူ .... အမေ့ကို အဝေးကနေလှမ်းပြီးဂါရဝပြုထားတဲ့ မွေးနေ့သဝဏ်လွှာကို ကော်မတီကိုယ်စား ဖတ်ကြားနေတယ်အမေ။

''အမေမာ ဖြတ်သန်းခဲ့တဲ့ နှစ်ပေါင်း (၉၀)ဟာ ....

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များဖြင့် ပြည့်နှက်နေတဲ့ နှစ် (၉၀) ဖြစ်ပါတယ်။

သတင်းစာတိုက်ကို မိုင်းခွဲဖျက်ဆီးခံရတာ၊ ခင်ပွန်းသည်အပါအဝင် သတင်းစာအယ်ဒီတာအဖွဲ့ကို ဖမ်းဆီးထိန်းသိမ်းခံရတာ၊ သတင်းစာကို တချက်လွှတ်အမိန့်နှင့် လုံးဝရပ်စဲပစ်တာ၊ ပုဒ်မအမျိုးမျိုးတပ်ပြီး ဖမ်းဆီးထောင်ချတာ၊ မိသားစုများ သေကွဲ၊ ရှင်ကွဲကွဲစေတာစတဲ့ အာဏာရှင်အစိုးရ အဆက်ဆက်ရဲ့ဖိနှိပ်မှုများကို အလံမလှဲ ကြံ့ကြံ့ခံဖြတ်သန်းကျော်လွှားခဲ့ရတဲ့ နှစ် (၉၀) လည်းဖြစ်ပါတယ်။

ဒီနေ့ ဒီအချိန်ထိလည်း တနေ့တခြားဘက်ပေါင်းစုံ ဆုတ်ယုတ်ကျဆင်းနေတဲ့ တိုင်းပြည်အခြေအနေကို ဘယ်လိုမှ မကြည့်ရက်တော့ပဲ .... ''

သူတို့ ရင်ထဲမှာ၊ သူတို့နှလုံးသားထဲမှာ အမေ့ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားနေကြတယ်အမေ၊

တက်ရောက်လာကြတဲ့ အမေ့ သား၊ အမေ့ သမီးတွေ အကုန်လုံးက ငြိမ်သက်လို့။

''အေးအေးချမ်းချမ်းနဲ့ 'သူမနာ ကိုယ်မနာ' နှစ်ဘက်ခွင့်လွှတ်နိုင်တာ မှန်သမျှအကုန်ခွင့်လွှတ်ပြီးတော့ ဒီအဖြေရှာတဲ့နည်းဟာ အကောင်းဆုံးလို့ အမေတို့ထင်ပါတယ်။ တခြားနည်းလမ်းမရှိပါဘူး။ နိုင်ငံခြားကဖိအားတွေဟာ အမေတို့ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ အမေတို့ကိစ္စပါ။ အမေတို့ဘာသာ ဖြေရှင်းရမယ့် ကိစ္စပါ ''လို့ အကြိမ်ကြိမ် ထောက်ပြခဲ့ပါတယ်။

ဟုတ်ပါတယ် အမေ။

ဒီတာဝန်ဟာ ကျနော်တို့တာဝန်ပါ။

နိုင်ငံတကာကအကူအညီကို အမေမာပြောသလို ကျေးဇူးတင်ပါတယ်။

ဒါပေမယ့် .... ဒါဟာ အရံအင်အားအဆင့်ပါ။

အဓိကက .... ကျနော်တို့ လူမျိုးပေါင်းစုံပြည်သူလူထုကြီး ကိုယ်တိုင်က ....

ဥစ္စာရှင်လို ဥစ္စာရှင်ခဲကြရမှာပါ။

ဒါကြောင့်လည်း ဂါရဝပြုပွဲ ကျင်းပရေးကော်မတီက .... တာဝန်ရှိသူ စစ်ဗိုလ်ချုပ်ကြီးများကိုရော၊ ပြည်သူလူထုကြီးကိုရော အခုလို မေတ္တာရပ်ခံထားတယ် အမေ။

''ဒီထောက်ပြချက်များကို (နအဖ) စစ်ဗိုလ်ချုပ်ကြီးများက အလေးအနက်စဉ်းစားပြီး တွေ့ဆုံဆွေးနွေးတဲ့နည်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစပြုသင့်ပြီလို့ မိမိတို့ကော်မတီမှ အခိုင်အမာယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးပေါ်ပေါက်လာဖို့ကလည်း အမေမာပြောသလို လူမျိုးပေါင်းစုံပြည်သူလူထုကြီးကိုယ်တိုင်က အားထုတ်ကြိုးပမ်းကြရပါလိမ့်မယ်။''

(၅)

''ဒီအနှစ်ကိုးဆယ်အတွင်း
ကျနော်မမွေးခင်ကအနှစ်၃၀
မွေးပြီး နောက်အတူမနေရတာက
အနှစ် ၃၀ ကျော်
ရွှေသွေး လူလှ ၊ ရှုမဝကို
ဆံပင်ဖြီး ၊ နဖါကလော်
လက်သဲညှပ် ၊ အင်္ကျီဖာ
မိခင်ပီသစွာ ၊ ပြုစုနိုင်တာက
အနှစ် သုံးဆယ်မရှိ
ဝတ်ငါးအင်မှာ
နှစ်အင်ခွဲလောက်သာ ဖြည့်ဆည်းနိုင်ကာ
အဲဟို နေ့မှာတော့
ငါ့သား ပြေးပေရော့လို့သာ
မေးတချက် ထိုးပြကာ
နှုတ်ဆက်နိုင်ရှာတဲ့ အမေကို ....''

အဲဒါ.... အမေ့သား ကိုဖိုးသံရဲ့အသံလေအမေ။

အမေ့ကိုဂါရဝပြုလိုက်တဲ့ သူ့ရင်ထဲက ကဗျာကို သူကိုယ်တိုင်ရွတ်ပေးနေတာပါ။

အသံထဲမှာ အလွမ်းတွေကို မြင်နေရသလို ယုံကြည်မှုတွေ၊ ခိုင်မာမှုတွေကိုလည်း အထင်းသားမြင်နေရပါတယ်။

ကျနော် ကိုဖိုးသံကို မမြင်ဖူးဘူး။ ဒါပေမယ့် သူ့အကြောင်းကို တော်တော်ပဲကြားဖူးပါတယ်။

ကျနော်တို့ ကျောင်းသားတွေကြားမှာ.... သူ့အကြောင်းက ရာဇဝင်ထဲက သူရဲကောင်းပုံပြင်တစ်ပုဒ်လို ဖြစ်ခဲ့တာပါ။

ဆဲဗင်းဂျူလိုင် နှစ်လယ်လှုပ်ရှားမှုနဲ့ မန္တလေးတက္ကသိုလ်မှာ အဖမ်းခံရတာ၊ မန္တလေးထောင်မှာ၊ ရန်ကုန်ထောင်မှာ အငြိုးတကြီးနဲ့ ထောင်တွေပြောင်းပြောင်းပြီး ချုပ်နှောင်ခံရတာ၊ ထောင်တွင်းကာလတလျှောက်လုံးမှာ ဖိနှိပ်စော်ကားမှုအမျိုးမျိုးကို ခံခဲ့ရတာ၊ အကဲစမ်းမှုအမျိုးမျိုးတွေရဲ့နောက်မှာ ကိုကိုးကျွန်းကို အပို့ခံရတာ၊ ကျွန်းပေါ်တိုက်ပွဲတွေမှာ အခြားရဲဘော်တွေနဲ့တွဲပြီး ရဲရဲရင့်ရင့်ဖြတ်သန်းခဲ့တာ၊ ပြန်လွတ်လာပြီးတဲ့နောက်ပိုင်း စစ်ထောက်လှမ်းရေးရဲ့ မျက်စိအောက်မှာပဲ လုပ်စရာရှိတဲ့အလုပ်တွေကို ပိပိရိရိ သေသေသပ်သပ်နှင့် လုပ်ကိုင်ဆောင်ရွက်သွားနိုင်တာ၊ နောက်တော့ စစ်ထောက်လှမ်းရေးက ဝင်အဖမ်းမှာ ရှောင်ထွက်သွားပြီး လက်နက်ကိုင်တော်လှန်ရေးဒေသကို ဆင်းသွားတာ၊ စသည်စသည်ဖြင့်ပေါ့ အမေရယ်။

အမေတို့အိမ်က မိသားစုလိုက်ကိုပဲ ဘဝတွေပုံအောပေးပြီး လူထုကြီးအကျိုးအတွက် ရက်ရက်ရောရော အပ်နှံထားကြတာကို ကျနော်တို့ အားကျစွာ တလေးတစားနဲ့ ငေးကြည့်ခဲ့ရတာပါ။

အခု ကိုဖိုးသံကို အမေ့မွေးနေ့နဲ့ ပတ်သက်ပြီး တစ်ခုခု ဘာများပြောချင်ပါသလဲလို့ မေးကြည့်တော့ ....

''နိုင်ငံရေးလုပ်ချင်သူတိုင်းလည်း နိုင်ငံရေးလုပ်ခွင့်မရ၊ စည်းစည်းလုံးလုံးဖြစ်ချင်တဲ့သူတွေလည်း စည်းစည်းလုံးလုံးဖြစ်လို့မရတဲ့ အခြေအနေမှာ ကျနော်တယောက်ချင်းပြဿနာ၊ ကျနော်တို့တမိသားစုရဲ့ပြဿနာကို ကျနော်နောက်ထားလို့ တစ်နည်းအားဖြင့် ခဏဘေးချိတ်ထားလို့ရတယ်လို့ထင်ပါတယ်။

ဒါပေမယ့် အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ သားတယောက်အနေနဲ့ပဲဖြစ်စေ၊ အမေရဲ့ တန်ဖိုးကိုသိတဲ့ ဗမာပြည်သားတယောက်အနေနဲ့ပဲဖြစ်စေ၊ အမေမွေးနေ့ အခမ်းအနားတွေကို သူများတွေလို ကျနော်တက်ချင်ပါတယ်။ ကန်တော့ချင်ပါတယ်။ ကျနော်ဟာ ကျနော့်အဖေကွယ်လွန်တုန်းကလည်း အဖေ့အနားမှာမရှိရ အခုထက်ထိအဖေ့ကို မကန်တော့ရသေးတဲ့လူပါ။

အဲဒါကြောင့်မို့ အမေဘေးမှာ အဖေမရှိတဲ့အခါမှာ သားကြီးအနေနဲ့ ရှိချင်တဲ့ဆန္ဒဒါအမှန်ပဲရှိပါတယ်။ ဒါပေမယ့် ဒါဟာ ကျနော့်ကံကြမ္မာဟာ ဗမာပြည်သူလူထုရဲ့ ကံကြမ္မာနဲ့ အတူတူပဲဖြစ်ပါတယ်။''

သူ့စကားသံကိုနားထောင်နေရင်း ကျနော်ရင်တွေခုန်လာတယ်။ ကျနော်လုံးလုံး စိတ်မကောင်းဘူး။

ကျနော်တို့တတွေ မိသားစု စုံစုံလင်လင်နှင့် ဘယ်တော့ အတူတူထမင်းလက်ဆုံစားခွင့်ရကြမလဲ၊ ကျနော်တို့ ယောက်စီတယောက်စီတိုင်းရဲ့ကံကြမ္မာဟာ ကိုဖိုးသံပြောသလို ဗမာပြည်ရဲ့ကံကြမ္မာနဲ့ တစ်ထပ်တည်းပါပဲ အမေ။

ကမ္ဘာအနှံ့အပြားကိုရောက်နေကြရတဲ့ သားတွေသမီးတွေကိုရော၊ တောင်သမန်အင်းစောင်းက တောင်လေးလုံးကျောင်းတိုက်ပွဲကို တက်လာကြတဲ့ သားတွေ သမီးတွေကိုရော အမေမာ မှာလိုက်တဲ့စကားဟာ ကျနော့်ရင်ထဲပွဲ့တင်ထပ်နေတယ်။

''ပြည်တွင်းပြည်ပပေါ့ကွာ၊ နောက် ဒေါ်ဒေါ့်သားသမီးတွေလိုနေတဲ့ လူငယ်တွေလူကြီးတွေအားလုံးကို ဒေါ်ဒေါ်က ပြောချင်တာက ဒေါ်ဒေါ်တို့မှာ လုပ်စရာတွေအများကြီးရှိသေးတယ်လို့နော်၊ အဲဒီတော့ အဲဒီအများကြီးကို လုပ်နိုင်တဲ့ဘယ်သူနဲ့မဆို လက်တွဲနိုင်တဲ့လူ၊ အသုံးတည့်တဲ့လူ ဖြစ်စေချင်တယ်လို့၊

စာမျက်နှာ (၆) ကော်လံ (၄) သို့....

# သားအမိချင်း ပေးစာတစောင်



တရာစုမှာ ဆယ်နှစ်လျော့
အမေတော့ဖြင့် အသက် ၉၀
မကြာမီမှာ ပြည့်တော့မယ်။

ကျောင်းကြိုကျောင်းကြား သူမသွား
တောင်သမန်အင်းစောင်းက
တော်ကျောင်းဆီကိုသာ
ဝတ္ထုရားမပျက်လာ
လောကုတ္တရာကြောင်းမပြော
လောကီကြောင်းသက်သက်ဟောလို့
လောကသားတွေ သာခုခေါ်စေတယ်။

ဒီအနှစ်ကိုးဆယ်အတွင်း
ကျနော် မမွေးခင်က အနှစ် ၃၀
မွေးပြီးနောက်အတူမနေရတာက အနှစ်
၃၀ ကျော်
ရွှေသွေးလူလှ၊ ရှုမဝကို
ဆံပင်ဖြီး၊ နဖာကလော်
လက်သဲညှပ်၊ အကျီဖာ
မိခင်ပီသစွာ၊ ပြုစုနိုင်တာက
အနှစ်သုံးဆယ်မရှိ
ဝတ်ငါးအင်မှာ
နှစ်အင်ခွဲလောက်သာ ဖြည့်ဆည်းနိုင်ကာ
အဲဟိုနေ့မှာတော့
ငါ့သား ပြေးပေရော့လို့သာ
မေးတချက်ထိုးပြတာ
နှုတ်ဆက်နိုင်ရှာတဲ့ အမေကို
ငါဖြင့် လည်ပြန်တောင်ပြန်မကြည့်
တိခနဲ သံယောဇဉ်ဖြတ်ခဲ့ရတယ်။

ဩော်.... အတူမနေတဲ့သားက
ဒုက္ခအများဆုံးပေးခဲ့တာ
ဒီအမေမို့ နားလည်ကာ
သည်းခံနိုင်တာပ။

မင်းဒဏ်သင့်နိုင်တဲ့၊
ဆယ်သွယ်ခွင့်လေးများ
ရှားရှားပါးပါး၊ ရပလားဆိုရင်
ငါ့သား ကျန်းမာရေးဂရုစိုက်
စာတွေများများဖတ်
စာတွေမှန်မှန်ရေး
အတန်တန်မှာရှာရဲ့
ငါကတော့ဖြင့် ဘာမှာရမှန်းမသိ
စာရွက်ဖြူကိုကြည့်
ကြည့်....ကြည့်....ကြည့်
ငေါင်းတိတိ
ဘယ်နှစ်ခါရှိသွားပြီလဲ။

ငါ့သားပြန်လာတဲ့အထိ
အမေစောင့်နေမယ်....တဲ့
ကြားလို့လည်းလှပေါ့
သားတို့လည်းအားရ
အမေ့မှာစကား (ခေါ်သံမဟုတ်)
မြားတံလိုစူးရှ၊ ရင်ဝကိုမှန်သွား
ကျင်မြသလိုခံစားရ
တရံတခါတော့လည်း
အသည်းနှလုံးကို ပေတင်သလို
ဆေးသားကျ၊ ထုသားရစေတာ
ဒါ ငါ့အမေလို့
ဆက်သွယ်ရေးခေတ်ကြီးမှာ
အီးမေးလ်မရေးနိုင်
တယ်လီဖုန်းမဆက်နိုင်
စာတိုက်တောင်မသုံးနိုင်လို့
လူကြုံကိုလက်ကုတ်
စာတိုတိုတရွက်ထုတ်ကာ
ခပ်သုတ်သုတ်ရေးမိတာက
သဟာဆွေအပေါင်းတို့ကို
မာပါစေကြောင်းဆိုတာရယ်
ကျနော် အလာကောင်းနဲ့သာ
ရွှေအိုးပါထမ်းပြီး
ပြန်လာမယ့်အကြောင်း
ကိုကိုးကျွန်းက ပြန်လာသလို
ရင်ကော့ကာပြန်လာမှာ
အမေကြိုလို့သာနေပေရော့လို့။ ။



ဖိုးသံ (လူထု)

# "မမောတမ်းအမေ"

မမောတမ်းအမေ
စာအမွေဝေဆဲ
တော်လှန်မှုန်ဉာဏ်သတတ္တိတွေနဲ့
၉၀ ပြည့်ပွဲ ။



ဝင်းတင်
(လူထုဒေါ်အမာ (၉၀) ပြည့်မွေးနေ့အတွက် ထောင်တွင်းမှဂုဏ်ပြုပေးပို့လိုက်သောကဗျာ)

# လူထုဒေါ်အမာ၏ (၉၀) ပြည့် မွေးနေ့ပွဲ အတွင်းအပြင် ချစ်ချစ်ခင်ခင် လက်တွဲလုပ်ကြရန်မှာကြား

စာရေးဆရာမကြီး လူထုဒေါ်အမာ၏ အသက်(၉၀) ပြည့် မွေးနေ့ပွဲကို မန္တလေးမြို့ တောင်သမန်အင်းရှိ ဆရာတော်ဦးပညာ၏ တောင်လေးလုံးကျောင်းတိုက်တွင် နိုဝင်ဘာ (၂၉)ရက်က ကျင်းပခဲ့သည်။

မွေးနေ့ပွဲသို့ စာရေးဆရာကြီး ဒဂုံတာရာ၊ လူထုစိန်ဝင်းအပါအဝင် ထင်ရှားသည့် စာရေးဆရာများ၊ သခင်အုန်းမြင့်၊ သခင်သိန်းမောင်၊ ဦးထွေးမြင့်စသည့် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ မင်းကိုနိုင်၊ ကိုကိုကြီးတို့အပါအဝင် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ လူထုဒေါ်အမာကိုလေးစားသည့် စာပေချစ်မြတ်နိုးသူများ စုံစုံညီညီ တက်ရောက်ခဲ့ကြသည်။ ဆရာတော်ဦးပညာ၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၊ ဒဂုံတာရာနှင့် ဗြိတိန်သံအမတ်ကြီး ဘစ်ကီဗောမင်းတို့က မွေးနေ့အခမ်းအနားတွင် အမှတ်တရဂုဏ်ပြုဆုတောင်း စကားများ ပြောကြားခဲ့ကြသည်။

လူထုဒေါ်အမာ၏ မွေးနေ့အမှတ်တရ "မမောတမ်းအမေ"ဆိုသည့် ကဗျာတပုဒ်ကို သတင်းစာဆရာကြီး ဦးဝင်းတင်က အင်းစိန်ထောင်တွင်းမှ ရေးစပ်ပေးပို့ခဲ့သည်။ သားဖြစ်သူဖိုးသံချောင်းက "သားအမိချင်းပေးစာတစောင်" ကဗျာတပုဒ်စပ်ဆို၍ (၉၀) ပြည့်မွေးနေ့ကို ဂါရဝပြုခဲ့သည်။ လူထုဒေါ်အမာ၏မွေးနေ့ အမှတ်တရပွဲကို သူမ (၇၅)နှစ်ပြည့် (၁၉၉၀) ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၅) နှစ်ရှိခဲ့ပြီဖြစ်သည်။



လူထုဒေါ်အမာမွေးနေ့ စိမ်းလန်းသောကောင်းကင်အခမ်းအနားကျင်းပစဉ်

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင်လည်း "စိမ်းလန်းသော ကောင်းကင် (သို့မဟုတ်) အမေလူထုဒေါ်အမာ" ခေါင်းစဉ်ဖြင့်လူထုဒေါ်အမာ (၉၀) ပြည့်မွေးနေ့ပွဲကို မြန်မာသတင်းသမဂ္ဂနှင့်လွတ်လပ်သောကလောင်ရှင်များအသင်းတို့က ဦးဆောင်ကျင်းပခဲ့သည်။

အဝေးရောက်နေသော သားသမီးများသို့ အမေလူထုဒေါ်အမာက "ငါ့သား ငါ့သမီးအားလုံး ချစ်ချစ်ခင်ခင်နဲ့လက်တွဲပြီးလုပ်စရာရှိတာတွေလုပ်ရမှာ၊ မင်းတို့အပြင်မှာရှိတဲ့သူတွေကလည်း အပြင်အလိုက်လုပ်ရမှာဘဲ၊ အထဲမှာရှိတဲ့သူကလည်း အထဲကအလုပ်ကို လုပ်ရမှာပဲ။ ဒါပေမယ့် ဒို့အထဲကရှိတဲ့သူတွေ ဘာမှလုပ်လို့မဖြစ်ဘူး။ အမျိုးမျိုးခြောက်လှန့်၊ ဖိနှိပ်ခြိမ်းခြောက်ခံနေရတယ်။ ဒါကြောင့် အပြင်ဘက်မှာရှိတဲ့ သားတို့သမီးတို့က အမေတို့အတွက်ပိုပြီး လုပ်ပေးကြကွယ်လို့ အမေက မေတ္တာရပ်ခံချင်တယ်။ အမေတို့နဲ့ အမြန်ဆုံးပြန်ပြီးတော့နေရပါစေလို့ ဆုတောင်းလိုက်ပါတယ်"ဟု ဗွီဒီအိုအမှတ်ဆင့်ပြောကြားခဲ့သည်။❖

# ရွှေဂူ အဖွဲ့ချုပ်ပါတီဝင်နှစ်ဦးကို ဘိန်းပစ်၍အမှုဆင်ဖမ်း

နိုဝင်ဘာ (၂၀) ရက်က ကချင်ပြည်နယ်၊ ရွှေဂူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကိုကိုမြင့်နှင့် မြို့နယ်စည်းအဖွဲ့ဝင် ဦးသိန်းဇော်ကို အာဏာပိုင်များက အိမ်တွင်းသို့ဝင်ရောက်ရှာဖွေပြီး ဘိန်းတွေ့ရှိသည်ဟု စွပ်စွဲကာ ဖမ်းဆီးသွားခဲ့သည်။

ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့၏နေအိမ်များကို သက်ဆိုင်ရာအာဏာပိုင်များက ဧည့်စာရင်းစစ်မည်ဟုအကြောင်းပြကာ တချိန်တည်း၊ တပြိုင်တည်းဝင်ရောက်ရှာဖွေခဲ့ပြီး ခြံဝင်းများထဲမှ ဘိန်းထည့်ထားသည့် ဗူးတဗူးစီကို တွေ့ရှိခဲ့သောကြောင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ထံမှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကိုလည်းသိမ်းဆည်းသွားခဲ့သည်ဟု သိရသည်။ ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့သည် မူးယစ်ဆေးသုံးစွဲသူမဟုတ်သကဲ့သို့ ရောင်းဝယ်သူများလည်း မဟုတ်ပေ။

၎င်းတို့နှစ်ဦးသည် ရွှေဂူအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် တက်တက်ကြွကြွ လှုပ်ရှားသူများဖြစ်သောကြောင့် ဘိန်းပစ်၍တမင် အမှုဆင်ဖမ်းခြင်းဖြစ်သည်ဟု ရွှေဂူအမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တဦးက ပြောသည်။

❖

## နိုင်ငံတကာ

# သတင်းတိုထွာ

## ဒေသတွင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု အာဖဂန်နစ္စတန်သမတကတောင်းဆို

ကဘူး၌ (၂) ရက်ကြာကျင်းပသော ဒေသဆိုင်ရာစီးပွားရေးကွန်ဖရင့်တွင် ဗြိတိန်နှင့် ပူးတွဲ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သော အာဖဂန်နစ္စတန်သမတဟာ မက်ကာဇိုင်းကဒေသတွင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ရန်တောင်းဆိုလိုက်သည်။

ဒီဇင်ဘာ (၄) ရက်နေ့တွင်ကျင်းပသော ယင်းကွန်ဖရင့်၌ အာဖဂန်နစ္စတန်နှင့်နယ်စပ်ခြင်းထိစပ်နေသော တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကာမက်နစ္စတန်၊ အီရန်၊ ပါကစ္စတန်နှင့် တရုတ်တို့အပြင် အိန္ဒိယ၊ တူရကီ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကာဇက်ကစ္စတန်နှင့် တာဂျစ်စတန်တို့မှ အရာရှိများတက်ရောက်ကြသည်။

မစ္စတာကာဇိုင်းက သူ့နိုင်ငံအား ဒေသဆိုင်ရာကုန်သွယ်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းအဖြစ်လည်းကောင်း၊ လောင်စာစွမ်းအင်နှင့်ကျွမ်းကျင်လုပ်သားများအတွက် ဈေးကွက်အဖြစ် အသုံးပြုပါရန်ပန်ကြားခဲ့သည်။

## သီရိလင်္ကာစစ်သား (၆) ဦး အသတ်ခံရ တမီးလ်ကျားတို့က ပါးကိုက်ရင်နားကိုက်မည်ဆို

စစ်ပွဲဒဏ်ကြောင့် တစစီကြေမွနေသော သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် တမီးလ်ကျားတို့ကအစိုးရစစ်သား (၆) ဦးကို ဒီဇင်ဘာ (၄) ရက်နေ့က သတ်ဖြတ်ခဲ့သည်။ ယင်းသတ်ဖြတ်မှုမှာ (၂၀၀၂ ) ခုနှစ် အပစ်အခတ်ရပ်စဲပြီး နောက်သေကြေမှု အများဆုံးဖြစ်ပျက်မှုဖြစ်သည်။

ယင်းသတ်ဖြတ်မှုသည် တမီးလ်တိုက်ဂါးတို့အားထောက်ခံသူ နှစ်ဦးအသတ်ခံရသည့်အတွက် တုံ့ပြန်လက်စားချေမှုဖြစ်နိုင်သည်ဟု သီရိလင်္ကာစစ်တပ်မှ ဗိုလ်မှူးချုပ် Witharanage ကထုတ်ဖော်ပြောဆိုသည်။

## အရှေ့တီမောအား ကျူးကျော်မှုအမေရိကန်က ကြိုတင်သိ

လျှို့ဝှက်အဆင့်အတန်းမှ လျှော့ချထားသော စာရွက်စာတမ်းများအရ အမေရိကန်ပြည်ထောင်စုသည် အင်ဒိုနီးရှားနိုင်ငံက အရှေ့တီမောအား (၁၉၇၅ ) ခုနှစ်၌ စစ်ရေးအရ ကျူးကျော်မှုကို တနှစ်ကျော်ကြာ ကြိုတင်သိရှိခဲ့သည်ဟု ဝါရှင်တန်မှလာသောသတင်းများအရ သိရှိရသည်။

အမေရိကန်အစိုးရက နှုတ်ဆိတ်နေရေးမူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည့်အပြင် အရှေ့တီမောနှင့်ပတ်သက်သည့် သတင်းများနှင့် ဆွေးနွေးမှုများကိုဖြတ်တောက်ခဲ့သည်။ အထူးသဖြင့် အရှေ့တီမော ပြည်သူလူထုအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို မျက်ကွယ်ပြုခဲ့သည်ဟု ဆိုသည်။ ထိုအချိန်က အမျိုးသားလုံခြုံရေးကောင်စီ အကြံပေးအရာရှိ ဟင်နရီကစ်ဆင်းဂျားက သူ၏ဝန်ထမ်းများအား အရှေ့တီမောကိစ္စနှင့်ပတ်သက်၍ နှုတ်ဆိတ်နေရန်ညွှန်ကြားခဲ့သည်။

## ငှက်တုတ်ကွေးရောဂါဖြင့် အင်ဒိုနီးရှား၌ သေဆုံး

အသက် (၂၅) နှစ်အရွယ်ရှိ အင်ဒိုနီးရှားအမျိုးသမီးတဦးသည် ငှက်တုတ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီတဦးက ထုတ်ဖော်ပြောကြားသည်။

ဆေးရုံ၏ပြောရေးဆိုခွင့်ရှိသူ (Ilhan Palia) က ယင်းအမျိုးသမီးသည် နိုဝင်ဘာ (၂၄) ရက်နေ့တွင် ဆေးရုံမတက်မီက ကြက်အသေများနှင့် ဆက်စပ်မှုရှိခဲ့ကြောင်း ဆေးရုံတက်မည့်အချိန်၌ လူနာမှာအတော်အခြေအနေဆိုးနေပြီဖြစ်ကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားတွင် ငှက်တုတ်ကွေးရောဂါကြောင့်သေဆုံးသူ (၇) ဦးရှိသွားပြီဖြစ်သည်ဟု ဟောင်ကောင်ဓါတ်ခွဲခန်းမှ အတည်ပြုပြောဆိုခဲ့သည်။

❖

# ကမ္ဘာကြီးပူနွေးလာမှုကို ချက်ခြင်းအရေးယူဆောင်ရွက်ရေး မွန်ထရီရယ်မြို့၌ လူခုနှစ်သောင်းကျော်ဆန္ဒပြ



ကမ္ဘာကြီးပူနွေးလာမှုကြောင့် လူခုနှစ်သောင်းကျော် ဆန္ဒပြမြင်ကွင်း

ဒီဇင်ဘာ (၃) ရက်နေ့က ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့လယ်ရှိလမ်းမ၌ ကမ္ဘာကြီးပူနွေးလာမှုအပေါ် ချက်ချင်းအရေးယူဆောင်ရွက်ရေးအတွက် လူခုနှစ်သောင်းကျော်ခန့် ဆန္ဒပြတောင်းဆိုခဲ့ကြောင်းသိရှိရသည်။ ယင်းမြို့ပေါ်တွင် နိုင်ငံတကာရာသီဥတုပြောင်းလဲရေး ကွန်ဖရင့်ကျင်းပနေစဉ် ယခုကဲ့သို့ ဆန္ဒပြပွဲကိုပြုလုပ်ခြင်းဖြစ်သည်။ ယင်းကွန်ဖရင့်က တိုကျိုသဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန်နှင့် ပိုမို၍ခေတ်နှင့်အညီ ဖြစ်ပေါ်စေရန်ရည်ရွယ်ချက်ဟုဆိုသည်။

အမေရိကန်လူမျိုး ခြောက်သိန်းလက်မှတ်ရေးထိုးထားသော တင်ပြလျှောက်လွှာများကို ဂရင်းပိစ်ဒင့်ရာသီဥတုအကြပ်အတည်းဆိုင်ရာ ညွန့်ပေါင်းအဖွဲ့တို့ပါသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စု (၅) ခုမှအမေရိကန်သမတနှင့် ကွန်ကရက်ထံသို့ တင်သွင်းခဲ့ကြသည်ဟုဆိုသည်။

ယင်းဆန္ဒပြပွဲများကို နိုင်ငံ (၃၂) နိုင်ငံတွင်ကျင်းပသွားရန် စီစဉ်ထားပြီး သမတဘုရှ်သည် တိုကျိုသဘောတူညီချက်မှ နုတ်ထွက်ခဲ့သည့်အတွက် ပြင်းပြင်းထန်ထန်ဝေဖန်မှုနှင့်ရင်ဆိုင်နေရသည်။ ယင်းစာချုပ်က ခရမ်းရောင်ဓါတ်ငွေ့မှုတ်ထုတ်နေမှုကို စက်မှုနိုင်ငံကြီးများအားပိတ်ပင်ထားသည်။ အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ကာဗွန်ဓာတ်ငွေ့မှုတ်ထုတ်မှု၏ (၂၅) ရာခိုင်နှုန်းကို မှုတ်ထုတ်လျက်ရှိသည်။❖

# ထိုင်းဘုရင်မင်းမြတ်၏ (၇၈)နှစ်မြောက်မွေးနေ့ ဒီဇင်ဘာ (၅) ရက်နေ့၌ ထိုင်းတနိုင်ငံလုံးကျင်းပ



ထိုင်းဘုရင်မွေးနေ့မြင်ကွင်း

ဒီဇင်ဘာ (၅) ရက်နေ့၌ ကျရောက်သော ထိုင်းဘုရင်မင်းမြတ်၏ (၇၈) နှစ်မြောက်မွေးနေ့ကို ထိုင်းနိုင်ငံတဝန်းလုံး၌ ခြိမ့်ခြိမ့်သဲသဲကျင်းပကြသည်။ မွေးနေ့အထိမ်းအမှတ်တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာ၌ ဝန်ကြီးချုပ်သည် အဝေဖန်ခံနိုင်ရန်လိုအပ်ကြောင်း၊ ဝေဖန်မှုများကိုတုံ့ပြန်ရာ၌ လွန်ကဲမှုမရှိရန် ဒီဇင်ဘာလ (၄) ရက်နေ့ကပြောဆိုခဲ့သည်။

ဒူဆစ်တာလီရှိ ပရိတ်သတ်များအား ဘုရင်ကြီးက ပွင့်ပွင့်လင်းလင်း ပြောကြားရာ၌ သူကိုယ်၌ကလည်းဝေဖန်မှုကို လိုချင်ပါကြောင်း၊ ရှေးဟောင်းစကားရပ်ဖြစ်သည့် ဘုရင်ဆိုတာဘယ်တော့မှ မမှားနိုင်ဆိုသည့် အချက်ကို သူလက်မခံကြောင်း၊ ယင်းသို့ပြောဆိုခြင်းသည် ဘုရင်အား စော်ကားခြင်းသာဖြစ်ကြောင်း၊ ယင်းစကားရပ်သည် ဘုရင်အား လူသားတဦးအဖြစ် အသိအမှတ်မပြုခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံတွင် ဘုရင်ဘာပဲလုပ်သည်ဖြစ်ပါစေ မည်သူ တဦးတယောက်မျှမဝေဖန်ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိတ်ပင်ထားသည်။

ထိုင်းဘုရင်ကြီးက ထိုင်းနိုင်ငံသည် ပြည်သူတို့အတွက် လုံလောက်ပြည့်စုံသော စီးပွားရေးစနစ်လိုအပ်လျက်ရှိနေသည်ကို ထောက်ပြပြောဆိုပြီး ယင်းကိစ္စကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဝန်ကြီးချုပ်အားကတ်ဘီနက်အား လမ်းညွှန်ရန်တိုက်တွန်းပြောဆိုခဲ့သည်။ ယင်းကိစ္စအား လက်ထောက်ဝန်ကြီးချုပ်များက လုပ်ဆောင်နေလိမ့်မည်မဟုတ်ကြောင်း အဘယ်ကြောင့်ဆိုသော် သူတို့သည် ငွေကြေးဦးစားပေးစနစ်နှင့်သာ ယဉ်ပါးနေသူများဖြစ်သည်ဟုလည်းဝေဖန်ထောက်ပြခဲ့သည်။❖

# လက်ရှိကာဇက်ကစ်စတန်သမတ ရွေးကောက်ပွဲ၌ ဆက်လက်အောင်ပွဲခံ အတိုက်အခံတို့က အာဏာရှင်စနစ်ကြီးထွားမည်ဟု သတိပေး

ကာဇတ်သမတ နာဘူလတန် နာဇာဘေရက်ဖ်သည် ဒီဇင်ဘာ (၄) ရက်နေ့၌ ကျင်းပသောရွေးကောက်ပွဲ၌ နောက် (၄)နှစ်သက်တမ်းအတွက် ဆက်လက်အရွေးချယ်ခံရသည်ဟု သတင်းများအရသိရှိရသည်။ မဲလိမ်မှု၊ အကျင့်ပျက်ချစားမှုနှင့် အာဏာရှင်ဆန်မှုတို့ဖြင့် အတိုက်အခံတို့က စွပ်စွဲခံနေရသည့်သမတသည် သူ၏ အတိုက်အခံ (၄) ဦးအပေါ် အလွယ်တကူပင် အောင်မြင်ကျော်လွှားနိုင်ခဲ့သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ကာဇက်ကစ်စတန် သမတနိုင်ငံသည် ၎င်း၏ ကက်စပီယံပင်လယ်ရေနံတွင်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံဒေါ်လာဘီလီယံနှင့်ချီ၍ လက်ခံရရှိခဲ့သည့်အပြင် ယခုဆယ်စုနှစ်အတွင်း ရေနံအများဆုံးထုတ်လုပ်သည့် ကမ္ဘာ့ (၁၀) နိုင်ငံစာရင်းဝင်နိုင်ငံဖြစ်လာခဲ့သည်။

သို့ရာတွင် အနောက်ဥရောပ (သို့) အိန္ဒိယနိုင်ငံအရွယ်အစားရှိသည့် အချိန်ကဂျင်ဂျစ်ခန်အင်ပါယာ၏ အစိတ်အပိုင်းဖြစ်ခဲ့သော ကာဂျစ်စတန်တွင်လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ဘယ်သောအခါကမှမကျင်းပနိုင်ခဲ့ဟု အနောက်တိုင်း လေ့လာသူများက မှတ်ချက်ချပြောဆိုကြသည်။

အိုအက်စ်စီအီး (ခေါ်) ဥရောပလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ကာဇက်ကစ်စတန်အစိုးရသည် ရွေးကောက်ပွဲ ကျင်းပရေးပြင်ဆင်မှုနှင့်စပ်လျဉ်းသော အိုအက်စ်စီအီး၏ အစီရင်ခံစာပါ အကြံပြုချက် (၂၄) ချက်ကို ဖြည့်စွမ်းပေးခြင်းမရှိခဲ့ဟုဆို၍ ပစ်တင်ရှုံ့ချခဲ့သည်။

ယခုကျင်းပသည့် ကာဇက်ကစ်စတန် ရွေးကောက်ပွဲသို့ နိုင်ငံတကာမှစောင့်ကြပ်အကဲဖြတ်လေ့လာသူပေါင်း (၁၆၀၀) ခန့် သွားရောက်ခဲ့ရာ (၄၆၅) ယောက်မှာ အိုအက်စ်စီအီးမှဖြစ်သည်။

❖

## နိုင်ငံတကာ

# ဗုံးပေါက်ကွဲမှုကြောင့် မရိမ်းတပ်သား (၁၀) ဦး သေဆုံး



ဖါလူဂျာမြို့အနီး လမ်းပေါ်တွင်ဗုံးပေါက်ကွဲသည့် မြင်ကွင်း

ဖါလူဂျာမြို့အနီး လမ်းပေါ်တွင်ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် မရိမ်းတပ်သား (၁၀) ဦး သေဆုံးပြီး၊ အခြား(၁၁) ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ထုတ်ဖော်ပြောကြားသည်။

မြောက်ကာရိုလိုင်းနားရှိ လီဂျုန်းစခန်းတွင်အခြေစိုက်သည့် တိုက်ခိုက်ရေးတပ်ရင်းကြီးအမှတ် (၈)မှ မရိမ်းတပ်သားများက ယင်းဗုံးပေါက်ကွဲမှုနှင့် ပြီးခဲ့သည့်ဒီဇင်ဘာ (၁) ရက်နေ့က ကြုံတွေ့ရခြင်းဖြစ်သည်။ ယင်းဖောက်ခွဲမှုသည် အမေရိကန်သမတက ယင်း၏အီရတ်နိုင်ငံတွင် အောင်ပွဲခံရေးမဟာဗျူဟာကို ထုတ်ဖော်ကြေညာပြီး နောက်တရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုသိရှိရသည်။

စစ်ကား (၅) စီးဖြင့် ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ချက်ခြင်းပင်ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။

Aljazeera ရုပ်သံလွှင့်ဌာနက ဗွီဒီယိုခွေတခွေနှင့် ထုတ်ပြန်ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ ကနေဒါငြိမ်းချမ်းရေးလှုပ်ရှားသူ (၄) ဦးအား ပြန်ပေးဆွဲထားသူများက အမေရိကန်နှင့်အီရတ်နိုင်ငံရှိ အကျဉ်းစခန်းများတွင် အဖမ်းခံထားရသူများ ဒီဇင်ဘာ (၁) ရက်နေ့ နောက်ဆုံးထား၍ လွှတ်မပေးပါက အဖမ်းဆီးခံဓားစာခံများအား သတ်ပစ်မည်ဟုခြိမ်းခြောက်ထားသည်။

အမေရိကန်တပ်ဖွဲ့များက ဆွန်နီအာရပ်များကြီးစိုးရာ ဘက္ကဒက်အနောက်ဘက်ဒေသများတွင် စစ်ဆင်ရေးများပိုမိုတိုးမြှင့် လုပ်ဆောင်လျှက်ရှိသည်။ ဆီးရီးယားမှ ဝင်ရောက်လာသော နိုင်ငံခြားမှတိုက်ပွဲဝင်သူများနှင့် လက်နက်နှင့်ခဲယမ်းမီးကျောက်များကို တားဆီးနိုင်လျှင် ပုန်ကန်သောင်းကြမ်းမှုကိုလျှော့ချနိုင်လိမ့်မည်ဟု အမေရိကန်စစ်ဘက်က ယုံကြည်လျှက်ရှိသည်။ ဝါရှင်တန်က ယင်းစစ်ဆင်ရေးများသည် လာမည့် ဒီဇင်ဘာ (၁၅) ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲများ၌ ဆွန်နီမွတ်ဆလင်များ ပါဝင်မဲပေးမှုပိုမိုများပြားလာမည်ဟု ယူဆထားသည်။ သို့ရာတွင် ဆွန်နီနိုင်ငံရေးသမားများကမူ ရွေးကောက်ပွဲနှင့်ကပ်၍ ဆင်နွှဲနေသည့် စစ်ဆင်ရေးများက ဆွန်နီလူထုကို မဲပေးဖို့ ပိုမိုကြောက်ရွံ့စေမည်ဖြစ်ပြီး၊ အမေရိကန်နှင့်သူ၏ အီရတ်အပေါင်းအပါတို့အပေါ် ရန်လိုမှု ပိုမိုနက်ရှိုင်းလာမည်ဟု စိုးရိမ်မကင်းဖြစ်နေကြသည်။

❖

# အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်မဟာဗျူဟာ သမတက ရေးဆွဲထုတ်ပြန်

နိုဝင်ဘာလ (၃၀) ရက်နေ့က မေရီလင်းပြည်နယ် အင်နာပိုလစ် အမေရိကန်ရေတပ်အကယ်ဒမီ၌ စာမျက်နှာ (၃၅) မျက်နှာပါရှိသည့် အီရတ်တွင် အောင်ပွဲခံရေးအတွက် အမျိုးသားမဟာဗျူဟာစာတမ်းကို အမေရိကန်အစိုးရက ထုတ်ပြန်လိုက်သည်။ ယင်းစာတမ်းတွင် လာမည့်နှစ်များအတွင်း အီရတ်၌ အကြမ်းဖက်မှုများ ဖြစ်လာလိမ့်မည်ဟုသတိပေးထားပြီး အမေရိကန်တပ်များ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်မှုနဲ့ လုံခြုံစိတ်ချရမှု ရှိရမည့်အပြင် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ တသားတည်းပေါင်းစပ်နိုင်ရမှုလို့ အဓိပ္ပါယ်ရပါတယ်ဟု ဖော်ပြထားသည်။

ခြိမ်းခြောက်မှုများစွာ ရှိနေသေးကြောင်း ယင်းစာတမ်းကဝန်ခံထားပြီး အကြမ်းဖက်မှုနှင့်ပုန်ကန်သောင်းကြမ်းမှုတွေကျဆုံးဖို့ဟာ နှစ်ပေါင်းများစွာအချိန်ယူရဦးမယ်ဟု ဆိုပါသည်။



အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်က အမျိုးသားမဟာဗျူဟာစာတမ်းကို ထုတ်ပြန်နေစဉ်

ပြန်လည်ဆုတ်ခွာမည့်နေ့ရက် အတိအကျကို ဖော်ပြထားခြင်းမရှိဟုသိရသည်။

သမတ၏ အမျိုးသားလုံခြုံရေးကောင်စီကမူ သက္ကရာဇ် (၂၀၀၆) ခုနှစ်၌ အီရတ်ရှိ အမေရိကန်တပ်အချို့ လျှော့ချနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ယင်းစာတမ်းသည် အမေရိကန် သမတတွင် သေနင်္ဂဗျူဟာမရှိဟု ပြောဆိုဝေဖန်မှုများကို တုံ့ပြန်ရန်အတွက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းစာတမ်း၌ ရေရှည်အောင်ပွဲခံမှုဆိုတာ အီရတ်မှာငြိမ်းချမ်းမှု၊

ယင်းစာတမ်းတွင် ပုန်ကန်ထကြွမှုများကို ကျောထောက်နောက်ခံပေးခြင်းဖြင့် အီရတ်ဒီမိုကရေစီအတွက် မနှစ်မြို့ဖွယ်များကို ဖန်တီးနေသည်ဟု ဆီးရီးယားနှင့် အီရန်နိုင်ငံတို့ကို စွပ်စွဲထားသည်။

ယခုအချိန်ထိ အီရတ်၌ အမေရိကန်စစ်သားပေါင်း (၁၅၉.၀၀၀) ကျော် ရှိနေဆဲဖြစ်သည်။ (၂၀၀၃) ခုနှစ် မတ်လ အီရတ်စစ်ပွဲစတင်ချိန်မှစ၍ ယခုအချိန်အထိ အမေရိကန်စစ်သား (၂၁၀၀) သေဆုံးခဲ့ပြီးဖြစ်သည်ဟုသိရသည်။❖

# အီရန်က ဆွေးနွေးပွဲပြန်စရန် နှိုးဆော်

အီရန်၏ အငြင်းပွားဖွယ်ရာနျူကလီးယားစီမံကိန်းနှင့်စပ်လျဉ်း၍ ဥရောပနှင့်ဆွေးနွေးပွဲများပြန်လည်စတင်ခြင်းဖြင့် အရေးပါသည့် ရလာဒ်ကောင်းများပေါ်ထွက်လာဖွယ်ရှိသည်ဟု အီရန်က ဒီဇင်ဘာ (၄) ရက်နေ့က နှိုးဆော်လိုက်သည်။

သို့သော် နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဟာမစ်ရီဇာအဆီဖိုင်က ပြီးခဲ့သည့် ဩဂုတ်လဆွေးနွေးပွဲများကို ပျက်ပြားစေခဲ့သည့် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကိုမူ အီရန်အနေနှင့် လက်ခံလိမ့်မည်မဟုတ်ဟု ပြောဆိုလျှက်ရှိသည်။ အကယ်လို့ ဥရောပသားတွေက ကျနော်တို့ ရဲ့အခွင့်အရေးကို လေးစားမယ်ဆိုရင်တော့ အီရန်ဥရောပဆွေးနွေးပွဲတွေကို အကောင်းမြင်လျက်ပါပဲဟု ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်က ပြောဆိုခဲ့သည်။ အမေရိကန်နှင့် ဥရောပတို့က အီရန်၏ ယူရေနီယံတိုးပွားကြွယ်ဝမှုကို ရာသက်ပန်ရပ်တန့်ပစ်လိုကြသည်။ သို့ရာတွင် အီရန်ကမူ နျူကလီးယားမပြန့်ပွားရေးသဘောတူညီချက်က ငြိမ်းချမ်းရေးဆောင်ရွက်ချက်ဖြင့်ပြုလုပ်သော နျူကလီးယားစီမံကိန်းကို ခွင့်ပြုထားသည့်အတွက် နျူကလီးယားလောင်စာ ထုတ်လုပ်ရေးအတွက် ယူရေနီယံတိုးပွား ကြွယ်ဝစေမည့် စီမံကိန်းကို ဘယ်တော့မှ စွန့်လွှတ်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။❖

# အီဂျစ်ပါလီမန် ရွေးကောက်ပွဲ လူအမြောက်အများ အဖမ်းခံရ



အီဂျစ်ပါလီမန်ရွေးကောက်ပွဲမြင်ကွင်း

တလခန့်ကြာမြင့်ခဲ့ပြီးဖြစ်သည့် အီဂျစ်ပါလီမန်ရွေးကောက်ပွဲများ၏ နောက်ဆုံးအဆင့်တွင် မွတ်ဆလင်ညီအကိုများ အဖွဲ့ဝင်အများအပြားအဖမ်းခံရသည်ဟု ဒီဇင်ဘာလ (၂)ရက်နေ့ထုတ် သတင်းများအရ သိရှိရသည်။ မဲဆန္ဒနယ်အများအပြားတွင် မဲပေးရန် လာရောက်ကြသူအများအပြားအား မဲရုံသို့မရောက်ရှိစေရန် တားဆီးခံရမှုကြောင့် လူအမြောက်အများက ဒေါသထွက်ပေါက်ကွဲခဲ့ကြသည်။ မဲပေးမည့်ပြည်နယ် (၉)ခုတွင် ရဲများက အစ္စလာမ်ဝါဒီအမြောက်အများအား ဖမ်းဆီးခဲ့ကြကြောင်းသိရှိရသည်။

ရဲများက မွတ်ဆလင်ညီအကိုများအဖွဲ့အား အားပေးထောက်ခံသူ (၆၆၀) အားအိမ်များ၊ ဗလီများနှင့်လမ်းများပေါ်တွင် ဖမ်းဆီးခဲ့ပြီး၊ ကွန်ပြူတာ ဟက်ဒရိုက်များကိုသိမ်းဆည်းခဲ့သည်ဟု လှုပ်ရှားမှု၏ ဝက်ဆိုက်သတင်းများတွင်ဖော်ပြထားသည်။ မဲဆန္ဒပေးမှု၏ အစောပိုင်းကပင် လူ (၁၂၅) ယောက် အဖမ်းခံရပြီးဖြစ်သည်ဟုလည်း ၎င်းတို့က ဆိုသည်။

ဒီဇင်ဘာ (၁) ရက်နေ့က ဆိုင်းနိုင်ကျွန်းဆွယ်နှင့် အီဂျစ်အထက်ပိုင်းတို့ကဲ့သို့သော ဝေးလံခေါင်သီသည့်ဒေသများတွင် မဲပေးမှုများပြုလုပ်ခဲ့သည်။ သို့ရာတွင် အစ္စလာမ်ဝါဒီတို့ အဓိကလွှမ်းမိုးရာဖြစ်သည့် နိုင်းမြစ်ဝှမ်းဒေသသည်သာ အာရုံစိုက်ရာဖြစ်နေခဲ့သည်။ လက်ရှိသမတ ဟိုစနီမူဘာရက်စ်အာဏာရ အမျိုးသားဒီမိုကရက်တစ်ပါတီသည် အရေးပေါ်ဥပဒေများကို အတည်ပြုနိုင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန်လိုအပ်သည့် သုံးပုံနှစ်ပုံ အများစုဖြစ်သော ပါလီမန်အမတ်နေရာ (၁၀၀) အထက်ကို ရရှိရန်လိုအပ်နေသည်။ အတိုက်အခံမွတ်ဆလင်ညီအကိုများအဖွဲ့ကမူ (၇၀) ရာခိုင်နှုန်းမျှ အနိုင်ရရှိရန် အခြေအနေရှိနေသည်ဟု သိရှိရသည်။

❖

# ဆက်ဒမ် ရုံးတော်အား သပိတ်မှောက်

ဆက်ဒမ်ဟူစိန်က ၎င်းအားစစ်ဆေးနေသော တရားရုံးတော်သို့တက်ရန် ငြင်းဆိုလိုက်သည်။ တရားမျှတမှုမရှိသော အကြပ်ကိုင်စော်ကားမှုများခံခဲ့ရသည်ဟု ထုတ်ဖော်ပြောဆိုလိုက်ပြီးနောက် ထိုကဲ့သို့ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

အီရတ်အာဏာရှင်ဟောင်းသည် (၁၉၈၂) တွင် ဒူဂျေးမြို့မှ ထိုက်လူမျိုး (၁၄၀) အားညှင်းပန်းသတ်ဖြတ်မှုအတွက် စစ်ဆေးခံနေရသည်။ အင်္ဂါနေ့ ကြားနာစစ်ဆေးမှုအပြီးတွင် သူနှင့်အတူ အပေါင်းအပါတရားခံ (၇) ဦးသည် အကြပ်ကိုင်စော်ကားမှုများခံခဲ့ရသည်ဟု စောဒကတက်ကာ တရားရုံးအားကန့်ကွက်သပိတ်မှောက်မည်ဟု ခြိမ်းခြောက်လိုက်ပြီး ဆက်ဒမ်က “တရားမျှတမှုမရှိတဲ့ တရားရုံးကို ကျုပ်လာမှာ မဟုတ်ဘူး”ဟု ပြောဆိုလိုက်သည်။

အမည်မဖော်သည့် တရားရုံးအရာရှိတဦးက သတင်းထောက်များအား ပြောကြားရာတွင် “တရားရုံးက တရားခံမရှိဘဲ ဆက်သွားရမလိုဖြစ်နေတယ်”ဟု ပြောကြားလိုက်သည်။ သို့သော် တရားသူကြီးအဖွဲ့အကြီးအကဲ ရစ်ဇာအာမင်က ဆက်ဒမ်အားကြားနာစစ်ဆေးပွဲတက်ရောက်ရန် လိုလားနေသည်။

ဆက်ဒမ်နှင့် အပေါင်းပါတရားခံများမှာ ရေချိုးအဝတ်အစားလဲလှယ်ခွင့်၊ ကျန်းမာရေး၊ လေ့ကျင့်ခန်းလုပ်ခွင့်နှင့် စီးကရက်သောက်ခွင့်များ ငြင်းပယ်ခံခဲ့ရသည်ဟု ဆိုသည်။ ဆက်ဒမ်က “ဒါဟာ အကြမ်းဖက်ဝါဒဘဲ” ဟု ပြောဆိုလိုက်သည်။

❖



# နအဖမှာ နောက်ထပ်ပြေးစရာမရှိတော့ဘူး

ဗညြ

*ဒီလိုအခါမှာ ပြည်တွင်းပြည်ပ အတိုက်အခံအားလုံး၊ စည်းလုံးညီညွတ်ကြမှဖြစ်တော့မယ်။ ကိုယ့်အချင်းချင်း လက်ညှိုးထိုး တိုက်ခိုက်နေကြလို့ကတော့ လူထုတိုက်ပွဲကို စစ်အုပ်စု အလိုကျ အနှောက်အယှက်ပေးသလိုသာ ဖြစ် နေလိမ့်မယ်။ ဖြူနီပြာဝါ၊ နိုင်ငံရေး အရောင် အသွေးမခွဲ၊ လူမျိုးမခွဲ၊ ဘာသာမခွဲသွေးစည်း ကြမှဖြစ်မယ်။ စစ်အုပ်စုကို ဆန့်ကျင်သူမှန်သမျှနဲ့စည်းလုံးညီညွတ်ဖို့ စဉ်းစားကြရမယ်။ ပြည်တွင်းပြည်ပရှိ၊ လုပ်ဖော်ကိုင်ဖက်ဟောင်း၊ အသိမိတ်ဆွေအပေါင်း၊ အာဃာတဟောင်း တွေရှိရင် အဲဒါတွေကို ခဏဘေးချိတ်၊ ဘယ်လိုလက်တွဲနိုင်မလဲ စဉ်းစားရမယ်။ အနည်းဆုံးအရေးအကြောင်းဆိုရင် သူတို့တတွေ စစ်အုပ်စုဘက် ပါမသွားအောင်လုပ်ထားရမယ်။ ဒီနေ့အထိ စစ်အုပ်စုကို အမြီးနင်းထားနိုင်တဲ့ (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲတုန်း ကလို စစ်အုပ်စုဘက်သားတွေကတဖက် ပြည်သူ့ဘက်သားတွေက တဖက်ဆိုပြီး ကြုံ့ကြုံ့ခိုင်လက်တွဲနိုင်ကြမှသာ အောင်ပွဲရမှာဖြစ်တယ်။ ဒီတခါတိုက်ပွဲဟာ ဗမာပြည်မှာ စစ် အာဏာရှင်စနစ် တည်မြဲမတည်မြဲဆိုတာကို အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲဖြစ်တယ်။*

တိုင်းပြည်ကြီးမွဲပြာကျနေတယ်။ လူတွေငတ်ပြတ်နေတယ်။ မြို့တော်မှာ ပေါက်ကွဲမှုတွေဖြစ်ပြီး တခါမှလည်းတရားခံမမိဘူး။ တနေ့နေ့၊ တနေရာရာမှာ တခုခုတော့ဖြစ်တော့မယ်လို့ လူတွေကပြောနေကြတယ်။ မကြာတော့ဘူးတဲ့။ ဒီလိုအခြေအနေအောက်မှာနအဖအစိုးရက ဘာများလုပ်နေသလဲ။ မြို့တော်အသစ်တည်ပြီး ရွှေ့ပြောင်းနေကြတယ်၊ ပုံပြင်ထဲက ရောမက နီရိုးဘုရင်ဆိုတာ ထက်တောင်ဆိုးနေပါကလား။ အခုလို ပျဉ်းမနားကြက်ပြေးကို ထွက်ပြေးတဲ့နအဖဟာ ဘာကိုစဉ်းစားပြီးလုပ်တာလဲ ဆိုတာနဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပမှာ အမျိုးမျိုးပြောနေကြတယ်။

တချို့က ဒါဟာ ဗေဒင်ကိန်းခန်းအရ ယတြာသဘောလုပ်တာလို့ ပြောကြတယ်။ ဒါမဖြစ်နိုင်ဘူးလို့မဆိုနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီဖောက်ပြန်တဲ့စစ်တပ်ဟာ အင်မတန်အယူသည်း အစွဲအလန်းကြီးတယ်ဆိုတာ သူတို့နဲ့တဖက်စီစစ်တိုက်ဖူးသူရော၊ ရင်းရင်းနှီးနှီး ပတ်သက်ဖူးသူရောသိကြတယ်။ ဒါဟာ လေးတန်းသာအောင်တဲ့ သာမာန်တပ်သားလေးကအစ ဒီအက်စ်အေအောင်ပါတယ်ဆိုတဲ့ အရာရှိတွေအဆုံး၊ အားလုံး အတူတူပဲ။

တချို့ကတော့လည်း စစ်အုပ်စုထိပ်သီးတွေဟာ လုပ်နေကျအတိုင်း သူတို့နဲ့မကင်းတဲ့ဆောက်လုပ်ရေးကန်ထရိုက်တာတွေနဲ့ပေါင်းပြီး စားပေါက်ရှာတာဖြစ်ရမယ်လို့လည်းဆိုကြတယ်။ ဒါကတော့ သေချာတာပေါ့။ ဒါပေမယ့် ဒါဟာ အဓိကမဟုတ်နိုင်ဘူး၊ ကျွဲကူးရေပါပဲဖြစ်မယ်။ အဓိကအချက်က သူတို့စစ်အုပ်စုအာဏာထိန်းသိမ်းနိုင်ရေးအတွက် ခံစစ်ပြင်တာပဲ။ ခံစစ်ကြောင်းကို ပြောင်းရွှေ့တယ်လို့ ပြောနိုင်တယ်။ နောက်ဆုံး ခံစစ်ကြောင်း။ မဆုတ်တမ်းခံစစ်ကြောင်းဖြစ်မယ်။

တကယ်က နအဖစစ်အုပ်စုဟာ(၁၉၈၈) ခုနှစ်ကစပြီး အခုအထိနိုင်ငံရေးအရ ပြောရရင် တောက်လျှောက်ခံစစ်ချည်ပဲ။ သူဟာ မဆလလိုထိုးစစ်နဲ့အာဏာတက်လာတာမဟုတ်ဘူး။ မဆလက ဖက်ဒရယ်ခွဲထွက်ရေးလို့ ဆင်ခြေပေး၊ တော်လှန်ရေးကောင်စီလို့ကြွေးကြော်ပြီး နိုင်ငံရေးထိုးစစ်နဲ့တက်လာတာ။ နဝတ၊ နအဖကတော့ စကတည်းက ရွေးကောက်ပွဲလုပ်ပေးပါမယ်စတဲ့ ကတိအာမခံချက်တွေနဲ့ တက်လာရတာ။ အများကြီးကွာခြားတယ်။ အခုသူတို့ပျဉ်းမနားကို ရွှေ့တယ်ဆိုတာလည်း ထိုးစစ်အနေအထားကို ရယူတာမဟုတ်ဘူး။ ခံစစ်အတွက် နေရာယူတာသာဖြစ်တယ်။ သူတို့ကိုယ်သူတို့ ချောင်ပိတ်မိနေပြီး၊ ဘဝမလုံခြုံတော့ဘူးလို့ စဉ်းစားနေကြလို့သာ ပြောင်းပြေးတာဖြစ်တယ်။

သူတို့ခံစစ်ယူတယ်ဆိုတော့ ဘယ်ကတိုက်ခိုက်မှုကို တွက်ပြီးခံစစ်ပြင်တာလဲ။ ပြည်ပကလာမှာကိုလား။ မဟုတ်ပါဘူး။ ပြည်ပကလာတဲ့ထိုးစစ်သာဆိုရင် ဒီလိုနေရာမှာပိတ်ပြီးဖုံးကြဲခံရမှာသေချာတယ်။ ရန်ကုန်လိုအရပ်သားလူထုလည်းမများတော့ သူများကဒီနေရာကိုအပြတ်ကြဲမှာ။ ဒါကို စစ်ဗိုလ်ချုပ်တွေမသိပဲနေမှာမဟုတ်ဘူး။ သိတယ်။ သိတာမှအခုအချိန်မှာ နိုင်ငံခြားက သူတို့ကိုမတိုက်ဘူးဆိုတာလည်းသိတယ်။ တကယ်က သူတို့ကြောက်နေတာဟာ ပြည်တွင်းကလူထုပဲ။ နောက်ပြီး ဒီလူထုကြီးနဲ့ လက်တွဲသွားမယ့် သဘောထားမှန်ကန်တဲ့ တပ်မတော်သားတွေပဲ။ အခုလို အမြော်အမြင်ကင်းမဲ့ပြီး နိုင်ငံနဲ့ ပြည်သူအတွက် ဘာမှအကျိုးမရှိတဲ့ မြို့တော်ပြောင်းရွှေ့မှုမျိုးကို အမြော်အမြင်ရှိတဲ့ တပ်မတော်သားတွေက မိုက်မဲတဲ့လုပ်ရပ်လို့ မြင်နေကြပြီ။

နအဖအဖို့ ကြက်ပြေးကိုပြေးခြင်းအားဖြင့် သူတို့ဆန္ဒမပါပဲအလိုလိုပေါ်လာတဲ့ ပြဿနာတခုလည်းရှိပြန်တယ်။ အဲဒါက နိုင်ငံခြားသံတမာန်တွေနဲ့ ရင်ဆိုင်ရမယ့်ကိစ္စပဲ။ အဲဒီကို ဘယ်သံရုံးကမှ ပြောင်းချင်မှာမဟုတ်ဘူး။ (၁၉၇၀) ခုနှစ်များတုန်းက အာဖရိကနိုက်ဂျီးရီးယားနိုင်ငံက စစ်အာဏာရှင်တွေကသူတို့မြို့တော်ကို လာဂိုးစ်ကနေ အဘူဂျာကိုပြောင်းတော့ နိုင်ငံပေါင်းစုံကသံရုံးတွေဟာ စစ်အာဏာရှင်တွေထင်သလို လုပ်တာကိုဆန့်ကျင်ဆန္ဒပြတဲ့အနေနဲ့ သံရုံးအဆင့်ကိုလျှော့ချပြီး အဲဒီမြို့တော်သစ်ကို လိုက်မပြောင်းပဲနေလိုက်ကြတယ်။ နဂိုကမှ နိုင်ငံတကာအဝန်းအဝိုင်းမှာ နှာခေါင်းရှုံ့ခံနေရတဲ့ နအဖစစ်အစိုးရအဖို့ အခုလုပ်ရပ်ကြောင့် သံတမန်ရေး အကြပ်အတည်းသစ်တွေပေါ်လာမယ့် သဘောရှိနေတယ်။

ဒီလိုအခါမှာ ပြည်တွင်းပြည်ပ အတိုက်အခံအားလုံး၊ စည်းလုံးညီညွတ်ကြမှဖြစ်တော့မယ်။ ကိုယ့်အချင်းချင်းလက်ညှိုးထိုး တိုက်ခိုက်နေကြလို့ကတော့ လူထုတိုက်ပွဲကို စစ်အုပ်စုအလိုကျ အနှောက်အယှက်ပေးသလိုသာ ဖြစ်နေလိမ့်မယ်။ ဖြူနီပြာဝါ၊ နိုင်ငံရေး အရောင်အသွေးမခွဲ၊ လူမျိုးမခွဲ၊ ဘာသာမခွဲသွေးစည်းကြမှဖြစ်မယ်။ စစ်အုပ်စုကို ဆန့်ကျင်သူမှန်သမျှနဲ့စည်းလုံးညီညွတ်ဖို့ စဉ်းစားကြရမယ်။ ပြည်တွင်းပြည်ပရှိ၊ လုပ်ဖော်ကိုင်ဖက်ဟောင်း၊ အသိမိတ်ဆွေအပေါင်း၊ အာဃာတဟောင်း တွေရှိရင် အဲဒါတွေကို ခဏဘေးချိတ်၊ ဘယ်လိုလက်တွဲနိုင်မလဲ စဉ်းစားရမယ်။ အနည်းဆုံးအရေးအကြောင်းဆိုရင် သူတို့တတွေ စစ်အုပ်စုဘက် ပါမသွားအောင်လုပ်ထားရမယ်။ ဒီနေ့အထိ စစ်အုပ်စုကို အမြီးနင်းထားနိုင်တဲ့ (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲတုန်းကလို စစ်အုပ်စုဘက်သားတွေကတဖက် ပြည်သူ့ဘက်သားတွေကတဖက်ဆိုပြီး ကြုံ့ကြုံ့ခိုင်လက်တွဲနိုင်ကြမှသာ အောင်ပွဲရမှာဖြစ်တယ်။ ဒီတခါတိုက်ပွဲဟာ ဗမာပြည်မှာ စစ်အာဏာရှင်စနစ် တည်မြဲမတည်မြဲဆိုတာကို အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲဖြစ်တယ်။

ငြိမ်းအဖွဲ့တွေအနေနဲ့လည်း ဒီတကွေ့ဟာ သူတို့ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့်အခါ ဖြစ်တယ်ဆိုတာ သဘောပေါက်ဖို့လိုတယ်။ သူတို့ခြေလှမ်းမှားရင် သူတို့တသက်လုံးလုပ်ခဲ့သမျှ၊ ကျဆုံးသွားတဲ့ သူတို့ရဲ့ အာဇာနည်တွေရဲ့ ကောင်းမှုပြုချက်တွေ၊ ဒါ့အပြင် သူတို့ရဲ့အဖွဲ့အစည်း နာမည်တောင်မှ သမိုင်းကနေ လုံးဝပျောက်ကွယ်သွားနိုင်တဲ့ အနေအထားဖြစ်တယ်။ ဒီထက်ဆိုးတဲ့ အန္တရာယ်က သူတို့တတွေအနေနဲ့ ကိုယ့်ကြမ္မာကို စစ်အုပ်စုရဲ့ကြမ္မာနဲ့ တပူးတွဲထဲလုပ်ထားရင် သမိုင်းတရားခံတောင်ဖြစ်သွားမှာ။ ကချင်ပြည်နယ်အထူးဒေသ (၁) ဆိုတဲ့ အဲန်ဒီအေကေ (ခေါ်) ဒီမိုကရေစီသစ်တပ်မတော် ကချင်မှာ တလောကဖြစ်ခဲ့တာကိုပဲကြည့်။ အာဏာသိမ်းမယ်ဆိုတဲ့လူတွေကို နအဖက အားပေးတယ်။ နောက်ကနေ တပ်လှတ်ပေးမယ်ဆိုတဲ့အထိ ကတိတွေပေးတယ်၊ ဒါပေမယ့် လက်တွေ့မှာ အဲဒီလူတွေရှုံးနိမ့်သွားတော့ အဲဒီလူတွေကိုပဲ ပြန်ပြီးဖမ်းချုပ်ပြီး အကျယ်ချုပ်ချထားတယ်။ နအဖစစ်ဗိုလ်ချုပ်တွေကို ဘယ်လိုအကြောင်းကြောင့်နဲ့မှ ယုံလို့မဖြစ်ကြောင်း ဒီအဖြစ်အပျက်က အထင်အရှားပြနေတယ်။ နအဖဟာ ငြိမ်းအဖွဲ့တွေအပေါ်မှာလည်း အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားဆိုသလို ချေမှုန်းမှာပဲ။ ငြိမ်းအဖွဲ့တွေဟာ တိုင်းပြည်မှာတည်ငြိမ်ပြီး၊ ကြာရှည်တည်တံ့မယ့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတရပ်မပေါ်ပေါက်သေးမီ လက်နက်စွန့်လိုက်ရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုသာဖြစ်မှာ။ သူတို့တတွေရပ်တည်မှုကြံ့ခိုင်ပြီး နည်းပရိယာယ်ကြွယ်ဝဖို့ အင်မတန်လိုနေပြီ။ နို့မဟုတ်ရင် ကံကောင်းတဲ့လူက ကုန်သည်ဖြစ်၊ ကံဆိုးတဲ့လူက ဗိုလ်ချုပ်စောဝ်စေထင်လို အနှစ် (၁၀၀) ကျော် ထောင်ထဲရောက်ရင်လည်းရောက်၊ မုံဂူက လီနမင်တို့လို အသက်ပျောက်ရင်ပျောက်ဖြစ်သွားလိမ့်မယ်။

နအဖစစ်အုပ်စုဟာ တချိန်တည်းမှာပဲ ဒီချုပ်ကို ဘယ်လိုချေမှုန်းလို့ရမလဲဆိုတာကိုလည်း အမြဲတွေးတောကြံဆနေတယ်။ အပျော့နည်း၊ အမာနည်း၊ အကုန်သုံးကြည့်နေတယ်။ ဘိန်းပစ်ဖမ်းတဲ့အထိ စုတ်စုတ်ပဲ့ပဲ့လုပ်နေတယ်။ ဒီလိုအချိန်မှာ ဒီချုပ်အနေနဲ့ ကိုယ့်မူပေါ်မှာ တည်တည်ကြည်ကြည် ရပ်တည်နေတာကိုတော့ အသိအမှတ်ပြုရမယ်။ သူတို့အခက်အခဲကို နားလည်ရမယ်။ ဒါပေမယ့် ဒီချုပ်ဟာ ဒီလောက်နဲ့တင်ရပ်နေလို့မဖြစ်ဘူး။ အခုနောက်ဆုံးဖြစ်ပေါ်မှုတွေအရဆိုရင် ဒီချုပ်ဟာလည်း အဆိုးဆုံးအတွက် ကြိုတင်ပြင်ဆင်ရတော့မယ်ဆိုတာ ထင်ရှားလာနေတယ်။ အချိန်က နည်းသထက်နည်းလာနေသလို ခံစားနေရတယ်။ အာဏာရထားတဲ့လူနဲ့ အာဏာလက်မဲ့နဲ့ယှဉ်ရင် ဘယ်အခါမဆို အာဏာရထားတဲ့သူက လက်ဦးမှုရနေတယ်ဆိုတာကို မမေ့သင့်ဘူး။ ဒီပဲယင်းအရေးအခင်းကို ဖန်တီးခဲ့တဲ့ စစ်အစိုးရဟာ (၁၉၄၇) ခုနှစ်၊ ဇူလိုင် (၁၉) ရက်တုန်းက အဖြစ်အပျက်မျိုးကိုဖန်တီးဖို့ ဝန်မလေးဘူးဆိုတာ မေ့လို့မဖြစ်ဘူး။ ရှုံးတဲ့ရန်သူဟာ ရမ်းတတ်တယ်။ ရှက်တဲ့ လူဟာလည်းရမ်းတတ်တယ်။ လက်နက်ရှိတဲ့လူ ရမ်းပြီဆိုရင် သွေးထွက်သံယိုပဲ။ ဒါကြောင့် အဆိုးဆုံးအတွက်ပြင်တယ်ဆိုရာမှာ အဲဒီအတွက်လည်းပြင်ဖို့လိုတယ်။

နအဖကို (၂၀၀၆) ခုနှစ်ဆိုတဲ့တစ္ဆေကြီးကခြောက်နေပြီ။ (၂၀၀၆)ဟာ သူတို့အဖို့ သေမြေကြီး ရှင်မြေကြီးကြဲရမယ့်နှစ်ဖြစ်တယ်။ ပြည်သူလူထုဘက်က ကြည့်ရင်လည်း ဒီနှစ်ဟာ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးမှာ မှတ်တမ်းဝင်တဲ့နှစ်ဖြစ်ဖို့များနေတယ်။ ဒီပွဲဟာတချီထဲ၊ တပွဲထဲဖြစ်မှာမဟုတ်ဘူး၊ ရှစ်လေးလုံးတုန်းကလိုပဲ ပွဲငယ်တွေအရင်ပေါ်ပြီးမှ အဆုံးအဖြတ်ပွဲတွေပေါ်မှာဖြစ်တယ်။ ဒါကြောင့် ရေရှည်စဉ်းစားမှု၊ ဇွဲရှိမှုတွေလိုတယ်။ ဒီပွဲမှာ ပြည်သူတွေဘက်က ရှုံးလို့ကတော့ တွေးဝံ့စရာမရှိဘူး။ အောင်ပွဲဟာဆယ်စုနှစ်နဲ့ချီပြီး နောက်ဆုတ်သွားနိုင်တယ်။ တိုင်းပြည်တကွဲတပြားလည်း ဖြစ်သွားနိုင်တယ်။ တိုက်ပွဲဝင်ရက်နဲ့ရှုံးသူကို သမိုင်းကတရားခံလို့မသတ်မှတ်ဘူး၊ ဒါပေမယ့် တိုက်ပွဲဝင်သင့်နေချိန်မှာ မဝင်သူကိုတော့ သမိုင်းက သူရဲဘောကြောင်သူ၊ အချောင်သမားလို့ မှတ်တမ်းတင်လိမ့်မယ်။❖

**"ညောင်နှစ်ပင်တန်းစီ၊ မရ ..... လုံးဝ"မှ အဆက်**

| စဉ် | အမည် | မိခင်အဖွဲ့ | ခေါင်းဆောင် | နယ်မြေ | လက်နက်ချသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | ကရင်နီအမျိုးသားဒီမိုကရေစီပါတီ(နဂါးအဖွဲ့) | KNPP | လီရယ် | မရှိ (ကယားပြည်နယ်) | ၁၉၉၅–၉၆ |
| ၂။ | ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ကယောငြိမ်းချမ်းရေးအဖွဲ့ | KNPP | ခူးရီ | ဟိုယာဒေသ (ကယားပြည်နယ်) | စက်တင်ဘာ–၁၉၉၆ |
| ၃။ | ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ ကစမည (ကြယ်ဖြူအဖွဲ့) | KNPP | စောကာရီထူး | ခဲမဖြူ–မော်ချီး(ကယားပြည်နယ်) | နိုဝင်ဘာ–၂၀၀၂ |
| ၄။ | ဟောင်သရောအထူးဒေသ | KNU | စောသမူးဟဲ | အဇင်း–ကျိုက်ဒုံ(ကရင်ပြည်နယ်) | ဖေဖော်ဝါရီ–၁၉၉၇ |
| ၅။ | ဘုရားကုန်းအထူးဒေသ | KNU | ဖဒိုအောင်ဆန်း | ဘုရားကုန်း–ဖားအံ(ကရင်ပြည်နယ်) | မေ့ပြီ–၁၉၉၈ |
| ၆။ | ဟိုမိန်းအထူးဒေသ သက်သာချောင်းချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | MTA | မဟာဂျာ | ဟိုမိန်း–(ရှမ်းပြည်နယ်တောင်ပိုင်း) | ဇန်နဝါရီ–၁၉၉၆ |
| ၇။ | ရွှေပြည်အေးအထူးဒေသ | MTA | ခွန်မိန်း | ကသည်းကွင်း–ဖယ်ခုံ (ရှမ်းပြည်နယ်) | ဇန်နဝါရီ–၁၉၉၆ |
| ၈။ | မန်ပန်ပြည်သူ့စစ် | MTA | စိုင်းမွန်း | မန်ပန်–နောင်လိုင်(ရှမ်းပြည်မြောက်ပိုင်း) | ဇန်နဝါရီ–၁၉၉၆ |
| ၉။ | မြိတ်ဒေသမွန်တပ်မတော် (မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ | NMSP | အောင်သိုက်ဟင်း | ချောင်ချိ–ဘုတ်ပြင်း(တနင်္သာရီတိုင်း) | မေ–၁၉၉၇ |
| ၁၀။ | မွန်ခွဲထွက်အဖွဲ့ | NMSP | နိုင်စိုက်ချန်း | သံကျွန်း–ကော့သောင်း(တနင်္သာရီတိုင်း) | ၁၉၉၇ |
| ၁၁။ | ရခိုင်ပြည်တပ်မတော် | NUPA | သန်းရွှေ | ကျောက်တော် (ရခိုင်ပြည်နယ်) | မေ–၂၀၀၂ |

(၁၉၉၆) ခုနှစ်ဆန်းမှာ အိုက်ဆာ (ခေါ်) ချန်ချီဖူး (ခေါ်) ခွန်ဆာခေါင်းဆောင်တဲ့ အမ်တီအေအဖွဲ့ဟာ နအဖစစ်အစိုးရထံ"အကြွင်းမဲ့လက်နက်ချ"တယ်လို့ ကြေညာပြီးနောက် နအဖက အမ်တီအေကို အထူးဒေသခြောက်နေရာ ပြန်လည်ဖွဲ့စည်းနေရာချပေးခဲ့တယ်။ လက်နက်တွေကိုလည်း အကန့်အသတ်နဲ့ ပြန်လည်တပ်ဆင်ပေးပြီး သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ (သကဆဖ) သို့မဟုတ် ပြည်သူ့စစ်အဖွဲ့တွေအဖြစ် ဒေသခံနအဖတပ်များရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာထားတယ်။ "စီးပွားရေးလုပ်ငန်း" အားလုံးကို သက်ဆိုင်ရာနအဖတပ်မှူး၊ တိုင်းမှူးတွေနဲ့ပူးပေါင်းလုပ်ကိုင်ကြတယ်။ လက်နက်အရေအတွက် ကန့်သတ်ထားတယ်ဆိုပေမယ့် တရားမဝင်လက်နက်အရောင်းအဝယ်လုပ်ငန်းတွေကို ပြောင်နီးနီးလုပ်နေကြတယ်။ နအဖအာဏာကို မထိပါးသရွေ့ လုပ်ချင်တာလုပ်ခွင့်ရတဲ့သဘောပါပဲ။ အမ်တီအေအထူး ဒေသတွေကတော့ ....

| စဉ် | အမည် | ခေါင်းဆောင် |
|---|---|---|
| ၁။ | ဟိုမိန်းအထူးဒေသ (ရှမ်းပြည်နယ်တောင်ပိုင်း) | မဟာဂျာ |
| ၂။ | မုန်းထော်–မုန်းထအထူးဒေသ (ရှမ်းပြည်နယ်အရှေ့ပိုင်း) | ဆံမွန်း |
| ၃။ | မန်ပန်–နောင်လိုင်အထူးဒေသ (ရှမ်းပြည်နယ်မြောက်ပိုင်း) | စိုင်းမွန်း |
| ၄။ | မုန်းဟင်–မုန်းဟအထူးဒေသ (ရှမ်းပြည်နယ်မြောက်ပိုင်း) | လောမား |
| ၅။ | ရွှေပြည်အေးအထူးဒေသ (ကသည်းကွင်း–ဖယ်ခုံ) | ခွန်မိန်း |
| ၆။ | နားရိုင်းအထူးဒေသ (ရှမ်းပြည်နယ်တောင်ပိုင်း) | လီချန် |

ထူးခြားတာက နားရိုင်းအထူးဒေသခေါင်းဆောင် လီချန်နဲ့သူ့တပ်ဖွဲ့တွေဟာ ခွန်ဆာလက်အောက်ခံ အမ်တီအေကမဟုတ်ဘဲ တာကလယ်လက်အောက်ခံ ရလလဖအဖွဲ့ကဖြစ်နေတာပါပဲ။ ရလလဖအဖွဲ့ အပစ်အခတ်ရပ်စဲရေးလုပ်တာ (၃) နှစ် အကြာမှာမှ မူးယစ်ဆေးလုပ်ငန်းအဝေမတည့်ရာကခွဲထွက်ပြီး နအဖဆီမှာ လက်နက်ချလိုက်တာဖြစ်တယ်။ ဒါပေမယ့် နအဖက သူတို့ကို အမ်တီအေ အကြွင်းအကျန်တွေလို့ သတ်မှတ်ပေးပြီး "အထူးဒေသ" တခုဖန်တီးပေးလိုက်တယ်။

ညောင်နှစ်ပင်ညီလာခံမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေက တိုင်းရင်းသားတန်းတူအခွင့်အရေးအတွက် အဆိုပြုချက်တွေတင်ခဲ့ကြတယ်။အက်စ်အက်စ်အေ၊ ကေဒီအေ၊ ပီအက်စ်အယ်လ်အိုလ်၊ အဲန်ဒီအေ–ကေ၊ ကေအိုင်အိုလ်၊ ကေအဲန်ဂျီ၊ ကလလတ၊ ရလလဖ၊ ကယန်းပြည်သစ်ပါတီ၊ ယောငြိမ်းချမ်းရေးအဖွဲ့၊ မွန်ပြည်သစ်ပါတီ၊ မွန်ခွဲထွက်အဖွဲ့ (ချောင်ချိဒေသ) နဲ့ အက်စ်အက်စ်အဲန်အေအဖွဲ့ (၁၃) ဖွဲ့က တိုင်းရင်းသားပြည်နယ်တွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေအတွက် သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းခွင့်ပေးဖို့၊ ထပ်တူဥပဒေပြုခွင့်၊ ကြွင်းကျန်ဥပဒေပြုခွင့်တွေပေးဖို့၊ ပြည်နယ်နဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေအတွက် သီးသန့်လုံခြုံရေးတပ် ဒါမှမဟုတ် အထူးရဲတပ်ဖွဲ့ထားခွင့်ပေးဖို့၊ အခြေခံဥပဒေထဲမှာ တိုင်းရင်းသားကဏ္ဍဆိုပြီး ကဏ္ဍတခုသီးသန့်ထားဖို့၊ လူမျိုးစုရေးရာတွေနဲ့ပတ်သက်လာရင် ပြည်နယ်(သို့) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသကသာ လုံးဝအပြည့်အဝအာဏာပိုင်ဖို့၊ တိုင်းရင်းသားဘာသာစကားကို သက်ဆိုင်ရာပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရဲ့ ရုံးသုံးဘာသာစကားအဖြစ်ပြဋ္ဌာန်းဖို့၊ တိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေတွေကို ပြည်နယ်ဒေသဥပဒေအဖြစ် ပြဋ္ဌာန်းဖို့တွေကို အဓိကတောင်းဆိုကြတယ်။

ဝ၊ ကိုးကန့် နဲ့ ရှမ်း–အခါ အထူးဒေသ (၄) သုံးဖွဲ့ကတော့ ပြည်နယ် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရဲ့ လုံခြုံရေးတပ်ထားခွင့်ရဖို့၊ တိုင်းရင်းသားဘာသာစကားနဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းဥပဒေကို ပြဋ္ဌာန်းခွင့်ရဖို့၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသကို နီးစပ်ရာပြည်နယ်အောက်မှာမထားဘဲ ပြည်ထောင်စုဗဟိုရဲ့ လက်အောက်မှာထားဖို့၊ ရှမ်းပြည်နယ်ရဲ့ သံလွင်အရှေ့ခြမ်းတခုလုံးကိုသီးခြားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအဖြစ်သတ်မှတ်ဖို့၊ ကျွန်းသစ်ကို ပုဂ္ဂလိကပိုင်ပြဋ္ဌာန်းပေးဖို့တွေတောင်းဆိုခဲ့တယ်။ (၁၃ ဖွဲ့ကတော့ ကျွန်းကလွဲလို့ ကျွန်သစ်မာအားလုံးကို ပုဂ္ဂလိကပိုင်အဖြစ် ပြဋ္ဌာန်းပေးဖို့ တောင်းဆိုခဲ့တယ်။)

ဒါ့အပြင် တခြားစီးပွားရေးတောင်းဆိုချက်တွေလည်း တောင်းဆိုခဲ့ကြတယ်။ အလတ်စားစက်မှုလုပ်ငန်းတွေနဲ့ အလတ်စားရေအားလျှပ်စစ်လုပ်ငန်းလုပ်ကိုင်ခွင့်၊ ပြည်နယ်–ဒေသတွင်း ကုန်း၊ ရေ၊ ယဉ်လိုင်းပြေးဆွဲခွင့်၊ နယ်စပ်ကုန်သွယ်ရေးနဲ့ နယ်စပ်စီမံခန့်ခွဲရေးကို အပြည့်အဝချုပ်ကိုင်ခွင့်၊ ကျောက်မျက်ရတနာလုပ်ငန်း၊ သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပြည်နယ်ဒေသတွင်း ရာထူးခန့်ခွင့်၊ အခွန်အကောက်နဲ့ ဘဏ်လုပ်ငန်းလုပ်ခွင့်၊ ပြန်ကြားရေးနဲ့ဆက်သွယ်ရေးလုပ်ငန်းလုပ်ခွင့် အစရှိတာမျိုးတွေဖြစ်တယ်။ ဒါတွေကို ဗဟိုအစိုးရဝန်ကြီးဌာနခွင့်ပြုချက်နဲ့ လုပ်ခွင့်ပေးတာမျိုးမဟုတ်ဘဲ လူမျိုးစုပြည်နယ်–ဒေသရဲ့ တရားဝင်ရပိုင်ခွင့်အဖြစ် အခြေခံဥပဒေမှာ ထည့်ပြဋ္ဌာန်းပေးဖို့ တောင်းဆိုတာဖြစ်တယ်။

ပီအဲန်အိုလ်၊ ဒီကေဘီအေနဲ့ လုံးဝလက်နက်ချခွဲထွက်အဖွဲ့လေးတွေပေါင်း (၁၂) ဖွဲ့ကတော့ နအဖရဲ့အခြေခံမူ (၁၀၄) ချက်ဆိုတာကို လုံးဝသဘောတူထောက်ခံထားပြီး ဘာအမျိုးသားအခွင့်အရေးတခုကိုမှ မတောင်းဆိုခဲ့ကြပါဘူး။ ဒီနေရာမှာ အမ်တီအေသုံးဖွဲ့ကတော့ တခြားလက်နက်ချတွေထက် သာသွားတာက လူမျိုးစုဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းဥပဒေတွေကို ဥပဒေပြဋ္ဌာန်းပေးဖို့ တင်ပြတာဖြစ်ပါတယ်။ နောက်ထူးခြားမှုတခုကတော့ ငြိမ်းအဖွဲ့တွေအားလုံးအပြင် တခြားသူတွေ၊ တခြားအစုတွေကပါ "နျူကလီးယားရေးရာ" တွေကို ကာကွယ်ရေးနဲ့ လုံခြုံရေးခေါင်းစဉ်အောက်မှာမထားဘဲ စွမ်းအင်၊ လျှပ်စစ်၊ သို့မဟုတ် သတ္တုကဏ္ဍအောက်မှာထားဖို့ ပြောခြင်းဖြစ်ပါတယ်။

ငြိမ်းအဖွဲ့တွေဟာ အမျိုးသားနိုင်ငံရေးမှာ စစ်တပ်ကဦးဆောင်ရေး၊ အဆင့်ဆင့်လွှတ်တော်တွေမှာ စစ်တပ်အစိတ်သားပါခွင့်၊ သမတဟာ စစ်အတွေ့အကြုံရှိသူဖြစ်ရေး၊ ကာကွယ်ရေးဦးစီးချုပ်က အချိန်မရွေး အရေးပေါ်အခြေအနေကြေညာ မာရှယ်လောထုတ်ခွင့်အပြင် ပြည်နယ် (၇) ပြည်နယ်နဲ့ တိုင်း (၇) တိုင်း အဆင့်အတန်းတူတဲ့ကိစ္စတွေကိုတော့ မတို့မထိဘဲ အထက်မှာပြောခဲ့တဲ့အခွင့်အရေးတွေကိုသာ တောင်းဆိုတာဖြစ်ပါတယ်။

နအဖက ခေါင်းခေါက်ရွေးထားတဲ့ လယ်သမားကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ်စတာတွေကတောင် အခမ့လုပ်အားပေးကိစ္စတွေ၊ အခမ့ငွေကောက်တဲ့ကိစ္စတွေကို ပိတ်ပင်တဲ့အခြေခံမူချဖို့ တင်ကြသေးတယ်။

ဒါပေမယ့် နအဖကတော့ မရ .... လုံးဝပါပဲ။ သူချထားတဲ့ (၁၀၄) ချက်ကို နည်းနည်းလေးတောင် အပြင်မခံပါဘူး။ အမျိုးသားညီလာခံဆိုပြီး သူရေးထားတဲ့ (၁၀၄) ချက်ကိုသာ ခေါင်းညိတ်လက်မှတ်ထိုးခိုင်းတဲ့ပွဲဖြစ်နေပါတယ်။ အင်မတန်သေးဖွဲ့တဲ့ စီးပွားရေးအခွင့်အရေးလေးတောင် အခြေခံဥပဒေမှာ ပြဋ္ဌာန်းပေးဖို့ သဘောထားမရှိဘူးဆိုမှဖြင့် ဒီကနေ့ ဗမာပြည်နိုင်ငံရေးမှာ ခေါင်းမာနေတာဘယ်သူလဲ ငြင်းချင်ကြပါသေးလား။❖

# လှိုင်မီးဘေး အိမ်ထောင်စု (၂၀၀၀)ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ရ



နိုဝင်ဘာ (၂၈) ရက်နေ့၊ နေ့လည်က ရန်ကုန်တိုင်း လှိုင်မြို့နယ်တွင် မီးလောင်ခဲ့ရာ အိမ်ခြေ (၁၅၅၇) လုံး မီးထဲပါသွားပြီး အိမ်ထောင်စု (၁၉၆၂) ကျော်ခန့် အိုးမဲ့၊ အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု နအဖပိုင် သတင်းစာများတွင် ဖော်ပြသည်။ အာစီတူး (လှိုင်တက္ကသိုလ်) ဝင်း အနီးရှိ (၁၃) ရပ်ကွက်၊ ပန်းခြံလမ်း၊ အိမ်အမှတ် (၂၁)မှ နေ့လည် (၁၂) နာရီခန့်တွင် စတင်လောင်ကျွမ်းခဲ့ရာ (၂) နာရီ (၄၅) မိနစ်ခန့်တွင်းမှ မီးညွှန့်ကျိုးသွားခဲ့သည်။

မီးဘေးကြောင့်စက်ရုံများ၊ ကျောင်းများနှင့် ဘုန်းကြီးကျောင်းတကျောင်း အပါအဝင် (၁၃) ရပ်ကွက် တခုလုံးနီးပါးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ လက်လုပ်လက်စားအများစုနေထိုင်သော အမှတ် (၁၃) ရပ်ကွက်သည် လူနေအိမ်ခြေစိပ်ပြီး လမ်းကျဉ်းသောကြောင့် မီးသတ်ကားမဝင်နိုင်၍ အပျက်အစီးပိုများပြားရခြင်းဖြစ်သည်။ သက်ဆိုင်ရာကို အကြောင်းကြားခဲ့သော်လည်း မီးသတ်ကားက တော်တော်နှင့်ရောက်မလာဟု မီးလောင်သည့်နေရာအနီးတွင် နေထိုင်သူတဦးကပြောသည်။ မီးလောင်သည့်နေရာသည် လှိုင်ရဲစခန်းဝင်းနှင့်နီးသော်လည်း ရဲများက မီးဘေးဒုက္ခသည်များကိုကူညီမှုမရှိပဲ ၎င်းတို့ပိုင်ဆိုင်သောပစ္စည်းများကိုထုပ်ပိုး၍ အနီးရှိ ဘောလုံးကွင်းသို့ ထွက်ပြေးကြသည်ဟု မျက်မြင်သက်သေ တဦးကဆိုသည်။ မီးဖိုချောင်ပေါ့ဆမီးကြောင့် လောင်ခဲ့ရခြင်းဖြစ်သည်ဟု အချို့ကပြောကြသလို ယခုမီးလောင်သည့်နေရာကို ဆောက်လုပ်ရေးစီမံကိန်းအတွက် အစိုးရက လိုချင်နေသောကြောင့် ရှင်းခြင်းလည်းဖြစ်နိုင်သည်ဟု အချို့ကပြောသည်။❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညီ

**စာမျက်နှာဖွဲ့စည်းမှု**
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအုံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# (၈၅) ကြိမ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပ မိတ်ဆက်ရုံသက်သက် မဟုတ်သည့် တွေ့ဆုံဆွေးနွေးမှုမျိုးကို တောင်းဆို



ရွှေဂုံတိုင်ရုံချုပ်တွင် အမျိုးသားအောင်ပွဲနေ့ကျင်းပနေစဉ်

နိုဝင်ဘာလ (၂၅) ရက်က (၈၅) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ သံတမန်များ၊ သခင်သိန်းဖေ၊ သခင်ချန်ထွန်းတို့အပါအဝင် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ မင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ စီအာရ်ပီပီအဖွဲ့ဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်နယ်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအပါအဝင် ပရိသတ် (၃၀၀) ကျော်ခန့်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အမျိုးသားနေ့ကြေညာချက်နှင့် နိုင်ငံရေးဆွေးနွေးပွဲများအမြန်လုပ်ရန် အထူးကြေညာချက် (၂) စောင်ကို ထုတ်ပြန်ခဲ့သည်။ (၈၅) ကြိမ်မြောက် အမျိုးသားနေ့ အထူးကြေညာချက်တွင် နိုင်ငံနှင့်ပြည်သူတို့၏အကျိုးအတွက် ယခင်အကြိမ်များကဲ့သို့ ထမင်းစားပြီး မိတ်ဆက်ရုံသက်သက်အပေါ်ယံဆက်ဆံရေးမျိုးမဟုတ်ပဲ ပိုမိုအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုမျိုးဖြစ်စေရန် ပထမခြေလှမ်းဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန် လေးနက်တည်ကြည်စွာတောင်းဆိုကြောင်းဖော်ပြထားသည်။

ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းကအင်န်အယ်လ်ဒီနှင့် တပ်မတော်ခေါင်းဆောင်များဆွေးနွေးတိုင်ပင်ပြီး ကြားဖြတ်အစိုးရတခုဖွဲ့စည်းရန်၊ ညွှန့်ပေါင်းအစိုးရက ကော်မတီတခုဖွဲ့ပေးပြီး အခြေခံဥပဒေကိုရေးဆွဲရန်၊ (၉၀) ရွေးကောက်ပွဲ အနိုင်ရလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်ခေါ်ယူပေးပြီး အခြေခံဥပဒေကိုအတည်ပြု၍ ကြားဖြတ်အစိုးရမှ ရွေးကောက်ပွဲတခုပြုလုပ်ရန်စသည့် (၁၉၈၉) ခုနှစ်ကတည်းက ၎င်းတို့အကြံပြုခဲ့သည့်လမ်းစဉ်ကို ပြန်လည်ချပြခဲ့သည်။

ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့၏ အမျိုးသားနေ့တွင် ထုတ်ပြန်သောကြေညာချက်တွင် တိုင်းပြည်အကျိုးကိုရှေ့ရှု၍ တွေ့ဆုံညှိနှိုင်းအဖြေရှာကြရန် မိမိတို့အနေဖြင့် မေတ္တာရပ်ခံပန်ကြားခဲ့သည်မှာ (၁၀) နှစ်ခန့်ကြာခဲ့ပြီဖြစ်ကြောင်း၊ မကြာမီက သတင်းစာများတွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေမှန်မပေါ်နိုင်ဆိုသောဆောင်းပါးများဖော်ပြလာရာ စိတ်မကောင်းစရာပင်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် မမျှော်မှန်းနိုင်သည့် အခြေအနေဆိုးများပေါ်ပေါက်လာမည်ကို မိမိတို့အနေနှင့် အလွန်စိုးရိမ်ပူပန်နေကြကြောင်းဖော်ပြထားသည်။❖




# ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာအရေး အလွတ်သဘောဆွေးနွေးရန် သဘောတူလိုက်ကြပြီ

စစ်အုပ်စုအုပ်စိုးနေသော မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့လုံခြုံရေး၊ ငြိမ်းချမ်းရေးအပေါ် ခြိမ်းခြောက်လာနေမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် အမေရိကန်အစိုးရ၏တောင်းဆိုမှုကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း သဘောတူလိုက်ကြပြီဖြစ်သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) နိုင်ငံစလုံးက မြန်မာနိုင်ငံကိစ္စကို အလွတ်သဘောတံခါးပိတ်ဆွေးနွေးကြရန် ဒီဇင်ဘာ (၂) ရက်ကသဘောတူညီလိုက်ကြသည်။



ဂျွန်ဘော်လ်တန်

မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးကိုခြိမ်းခြောက်သည့်အဆင့်သို့ရောက်နေပြီဟု ယုံကြည်သော အမေရိကန်နိုင်ငံဦးဆောင်သည့် ကမ္ဘာ့နိုင်ငံများကတဖက်၊ မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေခြင်းတစုံတရာမရှိဟု ယုံကြည်သည့် တရုတ်၊ ရုရှား၊ ဂျပန် ၊ အယ်လ်ဂျီးရီးယား၊ ဘရာဇီးလ်စသောနိုင်ငံများက တဖက်တံခါးပိတ်ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်သည်။

ပွဲဝိုင်းမှာမြန်မာကိစ္စက မထိုင်နိုင်သေးဘူးလို့ပဲ အဲလိုတင်စားပြီးတော့သုံးနှုန်းရမှာပါ။'' ဥပမာပေးရှင်းပြသည်။

US Campaign for Burma အဖွဲ့မှ မူဝါဒရေးရာဒါရိုက်တာ ကိုအောင်ဒင်က ''မြန်မာစစ်ခေါင်းဆောင်တွေ သဘောပေါက်ဖို့ကတော့ အခု ဒီမြန်မာနိုင်ငံရဲ့အခြေအနေဟာ အရင်ကလို ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကုသမဂ္ဂလူ့အခွင့်အရေးကော်မရှင်စတဲ့အဆင့်မှာမဟုတ်တော့ပဲ အရေးယူဆုံးဖြတ်နိုင်စွမ်းရှိတဲ့ လုံခြုံရေးကောင်စီရဲ့ လက်ထဲကိုစတင်ပြောင်းရွှေ့နေပါပြီ။ ဒီ အချိန်မှာ မြန်မာစစ်အစိုးရအနေနဲ့ လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်ကို လိုက်နာဖို့တာဝန်ရှိတယ်။ နိုင်ငံရေးပြောင်းလဲမှုတွေ လုပ်မယ်ဆိုလို့ရှိရင် အင်မတန်အချိန်မှီသေးတယ်လို့ ကျနော်တို့မြင်ပါတယ်''ဟု ဗွီအိုအေကိုပြောသွားခဲ့သည်။

အမေရိကန်၏ မြန်မာအရေးလုံခြုံရေးကောင်စီတွင် ဆွေးနွေးတင်ပြရန်တောင်းဆိုချက်ကို တရုတ်၊ ရုရှ၊ ဂျပန်တို့နှင့်အတူ စိုက်လာစေရန် အမေရိကန်၏ကြိုးပမ်းမှုကို တရုတ်နှင့်ရုရှတို့က မြန်မာနိုင်ငံအရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် လုပ်ပိုင်ခွင့်အာဏာပေးအပ်ထားသော လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်ဘောင်အပြင်ဖက်တွင်ရှိသည်ဆိုကာ ခါးခါးသီးသီးပယ်ချခဲ့သည်။

ယခုနိုဝင်ဘာ (၂၉) ရက်တွင် မစ္စတာ



ကုလသမဂ္ဂလုံခြုံရေးကောင်စီစည်းဝေးပွဲမြင်ကွင်း

ဒီဇင်ဘာ (၃) ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ပြည်ထောင်စု၏ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ဂျွန်ဘော်လ်တန်က ''ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုလုံခြုံရေးကောင်စီ ရှေ့မှောက်လာရောက်ပြီး မြန်မာနိုင်ငံအကြောင်းရှင်းလင်းတင်ပြဖို့ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်ဆုံးဖြတ်တောင်းဆိုလိုက်ကြပါပြီ။ အံ့ဩစရာပါပဲ။ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံးက အတွင်းရေးမှူးကိုယ်တိုင်လာရောက်တင်ပြပေးဖို့ ထူးထူးခြားခြားသဘောတူခဲ့ကြပါတယ်။ အင်မတန်အရေးကြီးတဲ့အချက်ကတော့ မြန်မာပြည်အရေးဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရှေ့မှောက်ကို အခုရောက်ရှိလာပါပြီ ဆိုတာပါပဲ''ဟု သတင်းထောက်များကို ပြောကြားသွားသည်။

ကုလသမဂ္ဂဆိုင်ရာ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာသောင်းထွန်းက''အရှင်းဆုံးပြောရမယ်ဆိုရင် လုံခြုံရေးကောင်စီတံခါးပေါက်က မြန်မာပြည်ကိစ္စနဲ့ ပတ်သက်လို့ပွင့်ပြီးတော့ ကျနော်တို့က လုံခြုံရေးကောင်စီစည်းဝိုင်းအတွင်းဘက်ကို ရောက်သွားတယ်။ သို့သော် လုံခြုံရေးကောင်စီစားစောဒကတက်ခဲ့သော အယ်လ်ဂျီးရီးယားနိုင်ငံသံအမတ်ကြီးက ဒီဆုံးဖြတ်ချက်ဟာ မြန်မာ့အရေး နောက်ထပ်ဘာမှဆက်ပြီးပြောစရာဖြစ်မလာနိုင်ဘူးဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ ဖြစ်လာဖို့လဲ မမျှော်လင့်ဟု ပြောခဲ့သည်။

ပြီးခဲ့သည့်ဇွန်လက မြန်မာနိုင်ငံတွင်း နိုင်ငံရေးဖိနှိပ်ချုပ်ချယ်မှုများကိုပို၍ အာရုံဂျွန်ဘော်လ်တန်က မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်ဆွေးနွေးရန် စာရေး၍ ထပ်မံတောင်းဆိုခဲ့ခြင်းဖြစ်သည်။ လာမည့်နှစ်ပတ်အတွင်း ကုသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်ကိုယ်တိုင်လုံခြုံရေးကောင်စီဝင်များနှင့် တွေ့ဆုံပြီး မြန်မာ့အရေးကို ရှင်းလင်းတင်ပြမည်ဟုသိရသည်။

ဂါမဏိ ဘာသာပြန်ဆိုသည့် မင်ဒဲလား၏ ''ရန်သူနှင့်စကားပြောခြင်း''



တအုပ်လျှင် ဘတ် (၁၀၀) နှုန်းဖြင့် ရောင်းချပေးနေပါသည်။
မမကြီးစာပေ
(မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ) မှ
ဖြန့်ချိထုတ်ဝေနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
P. O. BOX (91) Mae Sot, Tak 63110, Thailand.

# ညောင်နှစ်ပင်ညီလာခံနှင့် သူတို့၏အမြင် သဘောထားများ




"လူထုဟာ လက်ညိုးထောင်ခေါင်းညိတ်ရုံလောက်သာဖြစ်ပြီး ဘာမှပြောရေးဆိုခွင့်မရှိဘူးဆိုရင် ညီလာခံဆိုတာ ဘာမှအဓိပ္ပါယ်မရှိပါဘူး။ အဲဒါ ညီလာခံမဟုတ်ပါဘူး။ လူထုရဲ့ဆန္ဒကို အမှန်တကယ်ကိုယ်စားပြုမှုမရှိတဲ့ ဒီအမျိုးသားညီလာခံကို ကျမ လုံးလုံးလက်မခံပါဘူး"

အောင်ဆန်းစုကြည်
(အထက်လွှတ်တော်အမတ် ရစ်ချက်ဆန်နှင့်ရန်ကုန်မြို့တွင်တွေ့ဆုံစဉ်)
၁၄–၂–၁၉၉၄



"သူတို့ရဲ့ လမ်းပြမြေပုံအတိုင်းပဲ သူတို့သွားမှာပေ့ါ။ လက်တွေ့လုပ်မယ့် အချိန်ရောက်တဲ့အခါ ရောက်လို့ရင် ဘယ်လိုလုပ်မလဲဆိုတာ ကျနော်တို့က စောင့်ကြည့်ရမှာပေ့ါ။ ဥပမာ အိုင်အယ်လ်အိုကိစ္စကို ခင်ဗျားလည်း သိသွားပြီမဟုတ်လား။ တခါတုန်းကဆိုရင် ဝန်ကြီးလုပ်တဲ့သူက ဒီအိုင်အယ်လ်အို ကိုယ်စားလှယ်ကိုစာပေးပါတယ်။ သူတို့ထွက်မယ်ဆိုပြီးတော့။ နောက်တခါဝန်ကြီးချုပ်က မဟုတ်ဘူးတဲ့။ အခုတခါ အိုင်အယ်အိုညီလာခံမှာ သူတို့ မထွက်ပါဘူးဆိုတာ တရားဝင်ပြောပြီ။ ဆိုတော့ အဲဒီလိုမျိုးတွေဆိုတော့ အစီအစဉ်ကတော့ ဒီလိုဒီလိုလုပ်မယ်ဆိုပြီး ပြောထားတယ်။ လက်တွေ့ အဲဒီအချိန်ကျရင် လုပ်မလုပ်ဆိုတာ ခင်ဗျားလဲမပြောနိုင်ဘူး။ ကျနော်လဲ မပြောနိုင်ဘူး"

ဦးလွင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)



"အခုကျတော့ တိုင်းရင်းသားတွေတင်ပြတဲ့ကိစ္စနဲ့ပတ်သက်လို့ ဖယ်ဒရယ်တို့ဘာတို့ အဲဒါ လေးပြောမိတာနဲ့ အချင်းချင်းဆွေးနွေးမိတာနဲ့ ထောင်နှစ်ရှည်ချတယ်။ ဆိုတော့ နအဖက အကျင့်က မပြောင်းသေးဘူး။ သူ့ရဲ့ပေါ်လစီက မပြောင်းသေးဘူး။ (Hard Line Policy)ပေ့ါ။ နိုင်ငံတော်ကြီးအင်ပါယာထူထောင်ရေးပဲ။ ကျနော်တို့တိုင်းရင်းသားတွေကို သူက အပြုတ်ချေမှုန်းရေးပဲ။ အကြမ်းဖက်ပြီးတော့ နှိမ်နင်းမှာပဲ။ အပစ်အခတ်ရပ်စဲရေးသမားတွေလည်း လက်နက်ချ၊ သူ့ရဲ့တပည့်ခံပေ့ါ။ မလုပ်ရင်သူကတော့ အကြမ်းနည်းနဲ့ကိုင်မှာပဲ။ တချို့က သူတို့အလိုတော်ရိတွေရှိတယ်။ နအဖပြောင်းလာပြီလိုလို၊ ဖိအားပေးတာတွေက မမှန်ဘူးတို့။ ဖိအားပေးတာ သူတို့ကနေ ဖိအားပေးနေတာ။ ဒေါ်အောင်ဆန်းစုကြည်တို့ဆို ထောင်ထဲထည့် အဲန်အယ်လ်ဒီလည်းရစရာမရှိအောင်တခါထဲ အဲဒီပေါ်လစီကို သူတို့ကပြောင်းရမယ်"

**ဖဒိုဒေးဗစ်တာကပေါ** (ကရင်အမျိုးသားအစည်းအရုံးပြန်ကြားရေးမှူး)



ကွန်စတီကျူးရှင်းဆိုတာ ရှိသင့်ရှိထိုက်တဲ့အရာပဲ။ သို့သော် မည်ကဲ့သို့ ကွန်စတီကျူးရှင်းဆိုတာကို ကျနော်တို့က သိချင်တယ်။ (၁၀၄) မူတို့၊ မူကြီး (၆) ချက်နဲ့ သွားရမယ့်ကိစ္စမျိုး၊ အဲဒါတွေနဲ့ အကန့်အသတ်နဲ့ရှိတဲ့ကိစ္စမျိုးဆိုရင်တော့ ကျနော်တို့ အက်စ်အဲန်အယ်လ်ဒီအနေနဲ့ လက်မခံနိုင်တဲ့အခြေအနေပါ။ ဒီညီလာခံက ထွက်လာမယ့်ကွန်စတီကျူးရှင်းရဲ့ (Legislative) ကိုပဲ ကျနော်တို့ကြည့်ရမယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ အနိုင် (၈၂) ရာခိုင်နှုန်းရတဲ့ အဲန်အယ်လ်ဒီလည်းမပါဘူး။ (၆၇) နေရာရတဲ့ တိုင်းရင်းသားပါတီတွေကလည်းမပါဘူး။ အဲဒီ နှစ်ပါတီမပါပဲနဲ့ လုပ်တဲ့ညီလာခံကနေထွက်လာတဲ့ ကွန်စတီကျူးရှင်းက ကမ္ဘာကလက်ခံမလား။ သို့မဟုတ် တိုင်းသူပြည်သားက လက်ခံမလား။ နောက်ပြီးတော့ တိုင်းရင်းသားတွေအားလုံးအတွက် အာမခံချက်ဘယ်လောက်ရှိမလဲ။ လုံခြုံမှုအတွက် ဘယ်လောက်ရှိမလဲဆိုတာကို ကျနော်တို့အများကြီး ဒီဟာကိုတွက်ရဦးမှာပါ။ နောက်ပြီးတော့ လက်နက်ကိုင်တိုင်းရင်းသားတွေရဲ့ အခြေအနေ။ လက်နက်ကိုင်တိုင်းရင်းသားတွေကလည်း ရှင်းရှင်းပြောရရင် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲတာက ရှင်းရှင်းပြောရရင် ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘူးလေ။ သူတို့ယုံကြည်တဲ့ သူတို့ကံကြမ္မာ သူတို့ဖန်တီးပိုင်ခွင့် ၊ နောက် သူတို့ရဲ့ ကံကြမ္မာကို သူတို့ ပြဋ္ဌာန်းပိုင်ခွင့်၊ နောက်ပြီးတော့ တန်းတူရေးဆိုတာတွေနဲ့ သူတို့က တောခိုသွားတဲ့အဖွဲ့အစည်းတွေပဲလေ။ အဲဒါတွေမရခဲ့ရင်တော့ ဒီတိုင်းရင်းသားတွေရဲ့ အခြေအနေက ဘယ်လိုရှိမလဲဆိုတာတွေ ဒါတွေလည်း ပြန်စဉ်းစားရမှာပါ"

ဦးခွန်ထွန်းဦး (ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်)



ဒီနှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်တဲ့စီရင်ချက်ဟာ လာမယ့် ဒီဇင်ဘာ (၅) ရက်နေ့မှာ ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံမတိုင်ခင်ဖြစ်ပါတယ်။ ဒီတခေါက် ကျင်းပမယ့် အမျိုးသားညီလာခံဟာနအဖအတွက် အင်မတန်မှအရေးကြီးပါတယ်။ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေအတွက်လည်း အရေးပါပါတယ်။ အရေးပါဆုံးကတော့ အားလုံးသိတဲ့အတိုင်း ဒီညီလာခံကို မဖြစ်မနေတက်နေကြတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေပါပဲ။ ငြိမ်းချမ်းရေးအဖွဲ့တွေဟာ တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းရေးအဖွဲ့ တိုင်းရင်းသားတွေကိုပေးချင်တဲ့ နအဖရဲ့ message လို့ပြောလို့ရပါတယ်။

ဒေါက်တာတင့်ဆွေ (ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရဝန်ကြီး)



ကျနော်တို့အနေနဲ့ကတော့ အခုလက်ရှိအခြေအနေ၊ မျက်မှောက်ကာလအခြေအနေအခု ကျင်းပနေတဲ့ညီလာခံက ကျနော်တို့အတွက် တစုံတရာအကျိုးဖြစ်ထွန်းလာမယ်လို့ ယုံကြည်တယ်။ ဒါကြောင့်မို့ ကျနော်တို့အနေနဲ့ကတော့ ညီလာခံကို ဆုံးအောင်တက်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ အမြင်ကတော့ မတူဘူးပေ့ါ။

ညောင်နှစ်ပင်ညီလာခံကိုယ်စားလှယ်တော်ကြီး ဒေါက်တာတူးဂျာ (ကေအိုင်အို)



တကယ်လို့ အမှားအမှန်ခွဲခြားနိုင်တဲ့ အရည်အချင်းရှိတဲ့ သူတယောက်ဆိုရင် မြန်မာပြည်ဟာ လမ်းကြောင်းမှန်ပေါ်မှာ ရောက်နေတယ်ဆိုတာကို သူသက်သေခံပါလိမ့်မယ်။

ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန် (ညောင်နှစ်ပင်ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ)

" ကျနော်တို့ ကျနော်တို့ခေါင်းဆောင်ကို ထိန်းသိမ်းထားမယ်ဆိုရင် ကျနော်တို့ဘယ်လိုလုပ်တက်တော့မလဲ။ အဲဒါတော့ရှင်းနေတာပဲ။ တကယ်လို့ ဒီအတွင်းမှာ ပြန်လွှတ်မယ်ဆိုရင် ကျနော်တို့ ဒါတော့တက်မှာပဲလေ။ တက်ဖို့လဲဆုံးဖြတ်ထားတာရှိတယ်။ ကျနော်တို့ကတော့ နဂိုတောင်းထားတဲ့အတိုင်းပဲ။ အဲဒီအပေါ်မှာရပ်တည်ပြီး ဆက်ပြီးတော့တင်သွားမှာပဲ။ တကယ်လို့ အဲဒါမှဖြစ်မလာဘူးဆိုရင် နည်းနည်းပဲစဉ်းစားကြည့်ပေ့ါ။ ဘယ်လိုလုပ်ရှေ့ဆက်သွားမလဲ။ ကျနော်တို့က လောလောဆယ်တော့ လက်နက်မစွန့်ရတဲ့အောက်မှာ ဆက်ပြီးတော့ ဆွေးနွေးသွားမှာပဲ။ လက်နက်တွေစွန့်ခိုင်းပြီဆိုရင်တော့ ဘာအဖြေတခုခုရမလာပဲနဲ့ အဲဒီလိုဖြစ်လာမယ်ဆိုရင် အခြေအနေကတော့ တမျိုးဖြစ်မယ်ထင်တယ် "

စဝ်ကိုင်ဖ (ရှမ်းပြည်တပ်မတော်မြောက်ပိုင်း)



ဒီညီလာခံကနေ ဒီမိုကရေစီနိုင်ငံတော်သစ်တခု ပေါ်ပေါက်လာအောင် လုပ်နိုင်လိမ့်မယ်လို့ ကျနော် အပြည့်အဝ ယုံကြည်ပါတယ်။ ဒီညီလာခံကို ဝေဖန်သူတွေဟာ မကောင်းမြင်ရှိသူတွေသာဖြစ်ပါတယ်။

ညောင်နှစ်ပင်ညီလာခံကိုယ်စားလှယ်တော်ကြီး ဦးအောင်ခမ်းထီ (ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်)

"နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားတွေက နအဖ လက်ခုပ်ထဲကရေပါ။ လက်ရှိညီလာခံတက်မဲ့လူတွေ ကိုလည်း စဉ်းစားပေ့ါလေ။ ခွန်ထွန်းဦးအလှည့်ပြီးရင် ကိုယ့်အလှည့်ရောက်မလားဆိုတာ စဉ်းစားဖို့လိုတယ်"

ဦးထောင်ကိုထန်း
(ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်)

# မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူး နိုင်ဟံသာနှင့် လွတ်လပ်သည့်အာရှအသံ တွေ့ဆုံဆွေးနွေးခန်း



မွန်ပြည်သစ်ပါတီအနေနှင့် ဒီဇင်ဘာ (၅) ရက်နေ့တွင်ကျင်းပမည့် နအဖ၏ အမျိုးသားညီလာခံကိုတက်ရောက်မည် မဟုတ်ပေ။ မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူးနိုင်ဟံသာက ညောင်နှစ်ပင်ညီလာခံ မတက်ရခြင်းအကြောင်းကို အာရ်အက်ဖ် အေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ရှင်းလင်းခဲ့ရာ မိုးကြိုးမှပြန်လည်ဖော်ပြလိုက်ပါသည်။

မေး။ ။ မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးနိုင်ဟံသာခင်ဗျာ။ မွန်ပြည်သစ်ပါတီအနေနဲ့ လာမယ့်တနင်္လာနေ့မှာ ကျင်းပမယ့် အမျိုးသားညီလာခံပြန်တက်မတက်ဘူးဆိုတဲ့ကိစ္စ ဆုံးဖြတ်ပြီးပြီလား ခင်ဗျာ။

ဖြေ။ ။ ဟုတ်ကဲ့ ကျနော်တို့ဆုံးဖြတ်ပြီးပါပြီ ဒီလိုပါ ကျနော်တို့က ဒီအမျိုးသားညီလာခံအပေါ်မှာ ဒါပြည်ထောင်စုရဲ့ အနာဂတ်ကံကြမ္မာကို ဆုံးဖြတ်တဲ့ပွဲတခုဖြစ်တယ်လို့ သဘောထားပါတယ်။ ဒါဟာ အလွန်အရေးကြီးတယ် ဒီအပေါ်မှာ ကျနော်တို့ အလွန်အလေးထားပါတယ်။ ဒါပေမယ့်



ဒီအပတ်ကျင်းပမယ့် အမျိုးသားညီလာခံမှာ အဓိကအကြောင်းအရင်းနှစ်ရပ်အပေါ်မှာ အခြေခံပြီးတော့ ကျနော်တို့အဖွဲ့အနေနဲ့ အရင်လို ကိုယ်စားလှယ်မလွှတ်တော့ဘူးလို့ ကျနော်တို့ဗဟိုကော်မတီ အရေးပေါ်အစည်း အဝေးက ဆုံးဖြတ်တယ်။

မေး။ ။ ဟုတ်ကဲ့ မတက်တော့ဘူးဆိုတဲ့ အဓိကအကြောင်းအရင်းနှစ်ရပ်က ဘာပါလဲ ခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့ မလွှတ်နိုင်တဲ့ အကြောင်းအရင်းနှစ်ရပ်ကတော့ (၁) ပထမ အကြိမ်မှာ ကျွန်တော်တို့အဖွဲ့ရဲ့ သီးခြား အမြင်တွေလည်းတင်ခဲ့တယ်။ နောက် (၁၃) ဖွဲ့ ပူးပေါင်းပြီးတော့လည်း အမြင်တွေတင်ခဲ့တယ် ဖြစ်လဲဖြစ်နိုင်မယ့်အချက်မျိုးမှ ကျနော်တို့ ရွေးပြီးတော့မှ တင်ပါတယ်။ ဒါပေမယ့် အဲ့ဒီလို ကျနော်တို့တင်တဲ့အချက်တွေဟာ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်တွေ အခြေခံမှုတွေနဲ့ မကိုက်ညီဘူးဆိုပြီးတော့ သက်ဆိုင်ရာကပေါ့လေ အဲ့ဒါကိုပြင်ဆင်ပေး တာမျိုး ဖြည့်စွက်ပေးတာမျိုးမရှိခဲ့ဘူး။ မှတ်တမ်းအနေနဲ့ပဲ ထားမယ်လို့တော့ဆိုပါ တယ်။ ဒုတိယအကြိမ် ကျနော်တို့သွားပြန် တော့ ဒီလိုအမြင်တွေထပ်တင်ဖို့ အခြေအနေ က မပေးပြန်ဘူးဆိုတာတွေ့ရှိရတယ်။ ဒီ အနေအထားပေါ်မှာ တကယ်လို့ ကျနော် တို့က ထပ်ပြီးတင်ပြနေမယ်ဆိုရင် ကျနော်ဟာ အဲန်စီကို အနှောက်အယှက်ပေးသလိုဖြစ်သွား နိုင်တယ်။ ဒါကို ကျနော်တို့မဖြစ်စေလိုဘူး။

ဒုတိယအကြောင်းကတော့ ကျနော်တို့ ပါတီရဲ့ညီလာခံ အဲ့ဒါကို ကျနော်တို့ သုံးနှစ် တကြိမ်ကျင်းပတယ်။ မကြာခင် ကျနော်တို့ ကျင်းပမယ် အဲ့ဒါနဲ့လဲတိုက်ဆိုင်နေလို့ တက် နိုင်တဲ့အနေအထားမရှိဘူး။ အဲ့ဒီ အခြေခံ အပေါ်မှာ ဆုံးဖြတ်လိုက်တာဖြစ်တယ်။

မေး။ ။ မွန်ပြည်သစ်ပါတီအနေနဲ့ ဒီအမျိုးသားညီလာခံ ဆက်မတက်ပဲနေလိုက် တာဟာ အဲ့ဒီအမျိုးသားညီလာခံကပေါ် ထွက်လာမယ့် အကျိုးဆက်တွေနဲ့ ဆက်နွယ် ပြီးတော့ သမိုင်းတရားခံမဖြစ်လိုတဲ့ သဘော များလားခင်ဗျာ။

ဖြေ။ ။ တခြားဟာတွေကတော့ ဒီအချိန်မှာ ကျနော်မပြောချင်သေးပါဘူး။ သူ့နည်းနဲ့သူတက်ကြပေါ့လေ။ အမျိုးသားညီ လာခံကိုမတက်ဖြစ်ပေမယ့်။ ဒီ (SPDC) အစိုးရနဲ့ပေါ့နော်။ အရင်ကလိုပဲ ဒေသဖွံ့ဖြိုး ရေးတွေ ဒေသငြိမ်းချမ်းရေးတွေ ပူးပေါင်း ပြီးတော့လုပ်ဆောင်သွားမှာပါ။

မေး။ ။ ဒီနေရာမှာပေါ့လေ မြန်မာ စစ်အစိုးရအနေနဲ့ကလည်း သူတို့ရဲ့အမျိုး သားညီလာခံကို အောင်အောင်မြင်မြင်နဲ့ပြီး သွားချင်တဲ့ဆန္ဒတွေရှိနေတဲ့အချိန်မှာ မွန်ပြည် သစ်ပါတီက အခုလိုညီလာခံမတက်ဘူးလို့ ဆုံးဖြတ်တော့ စစ်အစိုးရနဲ့ မွန်ပြည်သစ်ပါတီ ကြားမှာ ဆက်ဆံရေးတင်းမာအောင် ဖန်တီး လိုက်သလိုဖြစ်မသွားဘူးလားခင်ဗျာ။

ဖြေ။ ။ အမျိုးသားညီလာခံက ကိုယ် စားလှယ်အများကြီးပါ ကျနော်တို့ ကိုယ်စား လှယ် (၅) ယောက်မတက်ရုံနဲ့ ဘာမှဖြစ်မ သွားနိုင်ပါဘူး။ ပြီးခဲ့တဲ့အပတ်ကလည်း အက်စ်အက်စ်အေကလည်း မတက်ပါဘူး ဒါဘာမှမဖြစ်နိုင်ဘူး။ တက်ရင် ကျနော်တို့ ဆွေးနွေးပြီးတော့ အမြင်တွေမကြည်လင် မှာလည်း မဖြစ်စေချင်ဘူးလေ အမှန်က အဲ့ဒီ လိုပါ။

မေး။ ။ အရင်ကကျင်းပခဲ့တဲ့ အကြိမ် တွေတုန်းကလည်း အမျိုးသားညီလာခံကို ဒီ အပစ်အခတ်ရပ်ငြိမ်းအဖွဲ့တွေ ပြန်တက်ဖို့ ဖိအားပေးတာမျိုး နောက်တခါ တချို့အဖွဲ့ တွေဆိုလို့ရှိရင် လက်နက်ဖြုတ်သိမ်းဖို့ ဖိအား ပေးခဲ့တာမျိုးတွေ ကျနော်တို့ကြားရပါတယ်။ အဲ့ဒီတော့ မွန်ပြည်သစ်ပါတီရဲ့ အခုလုပ်ရပ် ကြောင့်ပေါ့လေ စစ်အစိုးရဘက်က ပိုပြီးတော့ ဖိအားပေးလာမယ်ဆိုရင် ဘယ်လိုများပြင် ဆင်ထားတာရှိပါသလဲခင်ဗျာ။

ဖြေ။ ။ ဒါကို ကျနော် တို့တွက်ထား ပါတယ်။ ဒီကိစ္စ ကျနော်တို့ မတက်လို့ ကျနော်နဲ့စစ်အစိုးရကြားမှာ ဘာမှပြဿနာ ရှိနိုင်မယ်လို့တော့ မထင်ဘူးလေ။ တကယ်လို ဒီမတက်တဲ့အတွက် ဒါက တဘက်က တမျိုး တမည်အရေးယူလာမယ် ဆိုရင်စသည်ဖြင့် ပေါ့လေ ဒါကလည်းဖြစ်နိုင်မယ်တော့ ကျနော် တို့မထင်ဘူးဖြစ်လာရင် တဘက်ကလည်း သူတို့အတွက်လည်း မကောင်းပါဘူး။ အဲ့ဒီ လိုတော့ သူတို့ လုပ်မှာမဟုတ်ဘူးလို့ ကျနော် တို့တွက်ပါတယ်။

မေး။ ။ နောက်ဆုံးသိချင်တာက အခုဆိုလို့ရှိရင် နိုင်ငံရေးပြဿနာတွေအတွက် စကားပြောဖို့ လမ်းဖွင့်ပေးထားပါတယ်ဆို တဲ့ ဒီအမျိုးသားညီလာခံကို မွန်ပြည်သစ် ပါတီက ဆက်မတက်တော့ကာ နိုင်ငံရေး ပြဿနာတွေကို ဘယ်လိုနည်းတွေနဲ့ရှေ့ဆက် ပြီးတော့ ဖြေရှင်းသွားမှာပါလဲခင်ဗျာ။

ဖြေ။ ။ ဒါကတော့ အခြေအနေကို ဆက်လက်ပြီးတော့ စောင့်ကြည့်ပြီးတော့ အခြေအနေပေးရင်ပေးသလိုပေါ့ ကျနော်တို့ ဆက်လက်ကြိုးစားသွားမှာပါ။❖

**နအဖ၏ ဖိတ်ခေါ်ချက်အရ မွန်ပြည်သစ်ပါတီမှ ညောင်နှစ်ပင်ညီလာခံသို့ လေ့လာသူသုံးဦး တက်ရောက်သည်ဟုသိရသည်။**

## ညောင်နှစ်ပင်ညီလာခံ ပြန်လည်စတင်၊ ရုတ်မက် (၇) ချက်ဖြင့် ခရီးဆက်မည်

(၁၀) စုနှစ် တခုကျော် ကြာညောင်းခဲ့ပြီဖြစ်သော်ငြားလည်း မပြီးဆုံးသေးသည့် နအဖစစ်အစိုးရ၏ အမျိုးသားညီလာခံကို ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်းတွင် ဒီဇင်ဘာ (၅) ရက်နေ့က ပြန်လည်ကျင်းပခဲ့သည်။

ဖွင့်ပွဲနေ့တွင် ညီလာခံကျင်းပရေး



ကော်မရှင်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက "အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး" အပါအဝင် ဦးတည်ချက်ဘောင် (၆) ရပ်အတွင်း ဆွေးနွေးညှိနှိုင်းသွားကြရန် နှင့် ကော်မရှင်ဥက္ကဌ ဒု-ဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့ညီလာခံအောင်မြင်နေသည်ကို မနာလို မရှုဆိတ်သည့် ပြည်တွင်းပြည်ပအဖျက်သမားအုပ်စု၏ ညီလာခံကြီးပျက်ပြားသွားအောင် ဖျက်ဆီးနေသည့် လုပ်ရပ်များကို ပြည်သူ့စွမ်းအားနှင့်ကာကွယ်တားဆီးကြရန် အသီးသီး မိန့်ခွန်းခြွေကြ၏။

အမျိုးသားညီလာခံကို ဘယ်နှစ်ကြိမ်ပဲ ကျင်းပကျင်းပ၊ ကျင်းပချိန်ဘယ်လောက်ပဲ ကြာကြာ၊အရေးမကြီးကြောင်း။ အမျိုးသား ညီလာခံအချိန်ဆက်ကြာ၊ မကြာဆိုတာအ ဖျက်သမားအင်အားစုများက ဘယ်လောက် အနှောက်အယှက်ပေးနေသလဲဆိုသည့် အပေါ်တွင် မူတည်နေသည် ဟုဗိုလ်မှူးချုပ် ကျော်ဆန်းက နိုဝင်ဘာ (၃) ရက်နေ့ သတင်း စာရှင်းလင်းပွဲတွင်ပြော၏။

နအဖ၏ ညောင်နှစ်ပင်ညီလာခံဖွင့်ပွဲသို့ အာရှနှင့်ဂျပန်မှ သံတမန်များတက်ရောက်ခဲ့ သော်လည်း အမေရိကန်နှင့်ဥရောပသံတမန် အချို့က မတက်ရောက်ပဲသပိတ်မှောက်ခဲ့ကြ သည်။

ညီလာခံစတင်ကျင်းပပြီးနောက် တရက် တွင် နအဖ၏ညောင်နှစ်ပင်ညီလာခံ တရား မဝင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန် ကြီးဌာနက တရားဝင်ထုတ်ပြန်ကြေညာသည်။ "ဒီမိုကရေစီနှင့်ဆန့်ကျင်ဖက်အရပ်ဆီ ဦး တည်သွားနေသည့် နအဖအုပ်စု၏ ညောင် နှစ်ပင်ညီလာခံကို အမြန်ဆုံးရပ်တန့်ရန်၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှင့်တိုင်းရင်းသားခေါင်းဆောင်များ အပါအ ဝင်နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံး လွှတ်ပေးပြီး အဓိပ္ပါယ်ပြည့်ဝသည့် ဆွေးနွေး ပွဲများလုပ်ရန်၊ထိုဆွေးနွေးပွဲမှရသည့် သဘော တူညီချက်နှင့် ညီလာခံကိုဆက်လုပ်မှသာ ဒီမို ကရေစီသို့ ဦးတည်သည့် ပထမခြေလှမ်းဖြစ် လာမည်" ဟု ကြေညာချက်တွင် ဖော်ပြထား သည်။

နအဖစစ်အစိုးရ၏ အမျိုးသားညီလာခံ ကို (၁၉၉၀) ရွေးကောက်ပွဲ၌ ပြည်သူများ၏ တခဲနက်မဲပေးထောက်ခံမှုကို ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်း ရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြား တိုင်းရင်းသားပါတီများက မတက်ရောက်ပဲ သပိတ်မှောက်ခဲ့ကြသည်။ ယခင် ညီလာခံ များကို တက်ရောက်ခဲ့သော မွန်ပြည်သစ်ပါတီ ကလည်း ညောင်နှစ်ပင်ကို တက်တော့မည် မဟုတ်ဟုသိရသည်။ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း ကချင်လွတ်လပ်ရေးအဖွဲ့တို့က မူ ညီလာခံပြန်တက်မည်ဖြစ်သည်။

နယ်စပ်ဒေသရှိ အတိုက်အခံအင်အား စုများစုပေါင်းဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ အဲန်စီယူဘီ တပ်ပေါင်းစုက မွန်ပြည်သစ်ပါတီ အမျိုးသား ညီလာခံမတက်ရောက်ခြင်းကို မှန်ကန်သည့် လုပ်ရပ်အဖြစ် ကြိုဆိုလိုက်သည်။

ညီလာခံနှင့်ပက်သက်၍ သတင်းရယူ ရေးသားနိုင်ရန် ( Financial Time) ကဲ့သို့ သော ကမ္ဘာကျော်သတင်းစာအပါအဝင် နိုင်ငံခြားသတင်းထောက် (၄၀)ခန့်ကို နအဖ က ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခဲ့သည်။ ပြည် တွင်းသတင်းဂျာနယ် (၁၅) စောင်ကိုလည်း အမျိုးသားညီလာခံတွင် ဝင်ရောက်သတင်း ယူခွင့်ပြုလိုက်သည်ဟု ရန်ကုန်သတင်းလောက ကဆိုသည်။ ယခင်က ညီလာခံကို နိုင်ငံခြား သတင်းထောက်များသာ တက်ရောက်ခွင့် ရပြီး ညီလာခံကော်မရှင် ဥက္ကဌ၏ အဖွင့်မိန့် ခွန်းခြွေပြီးသွားချိန်ထိသာ သတင်းယူခွင့်ရခဲ့ ကြသည်။❖